မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၂၃၅)

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ မေ ၂၈ ရက်၊ အင်္ဂါနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ထစ်ချုန်းမိုး

၂၈-၅-၂၀၁၃

နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်း တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း ဥက္ကဋ္ဌ Mr.Liao Youngyuan ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ဦးထင်အောင်တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ကျွမ်းကျင်မှုနှင့် နည်းပညာလွှဲပြောင်းပေးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသခံလူထု၏ လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများကို စနစ်တကျလေ့လာသုံးသပ်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း စသည့်အချက်များနှင့် ပြည့်စုံသော တာဝန်သိ ရင်းနှီးမြှုပ်နှံမှုဖြင့် စွမ်းအင်ကဏ္ဍတွင် နှစ်ဦးနှစ်ဖက် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညွန့်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr.Liao Youngyuan ဦးဆောင်သော အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကုန်သွယ်မှု တိုးတက်မြင့်မားစေမည့် မြန်မာ–လာအို ချစ်ကြည်ရေးတံတား

ရေလယ်တိုင် (RP-2) တွင် Jumper နှင့် ကျောက်များအား ထုခြေနေစဉ်။

သတင်းဆောင်းပါး ➢ မောင်မောင်မြင့်ဆွေ

တသွင်သွင်စီးဆင်းနေသော ရေအလျဉ်၊ အရှိန်အဟုန်ဖြင့် စီးဆင်းတတ်သော မဲခေါင်မြစ်၊ မြန်မာနှင့် လာအိုနှစ်နိုင်ငံအကြား ပိုင်းခြားစီးဆင်းနေသည့် မဲခေါင်မြစ်အား ကျော်ဖြတ်ကာ တံတားတည်ဆောက်နေပြီဖြစ်သည်။ တံတားအမည်က မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား။ ဤတံတားကြောင့် မြန်မာနှင့်လာအို နှစ်နိုင်ငံကူးသန်းသွားလာမှု၊ ကုန်သွယ်မှုအပြင် နှစ်နိုင်ငံ ပြည်သူများအချင်းချင်း ရင်းနှီးနွေးထွေးသော ဆက်ဆံမှုများ တိုးတက်ဖြစ်ထွန်းလာတော့မည်။ ဤတံတားကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုမြင့်မားစေသည်သာမက ဒေသတွင်းနိုင်ငံများနှင့်လည်း ဆက်စပ်သွားလာ ကုန်သွယ်ကူးသန်းနိုင်တော့မည် ဖြစ်သည်။

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို မြန်မာနိုင်ငံဘက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်ခွဲရှိ ကျိုင်းလပ်နှင့် လာအိုနိုင်ငံဘက်မှ ဇီယင်ကုတ်-လွမ်နံသာတို့အား မဲခေါင်မြစ်ကိုဖြတ်ကာ ဖောက်လုပ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ လက်ရှိတည်ဆောက်ပြီး နိုင်ငံကူးချစ်ကြည်ရေးတံတားများအနက် အရှည်ဆုံးတံတားလည်း ဖြစ်သည်။

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို တံတားတည်ဆောက်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မတီက အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းကာ အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်သည်။ ဤတံတားကို မြန်မာနှင့်လာအိုတို့က နှစ်ပိုင်းခွဲကာ မြန်မာဘက်တံတားအစိတ်အပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း *စာမျက်နှာ ၉ ကော်လံ ၁* ▲

SUN FAR Travels & Tours Co., Ltd. ၏ Sakura Branch ရုံးခန်းအားလပြည့်ဝန်းပလာဇာ သို့ 01 June 2013 မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်သွားပါမည်။

Sun Far (Sakura Branch) ပြောင်းရွှေ့လိပ်စာသစ်
Unit #03-05A, 3rd Floor, La Pyayt Wun Plaza,
No.37, Alanpya Pagoda Road, Dagon Township,Yangon.

ဖုန်းနံပါတ်များ ပြောင်းလဲခြင်းမရှိပါ။
255 338
255 883

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တည်တံ့ခိုင်မြဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် ဇနီး မစ္စစ် အာကီအာဘေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မေ ၂၄ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ မြန်မာ-ဂျပန် နှစ်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးခဲ့သည့် အစဉ်အလာရှိသော နိုင်ငံများဖြစ်သည်။ ၃၆ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်သည့် အစိုးရအဖွဲ့အကြီးအကဲ ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ၁၉၅၄ ခုနှစ်က စတင်ပြီး သံတမန်အဆက်အသွယ် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းအချိန်မတိုင်မီ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ ကတည်းက မြန်မာ-ဂျပန် ဆက်ဆံရေးသည် ထူးခြားသည့် ဝိသေသများဖြင့် အခြေတည်ပြီး တိုးတက်ခိုင်မြဲလာခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသစ် ပေါ်ထွန်းလာပြီး နောက်ပိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့သည်။ နှစ်နိုင်ငံနှစ်ဖက် အပြန်အလှန်ယုံကြည်မှုကို အခြေခံပြီး ရေရှည်ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်ခဲ့ပေသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ခံသောအားဖြင့် ကျန်ရှိသည့် ကြွေးမြီများ ရှင်းလင်းရေးကို အကောင်အထည်ဖော်ခဲ့ပြီး ဂျပန်အစိုးရသည် မြန်မာနိုင်ငံအား ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများပေးအပ်ရန် ဆုံးဖြတ်ခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ယန်းချေးငွေသစ် ထောက်ပံ့ငွေပေးအပ်ရေး သဘောတူညီမှုစာချုပ်များ လဲလှယ်ခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အဓိကလုပ်ငန်းနယ်မြေသုံးခုအတွက် ယန်းသန်းပေါင်း ၉၁၀၀၀ ကူညီပေးအပ်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို အခိုင်အမာ ဆက်လက်ထောက်ခံ ရပ်တည်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကိစ္စ၊ နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ဒေသဆိုင်ရာ နိုင်ငံတကာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီကြီးများ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်သွားရေးအတွက် အခွင့်အလမ်းနှင့် အလားအလာများကိုလည်း ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းများနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များလည်း ရှိကြသည့်အပြင် အစားအစာနှင့် ဘာသာရေးတွင်လည်း တူညီမှုများစွာရှိကြသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ထူထောင်မှု နှစ်(၆၀)ပြည့်မြောက်မည်ဖြစ်ရာ နှစ်နိုင်ငံအကြားတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံပြည်သူများအကြား နှစ်ပေါင်းများစွာ ကူးလူးဆက်ဆံမှုများမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုကို ပိုမိုဖြစ်ထွန်းစေမည်ဖြစ်သည်။ ရှေးယခင်လူကြီးများက ဆောင်ရွက်လာခဲ့သည့် သမိုင်းဝင် ဂျပန်-မြန်မာဆက်ဆံရေးသည် ချစ်ကြည် ရင်းနှီးမှုများဖြင့် ဆက်လက် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

သိက္ခာထပ်မင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၇

ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ တံဆိပ်တော်ရ ပြည်တွင်း ပြည်ပ သာသနာပြု အောင်စကြာမိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စန္ဒသိရီအား သိက္ခာထပ်မင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာအခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ် အဆိုပါရိပ်သာ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီး ဒေါ်ခင်မလေးတို့က ဆရာတော် ဘဒ္ဒန္တစန္ဒသိရီအား ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်ပူဇော်ကြပြီး**(ယာပုံ)** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်သုံးဆီဆိုင် သတိပေးဆိုင်းဘုတ်ကြော်ငြာများကြားက ဖုန်းပြောနေသူ

နေပြည်တော် မေ ၂၇

စည်းကမ်းလိုက်နာခြင်းသည် ဖွံ့ဖြိုးတိုးတက်သည့် တိုင်းပြည်တစ်ပြည်၏ ပြယုဂ်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံသည် နိုင်ငံတကာတို့အလယ်တွင် စီးပွားရေး၊လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာစသည်ဖြင့် ရင်ပေါင်တန်းနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများ တစ်ဟုန်ထိုးဆောင်ရွက်လျက်ရှိသည်။ သတ်မှတ်ထားသည့် အများပြည်သူလိုက်နာစရာ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာမှသာလျှင် အခြား တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့် နိုင်ငံများနှင့် အမီလိုက်နိုင်ပါလိမ့်မည်။ မေ ၂၆ရက်က နေပြည်တော် တပ်ကုန်းမြို့မှအပြန် စက်သုံးဆီဆိုင်တစ်ခုအတွင်း ဖုန်းမပြောရ၊ မီးသတိပြု စသည့် သတိပေးဆိုင်းဘုတ်များအကြား အမျိုးသားတစ်ဦး ဖုန်းပြောနေသည်ကို တွေ့ရသည်။ သတိပေးချက်များကို မမြင်၍ပဲလား **(ဝဲပုံ)** သက်ဆိုင်ရာ စက်သုံးဆီဆိုင်ဝန်ထမ်းများကလည်း တားဆီးခြင်းမပြုကြပါ။ အခြားနိုင်ငံများအား ရုပ်မြင်သံကြားနှင့် အခြားအဆက်အသွယ်ပေါင်းစုံကနေ ကြည့်ရှု၍ အားကျကြသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ချမ်းသာကြွယ်ဝမှုအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ကို သတိပြုဆင်ခြင်ကာ လိုက်နာကြလျှင်ဖြင့် ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။ ကောင်းမွန်မှန်ကန်သည့် စည်းစနစ်ကျနမှုများဖြင့် တည်ဆောက်ဆဲနိုင်ငံတော်အတွက် အုတ်တစ်ချပ်အနေနှင့်ဖြစ်ဖြစ် စည်းကမ်းလိုက်နာကြစေလိုပါသည်။ **ခင်ရတနာ**

ထင်သာမြင်သာ ပြုပြင်စရာ

စစ်တွေမြို့ မြို့လယ်ရေနုတ်မြောင်းကို ကျောက်စီနံရံတည်ဆောက်မည်

စစ်တွေ မေ ၂၇

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မြို့လယ်ကို ဖြတ်သန်းစီးဆင်းနေသော ဘီလူးမချောင်းအား ပြည်နယ်အစိုးရအဖွဲ့ကကျောက်စီနံရံများ တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဘီလူးမချောင်းသည် စစ်တွေမြို့၏ အဓိက ရေနုတ်မြောင်းတစ်ခုဖြစ်ပြီး မြို့တွင်းမှ ရေဆိုးရေညစ်များကို ထုတ်ပေးရာ အဓိက ရေနုတ်မြောင်း (ချောင်း)ဖြစ်သည်။

သဘာဝ ရေနုတ်မြောင်းများဖြစ်ကာ ရေအတက်အကျ ရှိနေသော်လည်း ချောင်းဘေး ဝဲယာတွင် နေအိမ်များတိုးချဲ့လာခြင်း၊ ပလတ်စတစ်ကဲ့သို့ စွန့်ပစ်အမှိုက်များကို မဆင်မခြင် စွန့်ပစ်ခြင်းများကြောင့် ချောင်းသည်တိမ်ကောလာပြီး မိုးရာသီတွင် ရေစီးရေလာမကောင်းတော့ဘဲ မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ မြို့တွင်းလမ်းများ ရေလျှံလေ့ရှိကြောင်းဖြင့်လည်း ဒေသခံများက ပြောကြသည်။

ဘီလူးမချောင်းခေါ် မြို့လယ်ချောင်းကို ၂၀၁၃-၂၀၁၄ ခုနှစ် တွင် ထပ်မံ တူးဖော်ပေးသွားမည်ဖြစ်ကြောင်းနှင့် ချောင်းဘေး ဝဲယာ တစ်လျှောက် ၁ ဒသမ ၅ မိုင်အတွက် ကျောက်စီနံရံများကို ပြည်နယ်အစိုးရ ရန်ပုံငွေ ခွင့်ပြုငွေကျပ် ၆၇၈ ဒသမ ၃၄ သန်းဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းချက်ကို စည်ပင်သာယာရေးဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကစ္ဆပမီဒီယာ

ဓမ္မာရုံရှေ့ထရန်စဖော်မာတိုင် ပြောင်းရွှေ့ပေးစေလို

ရန်ကုန် မေ ၂၇

လမ်းမတော်မြို့နယ် ၃ ရပ်ကွက် ၇ လမ်း ဓမ္မာရုံရှေ့၌ စိုက်ထူထားသော ထရန်စဖော်မာတိုင်ကြောင့် ဝါတွင်းကာလတွင် လမ်းအတွင်း ဆွမ်းလောင်းပွဲများ၊ တရားဓမ္မ ဝတ်ရွတ်ခြင်းများ ပြုလုပ်ရာတွင် မိုးရာသီ၌ အခက်အခဲနှင့် တွေ့ကြုံရနိုင်သဖြင့် နေရာအပြောင်းအရွှေ့ စိုက်ထူပေးပါရန် ၂၀၁၂ ခုနှစ် အောက်တိုဘာလကုန်ပိုင်းတွင် လမ်းသူ လမ်းသားများ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ အဆင့်ဆင့်သို့ စာတင်ခဲ့သော်လည်း ထူးခြားမှုမရှိ၍ ဝါတွင်းကာလ ရောက်ရှိရန် လအနည်းငယ်သာ လိုတော့ရာ ယင်းထရန်စဖော်မာတိုင်ကို ဓမ္မာရုံနှင့် လွတ်ရာသို့ ပြောင်းရွှေ့ပေးစေလိုကြောင်း လမ်းသူ လမ်းသားများက ထပ်မံပြောဆိုနေကြသည်။

စိတ်မချမ်းမြေ့

ဓမ္မာရုံမျက်နှာစာ၏ တစ်ဝက်ခန့်ပိတ်နေသဖြင့် မိုးရာသီ မိုးရွာချိန်တွင် အမိုးမိုး၍ ဆွမ်းလောင်းရန် ဆွမ်းဟင်းချက်ပြုတ်ခြင်း၊ သံဃဝေယျာဝစ္စအတွက် အသုံးချခြင်းတို့ ပြုလုပ်ရရာအဆိုပါ ထရန်စဖော်မာတိုင်ကြောင့် ၇ လမ်းဓမ္မာရုံ၌ ယခုဝါတွင်းတွင် အခက်အခဲနှင့် တွေ့ကြုံရမည်ဖြစ်သဖြင့် လမ်းသူ လမ်းသားများအနေဖြင့် စိတ်မချမ်းမြေ့ဖြစ်နေရသည်ဟု လမ်းအတွင်းနေထိုင်သူများက ဆိုသည်။

လုပ်ဆောင်

ယင်း ထရန်စဖော်မာတိုင်ကို ပြောင်းရွှေ့စိုက်ထူရေးတွင် လမ်းသူ လမ်းသားများအနေဖြင့် တတ်အားသရွေ့ ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်ဆိုင်

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်သော ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ စည်းဝေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၇

၂၀၁၃ ခုနှစ် ဇန်နဝါရီလက ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ် မြန်မာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့် နေပြည်တော်သဘောတူညီချက်ကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သည့် KOICA, UNDP, JICA UN ESCO, USAID, UNFPA, New Zealand, Italy, Korea, Israel, Japan, ADB, ILO, UN-Habitat, IOM စသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ နှင့် ၂၀ ရက်တို့တွင် နေပြည်တော်၌ ကျင်းပပြီးစီးခဲ့သော 1st Myanmar Development Cooperation Forum (MDCF) ဖိုရမ်တွင် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ထုတ်ပြန်နိုင်ခဲ့သည့် "ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်" (Nay Pyi Taw Accord) ကို နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအားလုံးမှ ထောက်ခံကြပါကြောင်း၊ နိုင်ငံတကာမှ ထိုသို့ အသိအမှတ်ပြုကြိုဆို၍ အောင်မြင်ခဲ့သည်မှာ မိမိတို့နိုင်ငံတွင် ရောက်ရှိနေသည့် ဖွံ့ဖြိုးမှုမိတ်ဖက်ကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါကြောင်း၊ ယခုအခါ ဒုတိယအဆင့်အနေဖြင့် နေပြည်တော် သဘောတူညီချက်အား အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်ရေးဆွဲရာတွင် ကောင်းမွန်သော တိုးတက်မှုများရရှိစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိရောက်သော ဖွံ့ဖြိုးမှုအထောက်အပံ့များ ဖြစ်ပေါ်စေရေးအတွက် အဓိကကျသည့်မူဝါဒများ အကောင်အထည်ဖော်နိုင်ရန်၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများပါဝင်သော လုပ်ငန်းကဏ္ဍအဖွဲ့ (Sectoral Woring Group-SWGs) (၁၅)ဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းအဖွဲ့များနှင့် ကဏ္ဍအလိုက် စိတ်ပါဝင်စားသည့် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများအလိုက် ဖွဲ့စည်းထားသည့် ကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားမှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းအစီအစဉ်များနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍများမှ အဆိုပြုပေးပို့လိုသော လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် လိန်းလီကြိုးတံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ လမ်း / တံတားများ ပြုပြင်ထိန်းသိမ်းလျက်ရှိ

နေပြည်တော် မေ ၂၇

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမှ မိုင်တိုင်(၂၇၁/၄) (ကင်းသာလမ်းဆုံ) (ကင်းသာ-ကိုးကွေ့လမ်းအပိုင်း) ပြုပြင်ထားမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး ကိုးကွေ့လမ်းစခန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ မိုးတွင်းကာလတွင် လမ်းပြုပြင်ထိန်းသိမ်းခြင်းကို ဦးစားပေးဆောင်ရွက်ရန်၊ လမ်း/တံတားများအတွက် ရရှိရန်ပုံငွေများကို အလေအလွင့်မရှိအောင် ထိထိရောက်ရောက် အသုံးပြုရန်၊ လမ်း/တံတားများ ပျက်စီးမှုမရှိစေရေး အမြဲမပြတ် ကြီးကြပ်ကွပ်ကဲပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းထားမှု၊ လိန်းလီကြိုးတံတား ကြံ့ခိုင်မှု၊ မိုင်တိုင်(၄၈/၄)နှင့် (၄၈/၅) ကြား လမ်းချဲ့ခြင်းနှင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပင်လောင်း-အောင်ပန်း လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်တိုင် (၁၄/၇) ရှိ ဘီလူးချောင်းတံတားအသစ် တည်ဆောက်မည့် လျာထားနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် မိတ္ထီလာ-တောင်ကြီးလမ်း(ကလော-ဘုရားငါးဆူအပိုင်း) လမ်းပြုပြင်ခြင်းလုပ်ငန်းကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ယင်းမာပင်လမ်းစခန်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက တောင်ပေါ်လမ်းဖြစ်၍ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများဖောက်လုပ်ပေးရန်၊ အတက်အဆင်းများသည့် အပိုင်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် Guard Rail များ၊ Guard Post များ တပ်ဆင်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ် တစ်သိန်းခုနစ်သောင်းကျော် အကောက်ခွန်ရှင်းလင်းထုတ်ပေးပြီးဖြစ်

ရန်ကုန် မေ ၂၇

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ် အစားထိုးစီမံချက် အပါအဝင် ပြည်ပမှ ဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၅-၅-၂၀၁၃ ရက်အထိ ၁၉ လတာ ကာလအတွင်း အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၁၇၁၃၄၁ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၂၆၂၉၈၄ ဒသမ ၆၈ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၂၇၃၁၂၅ ဒသမ ၉၇ ကျပ်သန်း စုစုပေါင်း ၅၃၆၁၁၀ ဒသမ ၆၅ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန်(CD)နှင့် ကုန်သွယ်လုပ်ငန်းခွန်(CT)များ စည်းကြပ်ကောက်ခံ၍ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၇၀၀၆၇ စီး၊ ကားအရောင်းပြခန်းများအတွက် ၃၈၅၂၀ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြင်ပနေအလုပ်လုပ်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၅၆၇၇၃ စီးတို့ဖြစ်ကြောင်း သိရှိရသည်။

စံအောင်ဖြူ

စေတနာ့ဝန်ထမ်းအဖွဲ့များသို့ ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၂၇

မကွေး၊ သရက်နှင့် ဂန့်ဂေါခရိုင်တို့ရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ယနေ့အချိန်ထိ တစ်နိုင်ငံလုံးမှာ ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားပြီးသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်း စုစုပေါင်း ၁၁၈၄ တို့အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မနှစ်ကထက် ၃ ဒသမ ၁၃ ဆ တိုးမြှင့်ပြီး စုစုပေါင်းကျပ်သန်းပေါင်း ၁၇၁၆ ဒသမ ၆ သန်း တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း ပြောကြားပြီး မကွေးမြို့ ဘိုးဘွားရိပ်သာအတွက် ၃၄ ဒသမ ၁၆ သိန်း၊ သရက်မြို့ ဘိုးဘွားရိပ်သာအတွက် ၆ ဒသမ ၆ သိန်း၊ မကွေးမြို့ လူငယ်ပရဟိတဂေဟာ အတွက် ၂၃၂ ဒသမ ၆၇ သိန်း၊ ဂန့်ဂေါမြို့ လူငယ်ပရဟိတဂေဟာအတွက် ၂၉ ဒသမ ၁၅ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၂၃ ကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ်ခြောက်သိန်းစီ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၄၄၀ ဒသမ ၅၈ သိန်းကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ပြည်ထောင်စုဝန်ကြီးမိသားစုက ငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ မူကြိုကျောင်း၊ ကလေးပြုစုရေးဌာနနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးရုံး ကယ်ဆယ်ရေးဂိုဒေါင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဘိုးဘွားများအား လှူဒါန်းထောက်ပံ့စဉ်။ (သတင်းစဉ်)

ကယားပြည်နယ်ကျောင်းအပ်နှံရေးနေ့ လွိုင်ကော်မြို့၌ကျင်းပ

နေပြည်တော် မေ ၂၇

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကယားပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ကျောင်းအပ်နှံရေးနေ့ သိတင်းပတ်မှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသုံးစာအုပ်များ အခမဲ့ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 (Free to Air) ရုပ်သံလိုင်းကို UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူနိုင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 (Free to Air) ရုပ်သံလိုင်းသစ်ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ လပွတ္တာ၊ ပဲခူးနှင့် မိတ္ထီလာ၊ ဘားအံနှင့် မော်လမြိုင်မြို့တို့တွင် Free to Air စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ယခုအခါ MRTV-4 (Free to Air) ရုပ်သံလိုင်းကို တောင်ငူမြို့နှင့်အနီးတစ်ဝိုက်တွင် လိုင်းနံပါတ် CH-16(488-494 MHz) ဖြင့် ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့် UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

လီကီကျန်နှင့်ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာ မာဂဲလ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုမှုကို ခံယူနေစဉ်။

မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် တရုတ်နှင့်ဂျာမနီ ပူးပေါင်းမှုများမြှင့်တင်

ဘာလင် မေ ၂၇

ဂျာမနီနိုင်ငံတွင် အလည်အပတ်ခရီးရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် လီကီကျန်နှင့်ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာဂဲလ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်အရပ်ရပ်ကို မေ ၂၆ ရက်က ဆွေးနွေးကြသည်။

၎င်းတို့၏ တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နှင့် ဂျာမနီနှစ်နိုင်ငံသည် မဟာဗျူဟာမြောက် မိတ်ဆွေနိုင်ငံများအဖြစ် တည်မြဲရေးတွင်တညီတညွတ်တည်း သဘောစိတ်ဝမ်းညီမျှမှုရရှိရန်နှင့် ရေရှည်နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့ဩဇာ လွှမ်းမိုးနိုင်သော တရုတ်နိုင်ငံနှင့်ဂျာမနီနှစ်နိုင်ငံအရေးနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်လီက "တရုတ်၊ ဂျာမနီ နှစ်နိုင်ငံရင်းနှီးမှုကို နှစ်ဦးနှစ်ဖက်အပြန်အလှန်ဆက်ဆံရေးအရ တည်ဆောက်ပြီးမိတ်ဆွေနှစ်နိုင်ငံအဖြစ် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများနဲ့အညီ အမြဲဖြစ်ထွန်းစေရပါမယ်" ဟု ပြောကြားခဲ့သည်။

ထို့အပြင်တရုတ်နှင့်ဂျာမနီ အကျိုးတူပူးပေါင်းမှုတို့သည် နှစ်နိုင်ငံအကျိုးစီးပွားအတွက်သာ ဖြစ်စေရမည်မဟုတ်ဘဲ မိမိတို့နှစ်နိုင်ငံပေါင်းစည်းမှုက တစ်ကမ္ဘာလုံးအကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဟု ၎င်းက ထပ်လောင်းပြောကြားသွားသည်။ **(ဆင်ဟွာ)**

အဲချိုင်းနားက လေယာဉ်အစင်း ၁၀၀ ဝယ်ယူမည်

ဟောင်ကောင် မေ ၂၇

တရုတ်နိုင်ငံ လေကြောင်းလိုင်းများအနက် ထိပ်ဆုံးနေရာတွင်ရှိသော အဲချိုင်းနား လေကြောင်းလိုင်းနှင့် ၎င်းတို့၏ လေကြောင်းလိုင်းခွဲတစ်ခုဖြစ်သော ရှန်ကျန်အဲလိုင်းတို့အတွက် အဲဘတ်စ် ၃၂၀ လေယာဉ်အစင်းရေ ၁၀၀ ဝယ်ယူရန် စာချုပ်ချုပ်လိုက်ပြီဖြစ်ကြောင်း အဲချိုင်းနားက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ အဲဘတ်စ် ၃၂၀ လေယာဉ်များဝယ်ယူမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၅ ဘီလီယံခန့်ရှိသည်။

ယင်းလေယာဉ်အစင်း ၁၀၀ မှာ ရှန်ကျန်အဲလိုင်းအတွက် အဲဘတ်စ် ၃၂၀ လေယာဉ်အစင်း ၄၀ ဖြစ်ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာတန်ဖိုး ၃ ဒသမ ၄၈ ဘီလီယံဖြစ်သည်။ ရှန်ကျန်အဲလိုင်းအနေဖြင့် ယင်းငွေကြေးများကို အဲချိုင်းနားလေကြောင်းလိုင်းသို့ အရစ်ကျပေးသွင်းရမည်ဖြစ်သည်။ ၎င်းလေယာဉ်များမှာ ရှန်ကျန်လေကြောင်းလိုင်းအတွက် ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်အကြား ထုတ်လုပ်ပေးမည်ဖြစ်သည်။

လေယာဉ်အစင်း ၆၀ ကို အဲချိုင်းနားလေကြောင်းလိုင်းခွဲများဖြစ်သည့် ဟောင်ကောင်လေကြောင်းလိုင်းနှင့် ရှန်ဟိုင်း လေကြောင်းလိုင်းများအတွက်ဖြစ်သည်။

ယင်းလေယာဉ်အစင်း ၆၀ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၇ ဘီလီယံရှိကြောင်းသိရပြီး ၂၀၁၄ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ထုတ်လုပ်ပေးရမည်ဖြစ်သည်။ **(ဆင်ဟွာ)**

မာလီမှ ပြင်သစ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

ဘာမာကို မေ ၂၇

မာလီနိုင်ငံ မြောက်ပိုင်းတွင် အစ္စလာမ္မစ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများအား တိုက်ခိုက်နှိမ်နင်းပြီးနောက် လေးလအကြာ ယခုအချိန်၌ မာလီနိုင်ငံမှ ပြင်သစ်တပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မာလီနိုင်ငံ မြို့တော်ဘာမာကို မြို့အပြင်ဘက်ရှိ စစ်အခြေစိုက်စခန်းတစ်ခုမှ ပြင်သစ်တပ်ဖွဲ့ဝင်များ တင်ဆောင်ထားသော ထရပ်ကားအစီး ၈၀ခန့်ပါရှိသည့် ယာဉ်တန်းသည် အိမ်နီးချင်း အိုင်ဗရီကို့စ်တောင်ပိုင်းဆီ ဦးတည်မောင်းနှင်ထွက်ခွာမည်ဖြစ်သည်။

မာလီရှိ ပြင်သစ်တပ်ဖွဲ့ဝင် ၄၀၀၀အနက် အချို့ကို ပြီးခဲ့သည့်ဧပြီလကတည်းကပင် စတင်ရုပ်သိမ်းနေခြင်းဖြစ်သည်။ ပြင်သစ်တပ်ဖွဲ့ဝင်များ တာဝန်ယူခဲ့သည့် မာလီနိုင်ငံနယ်မြေများကို မာလီတပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို အစားထိုးတာဝန်ယူစေရန် စီစဉ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းတာဝန်ယူမှုကို လာမည့် ဇူလိုင်လ၌ ဖြန့်ကြက်ထားနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး မာလီနိုင်ငံ ရွေးကောက်ပွဲဖြစ်မြောက်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ဂျာအနီးပြင်သစ်တို့ လုပ်ကိုင်နေသော ယူရေနီယံသတ္တုမိုင်းတစ်တွင်း နှင့်စစ်စခန်းအချို့ကို အစ္စလာမ္မစ်လက်နက်ကိုင်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ၂၀ ဦး သေဆုံးခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားပြီး နှစ်ရက်အကြာတွင် ပြင်သစ်တပ်ဖွဲ့ဝင်များ မာလီနိုင်ငံမှ ရုပ်သိမ်းရန် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖြန့်ချခဲ့

မာလီနိုင်ငံ မြောက်ပိုင်းတွင် အစ္စလာမ္မစ်လက်နက်ကိုင်များ တိုက်ခိုက်မှု အရှိန်မြှင့်တင်လာမှုကြောင့် ပြင်သစ်တပ်ဖွဲ့ဝင်များ ပြီးခဲ့သည့် ဇန်နဝါရီလက ကြားဝင်ထိန်းသိမ်းမှုအနေဖြင့် ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ဆီးရီးယားသို့ စစ်လက်နက်ထောက်ကူမှုများ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးမည်

ဒမတ်စကတ် မေ ၂၇

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဆီးရီးယားအားပိတ်ဆို့မှုများဖြေလျှော့ရေးနှင့် သူပုန်အုပ်စုများကို လက်နက်ပံ့ပိုးနေမှုစသည့်ကိစ္စများကို ဆွေးနွေးသွားရန်ရှိကြောင်း ဘီဘီစီသတင်းတွင် မေ ၂၇ရက်က ဖော်ပြသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟာဂူးက လက်ရှိဆီးရီးယားအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများကို အချေအတင်ဆွေးနွေးသွားနိုင်ဖွယ်ရှိသည်ဟု ယုံကြည်လျက်ရှိသည်။

ဆီးရီးယားပိတ်ဆို့မှုသည် အမိန့်သက်ဝင်မှု အချိန်ကာလသိပ်မကျန်တော့ဘဲ ယခုသီတင်းပတ်အကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ ယခုကဲ့သို့ ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများက ဆွေးနွေးဆုံးဖြတ်မှုများ ချမှတ်လိုခြင်းဖြစ်သည်။

ဆန့်ကျင်ကြ

ဝန်ကြီး ဝီလျံဟာဂူးက ဆီးရီးယားပဋိပက္ခအတွင်း အတိုက်အခံများဘက်ရှိတပ်ဖွဲ့များသို့ လက်နက်ပေးပို့မှုများကို ပြုပြင်ပြောင်းလဲစေလိုသော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတချို့ကမူ စစ်လက်နက်ပံ့ပိုးမှုပိတ်ပင်မိန့် အဆုံးသတ်ခြင်းကို လုံးလုံးလျားလျား ဆန့်ကျင်ကြသည်။

စောစောပိုင်းက ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်မူယာလမ်က နောက်လာမည့်လအတွင်းဂျီနီဗာတွင် ရုရှားနှင့်အမေရိကန်တို့ တွေ့ဆုံဆွေးနွေးနိုင်သည့် နိုင်ငံတကာငြိမ်းချမ်းရေးကွန်ဖရင့်သို့ ဆီးရီးယားအစိုးရကမပျက်မကွက် တက်ရောက်မည့်အကြောင်း အတည်ပြုပြောကြားသည်။

"နိုင်ငံရဲ့ ပဋိပက္ခများကို နိုင်ငံရေးအရ ဖြေရှင်းရာမှာ ဒီနိုင်ငံတကာငြိမ်းချမ်းရေး ကွန်ဖရင့်က အခွင့်အလမ်းကောင်းတစ်ရပ်ပါ"ဟု ၎င်းကဆိုသည်။ ပဋိပက္ခဆူပူအုံကြွမှုများအတွင်းဆီးရီးယားပြည်သူ ၈၀၀၀၀ ထက်မနည်း အသက်စတေး ဆုံးပါးခဲ့ရကြောင်း ကုလသမဂ္ဂက ကြေညာထားသည်။

လတ်တလော ဆီးရီးယား အစိုးရ အတိုက်အခံ အင်အားစုများက အဆိုပါ ညီလာခံကို တက်ရောက်ရေး မတက်ရောက်ရေး ဆွေးနွေးဆဲဖြစ်သည်။ သို့သော် အုပ်စုအသီးသီးမှ ပြောရေးဆိုခွင့်ရှိသူများက သမ္မတဘာရှာအာဆတ်ရာထူးမှဆင်းပေးပါက ညီလာခံသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ဆိုသည်။ **(ဘီဘီစီ)**

အလွန်သေးငယ်သော ကင်မရာသစ်တစ်မျိုး ဂျပန်နိုင်ငံ တီထွင်

တိုကျို မေ ၂၇

ပစ္စည်းအရွယ်အစားသေးသေးကွေးကွေးဆန်းဆန်းပြားပြား ထုတ်လုပ်လေ့ရှိသည့် ဂျပန်နိုင်ငံသည် ယခုအခါ လုံးဝသေးငယ်သော အသုံးဝင်ကင်မရာ အမျိုးအစားသစ်တစ်မျိုးကို ထပ်မံထုတ်လုပ်လိုက်ပြီဖြစ်သည်။

Thanko ဟုခေါ်သော ၎င်းကင်မရာငယ်သည် မှန်ပြားမဲ့ ပုံရိပ်ဆွဲယူချုံ့ချဲ့နိုင်သော ကင်မရာဖြစ်သည်။ ကင်မရာ၏ အရွယ်အစားမှာ (၂၈×၃၃×၂၈) မီလီမီတာရှိပြီး အလေးချိန်မှာ ၁၇ ဂရမ်မျှသာရှိသည်။ ဓာတ်ပုံ၊ ဗီဒီယိုနှစ်မျိုးလုံး ရိုက်ကူးနိုင်ပြီး ဓာတ်ပုံ၊ ဗီဒီယိုဖိုင်များကို micro SD card ဖြင့် သိမ်းထားနိုင်သည်။ အားသွင်းလိုပါက USB ကြိုးမှတစ်ဆင့် အားသွင်းနိုင်မည်ဖြစ်သည်။ အဆိုပါကင်မရာတွင် အလိုအလျောက်အလင်းအမှောင် ချိန်ညှိပေးမည့် ကိရိယာပါဝင်သည်။ ၎င်းကင်မရာသည် မျှော်လင့်ထားသည်ထက် ပို၍ အသုံးဝင်နိုင်မည်ဟု ဆိုထားသည်။ **(ဂျပန်တုဒေး)**

ကွာတာပေး ဘိုးဘွားရိပ်သာ မီးလောင်မှုတရားခံရော်ဂျာဒင်း (ဘီးတပ်ကုလားထိုင်တွင် အောက်ဆီဂျင်ပိုက်ဖြင့် အသက်ရှူလျက်ရှိသူ)။ အေအက်ဖ်ပီ

ဆစ်ဒနီရှိ ဘိုးဘွားရိပ်သာမီးလောင်မှု သူနာပြုဖြစ်သူ တရားခံအဖြစ်အပြစ်ဝန်ခံ

ဆစ်ဒနီ မေ ၂၇

ဩစတြေးလျနိုင်ငံ ဆစ်ဒနီတွင်ဖြစ်ပွားခဲ့သည့် လူ ၁၁ ဦးသေဆုံးခဲ့သော ဘိုးဘွားရိပ်သာ မီးလောင်မှုနှင့်ပတ်သက်ပြီး သူနာပြုတစ်ဦးက အပြစ်ရှိသည်ဟု ဝန်ခံလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် မေ ၂၇ ရက်က ဖော်ပြသည်။

ကွာတာပေးဘိုးဘွားရိပ်သာတွင် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၈ ရက်ကမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းအမှုနှင့် ပတ်သက်ပြီး အသက် ၃၇ နှစ်ရှိ ရော်ဂျာဒင်းဆိုသူကို စစ်ဆေးမေးမြန်းနေခြင်းဖြစ်သည်။

ယင်းမီးလောင်မှုဖြစ်ပွားခဲ့သည့် ဘိုးဘွားရိပ်သာတွင် အဘိုးအဘွား ၈၀ ကျော်ထက်မနည်း ခိုလှုံနေထိုင်ပြီး မီးလောင်မှုဖြစ်ပွားချိန်က နေရာတွင်ပင် ငါးဦးသေဆုံးခဲ့သည်။ ကျန်ခြောက်ဦးမှာ ရရှိဒဏ်ရာများကြောင့် ဆေးရုံတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

သူနာပြုဖြစ်သူ ရော်ဂျာဒင်းသည် အများသူငါအထိတ်တလန့် သွေးပျက်ခြောက်ခြားဖြစ်စေမှု စွဲဆိုချက်ရှစ်ချက်ကိုလည်း ဝန်ခံထားသည်။ ၎င်းကို နောက်ပိုင်းရက်အနည်းငယ်အတွင်း ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဘီဘီစီ)**

Apple-1 ကွန်ပျူတာ ဒေါ်လာခြောက်သိန်းကျော်ဖြင့်ရောင်း

ဘာလင် မေ ၂၇

၁၉၇၆ခုနှစ်ထုတ် မူလ Apple ကွန်ပျူတာတစ်လုံးကို ဂျာမနီနိုင်ငံတွင် လေလံတင်ရောင်းချခဲ့ရာ ယူရိုငွေ ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၅၀၀၀၀) ကျော် ရရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

Apple-1 ကိုကွန်ပျူတာပညာရှင်ကြီး စတိဗ်ဂျော့နှင့် စတိဗ်ဝိုဇနက်တို့နှစ်ဦး ပူးတွဲတီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး မူရင်းအစဦးဆုံးအဖြစ် ကွန်ပျူတာအလုံး ၅၀ ထုတ်လုပ်ခဲ့သည်။ ယခုအချိန်တွင် ထိုကွန်ပျူတာများတွင် ကောင်းကောင်းအသုံးပြု၍ရနေသောကွန်ပျူတာမှာ ခြောက်လုံးသာရှိပြီး ယင်းအထဲမှ တစ်လုံးသည် လေလံဈေးကွက်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

လေလံတင်ရောင်းချခဲ့သည့် ယခုကွန်ပျူတာတွင် motherboard တစ်လုံးသာပါရှိသည်။ လေလံတင်ရောင်းချရာတွင် ဝယ်ယူသွားခဲ့သူမှာ အာရှမှဖြစ်ကြောင်း၊ အမည်ဖော်ပြခြင်းမရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းက Apple-1 ကွန်ပျူတာတစ်လုံး လေလံတင်ရာတွင် ယူရို ၄၉၀၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့သည်။ Apple-1 ကွန်ပျူတာများကို အလုံးရေ ၂၀၀ ခန့်ထုတ်လုပ်ခဲ့ကြောင်း၊ ယခုတွင် ၄၆ လုံးသာကျန်ရှိပြီး အသုံးပြု၍ရနေသေးသည့် အလုံးရေမှာခြောက်လုံးသာရှိကြောင်း သိရသည်။ **(ဘီဘီစီ)**

ဆူဒန်နိုင်ငံ တောင်ခါဒိုဖန်တွင် သူပုန် ၇၀ ထက်မနည်း သေဆုံး

ခါတွန် မေ ၂၇

ဆူဒန်အစိုးရတပ်ဖွဲ့သည် နိုင်ငံတွင်းရှိတောင်ခါဒိုဖန်ပြည်နယ် အယ်လ်ဒန်ဒါရိုဒေသ၌ တိုက်ခိုက်မှုတွင် တော်လှန်ရေးရှေ့တန်းသူပုန် ၇၀ ကျော် ထက်မနည်းကို သုတ်သင်ချေမှုန်းခဲ့ကြောင်း ယင်းတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ သူပုန် ၇၀ ကျော်ထက်မနည်း ချေမှုန်းသုတ်သင်ခဲ့ပြီး ကျန်သူများမှာ ယင်းဧရိယာအတွင်း ထွက်ပြေးသွားကြကြောင်း ဆူဒန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သည့် အယ်လ်ဆာဝါမိုင်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ **(ဆင်ဟွာ)**

အစ္စရေး – ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ

မောင်မဟာ

အရှေ့အလယ်ပိုင်းဒေသမှာ မတည်ငြိမ်မှုတွေဖြစ်ပေါ်နေချိန် အစ္စရေးသမ္မတရှီမွန်ပီရက်စ်က ပါလက်စတိုင်းတို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြန်လည်ကျင်းပမယ်လို့ ထုတ်ဖော်ပြောကြားလိုက်တာမို့ တိုးတက်တဲ့ပြောင်းလဲမှုခြေလှမ်းတွေ စတင်တော့မယ့် နိမိတ်ပုံအဖြစ် ကမ္ဘာ့အသိုင်းအဝိုင်းက စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။

ဂျော်ဒန်နိုင်ငံမှာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပတဲ့ အချိန်အတွင်း သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့ သတင်းစာရှင်းလင်းပွဲမှာ အစ္စရေး သမ္မတရှီမွန်ပီရက်စ်က အခုလို ထုတ်ဖော်ပြောကြားလိုက်တာပဲ ဖြစ်ပါတယ်။ ဒီလို ငြိမ်းချမ်းရေးဆွေးနွေးဖို့ ပြောကြားလိုက်တဲ့အတွက် အမျိုးမျိုးသော ထင်မြင်ယူဆချက်တွေ ဖြစ်ပေါ်ကောင်းဖြစ်ပေါ်နိုင်ပေမယ့် မိမိတို့ကတော့ ရှင်းလင်းတဲ့ စိတ်ခံစားချက်နဲ့ ပြောကြားခြင်းဖြစ်တယ်လို့လည်း သမ္မတရှီမွန်ပီရက်စ်က ပြောကြားပါတယ်။

ပါလက်စတိုင်းတို့အနေနဲ့ရော မိမိတို့အတွက်ပါ ဒီလိုငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဖြစ်ပေါ်လာဖို့ အခွင့်အရေးကို လက်လွှတ်မခံဘဲ အကျိုးရှိစွာအကောင်အထည်ဖော် ဆောင်ရွက်သင့်တယ်လို့လည်း သမ္မတရှီမွန်ပီရက်စ်က ထပ်မံပြောကြားလိုက်ပါတယ်။

ဆွေးနွေးပွဲမှာ နှစ်ဦးနှစ်ဖက်စလုံးအတွက် ကွဲလွဲချက်တွေရှိလာနိုင်ပေမယ့် ဖြစ်နိုင်ခြေရှိတဲ့အချက်တွေကို ဦးစားပေးဖြေရှင်းသွားမယ်လို့လည်း ဆိုနေပြန်ပါတယ်။ နှစ်ဦးနှစ်ဖက်စလုံးဟာ ငြိမ်းချမ်းရေးကို ရှေးရှုပြီး ဆွေးနွေးမှုတွေ စတင်သင့်တဲ့ အရေးကြီးတဲ့ အချိန်လည်းဖြစ်ပါတယ်လို့ သမ္မတရှီမွန်ပီရက်စ်က ထုတ်ဖော်ပြောကြားပါတယ်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ရောက်နေတဲ့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကတော့ အစ္စရေးတို့ဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြန်လည်ကျင်းပနိုင်တဲ့ စိတ်ဆန္ဒရှိနေတယ်ဆိုတာ ဖော်ပြလိုက်ခြင်းဖြစ်ပြီး ဒါဟာ အရေးကြီးတဲ့ အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် မာမွတ်အဘတ်စ်က အစ္စရေးတို့အနေနဲ့ ဖမ်းဆီးထားတဲ့ ပါလက်စတိုင်းအကျဉ်းသားတွေ ပြန်လွှတ်ပေးရေး၊ ပါလက်စတိုင်းပြည်သူများ ဘေးကင်းစွာနေထိုင်နိုင်ရေး၊ ပါလက်စတိုင်းနယ်မြေများ သိမ်းပိုက်မှု အဆုံးသတ်ရေးစတဲ့အချက်အလက်တွေကို ဦးစားပေးဆောင်ရွက်သင့်တယ်လို့ ဆိုပါတယ်။

မာမွတ်အဘတ်စ်က အစိုးရသစ်ဖွဲ့စည်းဖို့အတွက် လာမယ့် သီတင်းသုံးပတ်အတွင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ပါလက်စတိုင်းဝန်ကြီးချုပ် ဆလမ်ဖာယက်က ပြီးခဲ့တဲ့ သီတင်းပတ်ကပဲ ရာထူးက နုတ်ထွက်ခဲ့တာမို့ ဝန်ကြီးချုပ်နေရာကို အစားထိုးဖို့ အမြန်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အစ္စရေးက အဆိုပြုထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ ဘယ်အချိန်စတင်မလဲဆိုတာကတော့ မကြာခင်ပေါ်ထွက်လာမှာဖြစ်ပြီး အဲဒီဆွေးနွေးပွဲ အခြေအနေကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

အချိုရည်ဘူးသောက်က ကျောက်ကပ်ကျောက်တည်နိုင်

တစ်နေ့လျှင် အချိုရည်တစ်ဘူးနှုန်းကျ ပုံမှန်လိုလိုသောက်သုံးတတ်သည့် အရွယ်ရောက် လူကြီးလူငယ်မရွေးသည် အချိုရည် နေ့စဉ်သောက်တတ်သည့် အကျင့်မရှိဘဲ ရံဖန်ရံခါသာ သောက်တတ်သူများမှာထက် ကျောက်ကပ်တွင် ကျောက်တည်ခြင်း ဝေဒနာခံစားရရန် ယေဘုယျအားဖြင့် အလားအလာပိုများကြောင်း သုတေသနတစ်ရပ်က ဆိုသည်။

ကျောက်ကပ် ကျောက်တည်ခြင်းနှင့်ပတ်သက်ပြီး အချိုရည်သောက်သုံးမှုနှင့် ဆက်စပ်မှုကို အတည်ပြုထောက်ခံနိုင်ရေး သုတေသနပြုရာတွင် အချိုရည်သောက်သုံးသည့် ပမာဏကိုထိန်းသင့်သည်ဟုဆိုသည်။ သစ်သီးအချိုဓာတ်ပါဝင်မှုသည် အဓိကမကျဘဲ သောက်သုံးသည့် ပမာဏသည်သာ ကျောက်ကပ်အန္တရာယ်အတွက် အရင်းခံတစ်ရပ်ဟု သုတေသနပြုခဲ့သည့် ပညာရှင်တစ်ဦးက ပြောကြားသည်။

ကျောက်ကပ် ကျောက်တည်ခြင်းကို ကာကွယ်ရမည့်နည်းလမ်းများကို ဝေဒနာရှင်များဘက်က မေးမြန်းမှုများရှိကြောင်း၊ ထိုအခါတွင် သဘာဝသစ်သီးဖျော်ရည်များသာ သောက်သုံးသင့်သည်ဟု အကြံပြုခဲ့ကြောင်း သုတေသနစာတမ်းရေးသားသူ ဒေါက်တာဂရေးကာဟန်က ဆိုသည်။

"လူနာတွေက ဘယ်လိုဖျော်ရည်မျိုးကိုသာ သောက်သင့်ပါသလဲ၊ ဖျော်ရည်မျိုးစုံ အများအပြားရှိနေတဲ့ကြားက ဘယ်လိုရွေးချယ်ရမလဲဟု မေးမြန်းတတ်ကြတယ်။ ကျွန်တော်တို့အဖွဲ့က လူပေါင်းနှစ်သိန်းနီးပါးနဲ့ သုတေသနပြုပြီးတော့မှ အကြံပြုချင်တာက သဘာဝမဟုတ်တဲ့ အဖျော်ယမကာအမျိုးအစားကသာ အဓိက ရောဂါဖြစ်စေရတဲ့ အကြောင်းလို့ပဲ ဆိုချင်ပါတယ်"ဟု ဘရစ်ချ်ဟမ်ဆေးသိပ္ပံကျောင်းနှင့် အမျိုးသမီးဆေးရုံမှ ဒေါက်တာဂရေးက ဆက်လက်ပြောကြားသည်။

အသင့်သောက်သုံးနိုင်သော အဖျော်ယမကာ အချိုရည်သောက်သုံးမှုသည် ကျောက်ကပ် ကျောက်တည်ခြင်းကို အန္တရာယ်ပေးနိုင်ကြောင်း၊ သဘာဝသစ်သီးဖျော်ရည်သောက်သုံးမှုက ကျန်းမာရေးကောင်းကျိုးဖြစ်စေနိုင်ကြောင်း ၎င်းသုတေသနပြုချက်အရသိရသည်။

မောင်သံဆင့်–ရေးသည်

နိုင်ငံတကာသတင်း

မြေယာပြုပြင် ပြောင်းလဲရေး သူပုန်နှင့်အစိုးရသဘောတူညီ

ကိုလံဘီယာအစိုးရနှင့် လက်ဝဲဖတ်စ်သူပုန်အဖွဲ့တို့သည် ခြောက်လကြာ ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြပြီးနောက် မြေယာပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ သဘောတူညီချက် ရရှိထားပြီးဖြစ်ကြောင်း မေ ၂၆ရက်က ဘီဘီစီ သတင်းတွင် ဖော်ပြသည်။ အဆိုပါ မြေယာပြုပြင်ပြောင်းလဲမှုကို ကိုလံဘီယာ ကျေးလက်ဒေသများမှ စတင်မည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။ မြေယာပြုပြင်ပြောင်းလဲရေးကိစ္စသည် ကိုလံဘီယာနိုင်ငံ၏ ဆယ်စုနှစ်ငါးစုကြာ ဖြစ်ပွားခဲ့သော ပဋိပက္ခ၏ အဓိက ဆွေးနွေးသောအကြောင်းအရာဖြစ်သည်။

. . . .

လိင်တူလက်ထပ်ခွင့်ဥပဒေ ပြင်သစ်ပြည်သူများဆန့်ကျင်

ပြင်သစ်နိုင်ငံတွင် လိင်တူလက်ထပ်နိုင်သည့် ဥပဒေထွက်ပေါ်လာပြီးနောက် ယင်းဥပဒေကို ပြည်သူထောင်ပေါင်းများစွာတို့က ဆန့်ကျင်ဆန္ဒပြခဲ့ကြောင်း မေ ၂၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ပါရီမြို့၌ ပြုလုပ်သည့် အဆိုပါဆန့်ကျင်ဆန္ဒပြပွဲတွင် လူပေါင်း ၁၅၀၀၀၀ စတင်ဆန္ဒပြရာမှ လူပေါင်းတစ်သန်းအထိ ပါဝင်လာခဲ့ကြောင်း ရဲတပ်ဖွဲ့က ခန့်မှန်းပြောကြားသည်။ ယင်းသို့ ဆန္ဒပြရာမှ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၀၀ နီးပါးကို ဖမ်းဆီးထားသည်။ အဆိုပါ လိင်တူအချင်းချင်း လက်ထပ်နိုင်သည့် ဥပဒေကို ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က လွန်ခဲ့သော သတင်းပတ်တွင် လက်မှတ်ရေးထိုးအတည်ပြုထားသည်။

. . . .

ဟစ်ဇ်ဘိုလာတို့ ပစ်မှတ်ထားတိုက်ခိုက်ခံရပြီ

လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်မြို့တောင်ပိုင်း၌ ဒုံးကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ရာ လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း မေ ၂၆ရက်က သတင်းဖော်ပြသည်။ ဟစ်ဇ်ဘိုလာတို့ ထိန်းချုပ်ထားသော အဆိုပါခရိုင်တွင် ဒုံးကျည်နှစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်းလည်း တာဝန်ရှိသူများနှင့် ဒေသခံများက ပြောကြားသည်။ ယင်းမှာ အိမ်နီးချင်း ဆီးရီးယားတင်းမာမှုမှ တစ်ဆင့်ကူးစက်လာခြင်းဖြစ်သည်။ ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟက်ဆန်နာဆရဲလာက ဆီးရီးယားအစိုးရဘက်မှ ဝင်တိုက်ပြီး အနိုင်ရယူမည်ဟု ပြောကြားပြီးနောက် ထိုကဲ့သို့ ၎င်းတို့နေထိုင်ရာဒေသကို ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခံရခြင်းဖြစ်သည်။

မြင့်မောင်စိုး–စုစည်းသည်

ဗီးနပ်စ်နှင့်ဂျူပီတာဂြိုဟ်ကို တောက်ပစွာ မြင်တွေ့ရနိုင်

ဗီးနပ်စ်နှင့် ဂျူပီတာဂြိုဟ်များကို အာကာသ၌ ယခုလအတွင်း တောက်ပသောအလင်းဖြင့် ထူးခြားစွာမြင်တွေ့ကြရမည်ဖြစ်ပြီး မာကျူရီဂြိုဟ်သည်လည်း အာကာသ၌ အဆိုပါ ဂြိုဟ်များနှင့်အပြိုင်တောက်ပစွာ မြင်တွေ့ရမည်ဖြစ်ကြောင်း အမေရိကန် အာကာသသုတေသနပညာရှင်များက မေ ၂၇ ရက်၌ ပြောကြားသည်။

ဗီးနပ်စ်ဂြိုဟ်သည် နေနှင့်ဒုတိယအနီးကပ်ဆုံးသို့ ရောက်ရှိနေပြီး ဂျူပီတာဂြိုဟ်သည် အင်္ဂါဂြိုဟ်အနောက်ဘက်တွင် တည်ရှိသည့် အနေအထားရှိနေရာ ဂြိုဟ်တစ်ခုနှင့်တစ်ခု မိုင် ၁၀သန်းခန့်မျှ ကွာဝေးလျက်ရှိသည်။ သို့ရာတွင် ယခုလအတွင်း ဂြိုဟ်တစ်ခုနှင့်တစ်ခုသည် အလွန်နီးကပ်သော အနေအထားသို့ ရောက်ရှိလာမည်ဖြစ်ပြီး သေးငယ်သော မာကျူရီဂြိုဟ်သည်လည်း အတွင်းပိုင်းသို့ ပိုမိုရောက်ရှိလာမည့် အနေအထားရှိနေသည်ဟု ဆိုသည်။

အာကာသအတွင်း မေ ၂၆ရက်က နေဝင်ပြီးနောက် မိနစ် ၃၀ခန့်မှ စတင်ကာ အနောက်ဘက်ကောင်းကင်တွင် အလွန်တောက်ပသော ဂြိုဟ်သုံးခု၏ အနေအထားကို တွေ့မြင်ခဲ့ရသည်။ ယင်းမှာ အလွန်ရှားပါးထူးခြားသော အခြေအနေဖြစ်ကြောင်း နာဆာမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ဤသို့ဖြစ်စဉ်သည် ၂၀၁၁ခုနှစ် မေလက နောက်ဆုံးအကြိမ်ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုလအတွင်း ထပ်မံဖြစ်ပေါ်နိုင်မည်ဖြစ်ရာ လာမည့် ၂၀၁၅ခုနှစ် အောက်တိုဘာလမတိုင်မီ အထိ ထပ်မံဖြစ်ပေါ်နိုင်ဖွယ်မရှိကြောင်း အမေရိကန် အာကာသအေဂျင်စီမှ ၎င်းတို့၏ ဝက်ဘ်ဆိုက်၌ ရေးသား ဖော်ပြထားသည်။

အာကာဟိန်း –ရေးသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လူမှုအဖွဲ့အစည်းနှင့် ဖေ့စ်ဘွတ်(ခ်) ယဉ်ကျေးမှု

ကျော်ကျော်လှိုင်(SMART)

၁၀နှစ်သမီးလေး ဗီဗီကာအတွက် ၂၀၁၀ခုနှစ် ခရစ်စ္စမတ်မတိုင်မီ အဖိုးမဖြတ်နိုင်သော ခရစ်စမတ်လက်ဆောင်ရရှိခဲ့ပါသည်။ ရရှိခဲ့သည့် လက်ဆောင်သည်ကား သူမအသက်ရှင်ခွင့်ပင်ဖြစ်သည်။ ဗီဗီကာသည် ကျောက်ကပ်အစားထိုးကုသရန် ကျောက်ကပ်အရေးပေါ် လိုအပ်နေသူဖြစ်ပါသည်။ ဗီဗီကာသည် ကျောက်ကပ်ဆေးသည့်စက်ဖြင့် တစ်နေ့ ၁၂ နာရီဆေးမှ အသက်ရှင်နေရသည်မှာ သုံးနှစ်ရှိနေပါပြီ။ အသက်ရှင်ရန်အတွက် နေ့စဉ် နာကျင်မှုပေါင်းများစွာဖြင့် အပြင်းအထန်ကြိုးစားနေရသည့် ဗီဗီကာကို မိခင်ဖြစ်သူ ဒွန်နက်က ကြည့်၍ စိတ်မကောင်းဖြစ်နေရပါသည်။ ဒွန်နက်က Facebook မှ ဗီဗီကာအတွက် ကျောက်ကပ်အလှူခံခဲ့ပါသည်။ မိတ်ဆွေသူငယ်ချင်းများကိုလည်း ကူညီ၍ Share ရှယ်ပေးကြပါရန် တောင်းပန်ခဲ့ပါသည်။ ဒွန်နက်က Facebook ပေါ်တွင် ဇွဲရှိရှိဖြင့် အကြိမ်ကြိမ် Post လုပ်ခဲ့ပါသည်။ ဒွန်နက်နှင့် လုံးဝမသိသော ကေသီက ဗီဗီကာအကြောင်းကို Facebook မှသိခဲ့ရပါသည်။ကေသီသည် ကလေးသုံးယောက်မိခင်ဖြစ်ပါသည်။ ခွဲစိတ်ကုသမှု တစ်ခါမျှ မပြုလုပ်ခဲ့ဖူးပါ။ ဗီဗီကာပုံကို Facebook မှ မြင်ရသိရသည်နှင့် ကေသီက ကျောက်ကပ်လှူရန် ဆုံးဖြတ်ခဲ့ပါသည်။ ဆေးစစ်လိုက်သောအခါ ကံအားလျော်စွာဖြင့် ကေသီ၏ ကျောက်ကပ်သည် ဗီဗီကာနှင့် လုံးဝကိုက်ညီခဲ့ပါသည်။၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၇ရက်တွင် ခွဲစိတ်မှုပြုလုပ်ပြီး ဗီဗီကာကို ကေသီ၏ ကျောက်ကပ်အစားထိုးနိုင်ခဲ့ပါသည်။ နာကျင်မှုအပေါင်းမှ ဗီဗီကာ လွတ်မြောက်ခဲ့ပါပြီ။ ဗီဗီကာအတွက် အကောင်းဆုံး ခရစ်စ္စမတ်လက်ဆောင်ကို ယူဆောင်ခဲ့သူက စင်တာကလော့(စ်)မဟုတ်ပါ။ Facebook ဖြစ်ပါသည်။

ဤကဲ့သို့ အံ့သြဖွယ်ရာအဖြစ်အပျက်များကို Facebook က နေ့စဉ် ဖန်တီးပေးနေပါသည်။ အဘယ်ကြောင့်ဆိုသော် Facebook က ကမ္ဘာပေါ်ရှိ အသက်အရွယ်အမျိုးမျိုး၊ ဘဝအမျိုးမျိုးနှင့် နေရာဒေသအသီးသီးမှ လူသားများကို ကျား၊ မ မရွေး ဆက်သွယ်ပေးနေ၍ ဖြစ်ပါသည်။

Facebook ကို ကမ္ဘာပေါ်တွင် စသုံးခဲ့သည်မှာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ၁၀ နှစ်ပြည့်ပါတော့မည်။ ၁၀နှစ်အတွင်း Facebook က လူတွေကို ဗီဗီကာကဲ့သို့ အဖိုးမဖြတ်နိုင်သော လက်ဆောင်များကို ရရှိအောင် ကူညီခဲ့ပါသည်။ ပေါ(လ်)နှင့်ဒွန်တို့သည် အသက် ၂၀ အရွယ် လူငယ်ဘဝတွင် ပျော်ရွှင်စွာလက်ထပ်ခဲ့ကြပါသည်။ ၁၈လမျှ ပျော်ရွှင်စွာ အတူပေါင်းသင်းနေထိုင်ပြီးနောက် အကြောင်းမလှ၍ ကွဲခဲ့ကြပါသည်။ ကွဲခဲ့ကြသော်လည်း ၂၇ နှစ်တိုင်တိုင် တစ်ယောက်နှင့်တစ်ယောက် အမှတ်ရနေဆဲဖြစ်ပါသည်။ ၂၇ နှစ်ကြာပြီး တစ်နေ့တွင် ပေါ(လ်)က Facebook အဖွဲ့ဝင်ဖြစ်လာပါသည်။ ဖြစ်သည့်နေ့တွင် Facebook ပေါ်တွင် ဒွန်ကိုရှာခဲ့ပါသည်။ ဒွန်၏ တူမ ရေချယ်(လ်)က ဒွန်နှင့်ရေချယ်(လ်) အပျော်ခရီးသွားခဲ့သော ဓာတ်ပုံများကို Face book ပေါ်တွင် တင်ထားပါသည်။ ဒွန်က သူမ၏ ကိုယ်ရေးကိုယ်တာကို ထိခိုက်သည်ဟုထင်၍ ဓာတ်ပုံများကို ဖယ်ပေးရန် ရေချယ်(လ်)ကို ပြောပါသည်။ ရေချယ်(လ်)က ဖယ်ပေးပါမည်ဟု ကတိပြုထားသော်လည်း အချိန်မရသေး၍ မဖယ်နိုင်သေးပါ။ ကံအားလျော်စွာရေချယ်(လ်) Wall မှ တစ်ဆင့် ပေါ(လ်)နှင့်ဒွန် ဆက်သွယ်မိပါသည်။၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပေါ(လ်)နှင့်ဒွန် ပြန်လည်၍ နယူးယောက်တွင် ဆုံစည်းကြပါသည်။ နှစ်ယောက်စလုံးက အကြိုက်တူဆဲပါ။ စီးနေသော ကားများကလည်း တူနေပါသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း ချစ်နေဆဲပါ။ Facebook က ၂၇နှစ် ကွဲနေသော ချစ်သူနှစ်ဦးကိုအကောင်းဆုံး နှစ်သစ်ကူးလက်ဆောင်ပေးခဲ့ပါသည်။

တက္ကဆက်ပြည်နယ်မှ ကယ်လီဟာစ်(လ်)ဘရန့်ဆိုသူ လူငယ်အမျိုးသား တစ်ယောက်နှင့် ဖလော်ရီဒါမှ လူငယ်အမျိုးသမီးတစ်ဦး၏ နာမည်သည် လုံးဝတူနေပါသည်။ ဖလော်ရီဒါမှ လူငယ်အမျိုးသမီး၏ နာမည်သည်လည်း ကယ်လီဟာစ်(လ်)ဘရန့်ပင် ဖြစ်ပါသည်။ နာမည်တူနေ၍ facebookတွင် ဆက်သွယ်မိကြပါသည်။ ရှစ်လကြာသောအခါ "မြင်မြင်ချင်းအချစ်"မဟုတ်သော်လည်း "Post Post ချင်း အချစ်"လို့ ပြောရအောင် ချစ်သွားကြပါသည်။

facebook သည် ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည်တို့ကို ဆက်သွယ်ပေးနေပါသည်။ facebookကို စတင်တည်ထောင်သူသည် Mark Elliot Zuckerberg ဖြစ်ပြီး facebook ကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၄ရက်တွင် စတင်ခဲ့ပါသည်။ ထိုအချိန်က မတ်(ခ်)၏ အသက်မှာ ၁၉နှစ်သာ ရှိသေးပြီး ဟားဗတ်တက္ကသိုလ်တွင် ကွန်ပျူတာပညာနှင့်လူမှုဆက်ဆံရေးပညာကို သင်ကြားနေချိန်ဖြစ်ပါသည်။ မတ်(ခ်)က ဟားဗတ်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ဆက်သွယ်ရန် လူမှုကွန်ရက်တစ်ခုကို အပျော်သဘောမျိုး ပရိုဂရမ် ရေးဆွဲရာမှ facebook ဖြစ်လာခြင်း ဖြစ်ပါသည်။ facebookကြောင့် မတ်(ခ်)သည် အသက် ၂၃နှစ်တွင် ဘီလီယံနာသူဌေးဖြစ်လာပါသည်။

ဖေ့စ်ဘွတ်(ခ်)နှင့်ပတ်သက်သောအချက်အလက်များ

- ကမ္ဘာပေါ်တွင် facebook သုံးစွဲသူ ၂၀၁၂ ခုနှစ် စက်တင်ဘာလ စာရင်းအရ သန်းတစ်ထောင် ရှိပါသည်။
- facebookသာ နိုင်ငံတစ်ခုဖြစ်ပါက ကမ္ဘာပေါ်တွင် တတိယ လူဦးရေ အများဆုံးနိုင်ငံဖြစ်လာပါမည်။
- သတင်းအချက်အလက် သန်းတစ်ထောင်ကို facebook ပေါ်တွင် နေ့စဉ် shareလုပ်ကြပါသည်။
- facebook ပေါ်သို့ နေ့စဉ် ဓာတ်ပုံပေါင်း သန်း ၃၀၀တင်ပါသည်။
- facebook ပေါ်တွင် ကမ္ဘာပေါ်ရှိ နာမည်ကြီး brandများနှင့် နာမည်ကျော်ကြားသူ ပေါင်း ၄၂သန်းရှိပါသည်။
- facebook အသုံးပြုသူ ၃၃ရာခိုင်နှုန်းသည် အာရှတိုက်မှ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ပါသည်။
- facebook အသုံးပြုသူ၏ ၅၆ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ပါသည်။
- အမေရိကန်သမ္မတ အိုဘားမားတွင် facebook စာမျက်နှာရှိပါသည်။ အိုဘားမား wallပေါ်တွင် like လုပ်သူ ၃၅ သန်းကျော် ရှိပါသည်။
- တရုတ်ပြည်တွင် facebook အသုံးပြု၍ မရပါ။

facebook သည် ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာကို နေ့စဉ် ဆက်သွယ်ပေးနေပါသည်။ ယနေ့ကမ္ဘာကြီးသည် Knowledge Society ခေါ် အသိပညာ လူ့အဖွဲ့အစည်းကြီးဖြစ်ပါသည်။ အသိပညာနည်းပါးလျှင် လူ့အဖွဲ့အစည်းတွင် ဝင်ဆံ့ရန် ခက်ခဲသောခေတ် ဖြစ်ပါသည်။ အသိပညာကို အခြေခံသော စီးပွားရေးများက ကမ္ဘာ့စီးပွားရေးကို ဦးဆောင်လျက်ရှိပါသည်။ လူသန်းပေါင်းများစွာက facebook မှ အသိပညာများကို မျှဝေနေကြပါသည်။ ကမ္ဘာပေါ်တွင် facebook ကို အသုံးပြု၍ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အောင်မြင်စွာ ရောင်းချနေကြပါသည်။ ကျွန်တော်တို့ နိုင်ငံတွင်လည်း facebook သုံးစွဲသူတစ်နေ့တခြား တိုးပွားလျက်ရှိပါသည်။ facebook သုံးစွဲသူများ ပိုမိုလာသည်နှင့်အမျှ အသိပညာဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းလည်း တိုးပွားလာမည်ဖြစ်ပါသည်။ အင်တာနက်များကို လူတိုင်းအလွယ်တကူ မြန်မြန်ဆန်ဆန် သုံးစွဲနိုင်ရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

နိဂုံးချုပ်အနေနှင့် facebook မှ ဆိုးကျိုးများ ဖြစ်နိုင်သည်ဟု တချို့အမြင်ကျဉ်းသူများက ဆိုကြသော်လည်း ကောင်းကျိုးများက များသည်ဟု ဆိုချင်ပါသည်။ "သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေး"ဖြစ်ပါသည်။ facebook ယဉ်ကျေးမှုသည်ကမ္ဘာတစ်ဝန်းလုံးတွင် လူအများစု လက်ခံသော ယဉ်ကျေးမှုဖြစ်နေပါပြီ။ facebook သုံးစွဲမှုကို မြန်မာနိုင်ငံတွင် တချို့ကုမ္ပဏီများ၊ အဖွဲ့အစည်းများက ပိတ်ပင်ထားသည်ကို ဝမ်းနည်းစွာ သိရှိရပါသည်။ facebook သုံးစွဲမှုကို ပိတ်ပင်ခြင်းသည် လူ့မှုရေးချိုးဖောက်မှုတစ်ခုဖြစ်၍ မပြုလုပ်ပါရန် ဤဆောင်းပါးဖြင့် မေတ္တာရပ်ခံပါသည်။

မှတ်ချက်

share = မိမိဝေမျှလိုသော သတင်းအချက်အလက်ကို မိမိသိစေလိုသော facebook အဖွဲ့ဝင်များထံ ဝေမျှခြင်းဖြစ်သည်။

Wall = facebook အဖွဲ့ဝင်တစ်ဦး၏ ကိုယ်ပိုင်စာမျက်နှာဖြစ်ပါသည်။

Post = မိမိရေးလိုသော သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ သီချင်းများ၊ ဗီဒီယိုဖိုင်များကို facebookစာမျက်နှာတွင် ရေးခြင်း၊ တင်ခြင်းကို ခေါ်ပါသည်။

Like = သဘောကျသည်ကို ဆိုလိုပါသည်။

စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒနှင့် ကမ္ဘာလုံးဆိုင်ရာကူးလူးဆက်နွယ်မှုဖြစ်စဉ်ဟောပြော

နေပြည်တော် မေ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုမြို့တွင် ရုံးချုပ်ရှိသည့် အာရှ ဖောင်ဒေးရှင်း၏ ဦးဆောင်မှုဖြင့် ကျင်းပသည့် စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒနှင့် ကမ္ဘာလုံးဆိုင်ရာ ကူးလူးဆက်နွယ်မှုဖြစ်စဉ် (Industrial Policy and Globalization) ဟောပြောပွဲကို မေ ၂၇ ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာ ဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မော်မော်က တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းဟောပြောပွဲတွင် ပီတာဆန်အပြည်ပြည်ဆိုင်ရာ စီးပွားရေးတက္ကသိုလ် လေ့လာရေးဌာနမှ ညွှန်ကြားရေးမှူး၊ အနောက်ဗဟိုဌာန၏ အကြီးတန်းအဖွဲ့ဝင်ဖြစ်သူ ဒေါက်တာမားကတ်နိုလန်က စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒနှင့် ကမ္ဘာလုံးဆိုင်ရာ ကူးလူးဆက်နွယ်မှုဖြစ်စဉ် (Industrial Policy and Globalization) ကို ဟောပြောပို့ချပြီး အခမ်းအနားကို ဝန်ကြီးဌာနအသီးသီးမှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့နယ် မုန်းဒေသတွင် ဓာတ်မှန်ခန်းဖွင့်

ကျောက်ကြီး မေ ၂၇

ကျောက်ကြီးမြို့နယ် တိုက်နယ်ဆေးရုံတွင် "မာန်အောင်ငြိမ်း" ဖောင်ဒေးရှင်းက ဓာတ်မှန်စက်သစ်လှူဒါန်းပေးထားရာ ယခုအခါ လူနာများအား စတင်စမ်းသပ် ကုသပေးနိုင်ပြီဖြစ်သည်။

ယင်းဓာတ်မှန်စက်ကြီးကို "မာန်အောင်ငြိမ်း" ဖောင်ဒေးရှင်းက လှူဒါန်းငွေကျပ် ၄၅ သိန်းဖြင့် မတည်ဝယ်ယူ၍ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဓာတ်မှန်စက်ကြီးထားရှိရန် လိုအပ်သောအဆောက်အအုံနှင့် မီးစက်ထားရှိရန် အဆောက်အအုံအတွက် စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၈၀ ကို တိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာခင်မောင်ရင်နှင့် ဆွေမျိုးများက လှူဒါန်းခဲ့သည်။

"ဆင်းရဲတဲ့သူများပြီး မြို့ပေါ်မှာ ဓာတ်မှန်သွားမရိုက်နိုင်ပါဘူး။ အခု ဓာတ်မှန်စက် မုန်းမြို့မှာရှိတော့ ပြည်သူတွေ ဆေးဝါးကုသမှုမှာ အထောက်အကူပြုတဲ့အပြင် မြို့ပေါ်သွားဖို့ ခရီးစရိတ်ကုန်ကျစရာ မလိုတော့ပါဘူး။ ဒါကြောင့် အဆောက်အအုံနဲ့ လိုအပ်တဲ့ပစ္စည်းတွေ လှူဒါန်းပေးတဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။ **(ပြန်/ဆက်)**

မီတာခရက်လွန်ဒဏ်ကြေး လျှော့ပေးစေလို

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြို့နယ် လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားခ ငွေသင့် တောင်းခံလွှာများ ငါးရက်ခန့် ကြိုတင်ဖြန့်ဝေပေးပြီး ပြည်သူများက မြို့နယ် လျှပ်စစ်ရုံးသို့ ကိုယ်တိုင်သွားရောက်ပေးဆောင်ကြရသည်။

ငွေသင့်တောင်းခံလွှာ ဖြန့်ဝေသည့်ရက် နောက်ကျခြင်း၊ အိမ်ရှင်မရှိခြင်းနှင့် အခြားသော ဘေးအိမ်ကို ပေးခဲ့ခြင်း၊ အိမ်တံခါးဝ ကြန့်ကြာမှုများကြောင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒဏ်ကြေးအဖြစ် အိမ်သုံးမီတာ ပထမလငွေကျပ် ၂၀၀၀၊ ဒုတိယလ ၃၀၀၀၊ တတိယလ ၄၀၀၀၊ နောက်လ မီတာဖြုတ်သိမ်းခြင်းများအပြင် စက်မှုနှင့် ကိုယ်တိုင် ထရန်စဖော်မာသုံး မီတာများအတွက် ငွေကျပ် ၆၀၀၀၊ ၁၂၀၀၀၊ ၂၄၀၀၀နှင့် နောက်လ မီတာဖြုတ်သိမ်းစနစ်ဖြင့် ဆောင်ရွက်လျက် ရှိနေပါသည်။

မီတာခ ပေးဆောင်သူတစ်ဦးက မီတာ ထိန်းသိမ်းစောင့်ရှောက်ခ ပေးထားရသော်လည်း ကိုယ့်အိမ်တပ်ထားသည့်မီတာ မိုးမစိုစေရန်၊ မပျက်စီးစေရန် မိမိကိုယ်တိုင် ထိန်းသိမ်းထားရကြောင်း၊ မီတာဖြုတ်သိမ်းသည့် စနစ်မှာ သဘာဝမကျကြောင်း၊ မီတာတပ်မည်ဆိုက သတ်မှတ်ငွေကြေး ပေးသွင်းထားရပြီး ဒဏ်ကြေးများနှင့် မီတာဖြုတ်သိမ်းထားသည့် စနစ်သည် အိမ်သုံးမီတာ တပ်ဆင်သုံးစွဲနေသူများကို မကျင့်သုံးသင့်ကြောင်းနှင့် ဒဏ်ကြေးသတ်မှတ်ချက်များကို စက်မှုနှင့် ကိုယ်ပိုင်ထရန်စဖော်မာများ သုံးစွဲသူများက စီးပွားရှာသူများဖြစ်သည့်အတွက် မပြောလိုသော်လည်း လူလတ်တန်းစားနှင့် အခြေခံလူတန်းစားများအတွက် ဒဏ်ကြေးများလွန်း၍ ဒဏ်ကြေးနှုန်းများ ပယ်ဖျက်ပေးသင့်ကြောင်း သို့မဟုတ် လျှော့ချပေးသင့်ကြောင်း ပြောကြားခဲ့သည်။

ပြည်သူကြားမှ ပြည်သူတို့၏ ရင်ဖွင့်စကားများကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် အလေးထားစဉ်းစား ဖြေလျှော့ပေးနိုင်ပါရန် ရေးသားလိုက်ရပါသည်။

အောင်ဝင်း(ဖျာပုံ)

ထားဝယ် သီတဂူ အာရောဂျဒါန ဆေးရုံတော်တွင် သွားနှင့်ခံတွင်း ကျန်းမာရေး အခမဲ့ဆေးကုသ

ထားဝယ် မေ ၂၇

မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့် ထူးဖောင်ဒေးရှင်းတို့ ပူးပေါင်းပြုလုပ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး အခမဲ့ ဆေးကုသခြင်းကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူ အာရောဂျဒါန ဆေးရုံတော်တွင် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုး ဦးဆောင်သည့် ဆရာဝန် ၃၀နှင့် ဒေသခံဆရာဝန်များက မေ ၂၄ရက် နံနက်ပိုင်းမှစ၍ စတင်ဆောင်ရွက်သည်။ **(ဝဲပုံ)**

ဆေးကုသနေမှုကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လာရောက်ကြည့်ရှုအားပေးကြသည်။

ထားဝယ်မြို့နယ်အတွင်းရှိ သွားရောဂါဝေဒနာရှင် ၄၄၂ ဦးကို သွားနုတ်ပေးခြင်း၊ သွားဖာပေးခြင်းနှင့် သွားကျန်းမာရေး ဆေးကုသပေးခြင်းများကြောင့် သွားရောဂါဝေဒနာရှင်များ ကြည်နူးအားရ ဝမ်းသာမှုရှိကြသည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ လောင်းလုံ၊ သရက်ချောင်း၊ ပုလောမြို့များသို့ သွားရောက်ဆေးကုသပေးခြင်းကို မေ ၂၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

ပြည်တွင်းသတင်း

● *ကျောဖုံးမှ*

နောက်ဆုံးပွဲစဉ်အပြီးတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် တရုတ်(တိုင်ပေ)အသင်းနှင့် ရမှတ်တူသော်လည်း ဂိုးအရေအတွက် အသာဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ အာရှခြေစစ်ပွဲ အောင်မြင်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်း၏ကစားပွဲနှင့်ပတ်သက်၍ ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်ရန် မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က မေးမြန်းထားသည်များကို အောက်ပါအတိုင်း ဖော်ပြလိုက်သည်။

ခင်မာလာထွန်း
(အသင်းခေါင်းဆောင်)

ခင်မာလာထွန်း (အသင်းခေါင်းဆောင်)

မေး ။ ။ ဒီပွဲမှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြောပြပေးပါအုံး။

ဖြေ ။ ။ အခက်အခဲကတော့ တစ်ဆင့်ပြီးတစ်ဆင့်ပေါ့၊ လေယာဉ်စီးရတာတို့ အခြားပွဲတိုင်းလိုလိုမှာတော့ရှိတာပေါ့၊ လေယာဉ်ကို ၃၆ နာရီလောက်စီးပြီး သွားခဲ့ရတာဆိုတော့လူတွေက ပင်ပန်းနေကြတယ်။ ဟိုမှာက အစားအသောက် အနေအထိုင် ရာသီဥတုကအစ ဒီမှာနဲ့ မတူဘူး၊ ရာသီဥတုက အလွန်အေးတယ်၊ ညပွဲကစားရတာဖြစ်တယ်၊ ဒါပေမယ့် အေးတာ၊ ပူတာကို အဓိကမထားဘဲ ဘယ်လို အခက်အခဲတွေပဲရှိရှိ ပြိုင်ဘက်အသင်းကို နိုင်အောင်ကစားမယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်၊ ခြေစစ်ပွဲအောင်လာတဲ့အတွက် အာဆီယံပြိုင်ပွဲတွေ ဆီးဂိမ်းပြိုင်ပွဲတွေမှာ ယခုပြိုင်ပွဲက ရခဲ့တဲ့အတွေ့အကြုံ၊ အားနည်းချက်တွေကို ပြင်မယ်ဆိုရင် အောင်မြင်မယ်လို့လည်း ယုံကြည်တယ်၊ ရွှေရမယ်လို့ယုံကြည်တယ်။ ဒီပွဲအတွက်တင်မဟုတ်ဘူး၊ အာဆီယံပြိုင်ပွဲတွေ၊ ဆီးဂိမ်းတွေအတွက်ပါ ကျွန်တော်တို့ ပြင်ဆင်ခဲ့တာပါ၊ ထူးထူးခြားခြား အမှတ်ရစရာ တစ်ခုကတော့ ဂျော်ဒန်မှာ ကျွန်တော်တို့ ကစားသမားနှစ်ဦး ပတ်စ်ပို့ကိစ္စနဲ့ ကျန်ခဲ့တယ်၊ နှစ်ရက်၊ သုံးရက်နေမှ ကစားမယ့်နေရာကိုရောက်လာတယ်။ အဲဒါကတော့ အမှတ်တရပါပဲ၊ အသင်းတိုင်းကို အထင်လည်းမကြီးဘူး၊ အထင်လည်း မသေးဘူး၊ အားလုံးကိုတော့ ခက်ခက်ခဲခဲတော့ သိပ်မကစားခဲ့ရပါဘူး၊ အတတ်နိုင်ဆုံး အားလုံးကို နိုင်အောင်ကစားမယ်ဆိုတဲ့ စိတ်နဲ့ယှဉ်ပြိုင်ခဲ့ပါတယ်၊ သုံးပွဲ ကစားခဲ့ရာမှာ ပွဲတိုင်းကို အားရခဲ့ပါတယ်။

စန်းစန်းမော် (အလယ်တန်းကစားသမား)

မေး ။ ။ ပြိုင်ပွဲမှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံးအသင်းနှင့် ဘာကြောင့် စိတ်လှုပ်ရှားခဲ့ရတယ်ဆိုတာလေးကို ပြောပြပေးပါအုံး၊

စန်းစန်းမော်
(အလယ်တန်းကစားသမား)

ဖြေ ။ ။ အိန္ဒိယ၊ ပါလက်စတိုင်း၊ တရုတ်(တိုင်ပေ) အသင်းသုံးသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရပါတယ်။ စိတ်လှုပ်ရှားစရာ အကောင်းဆုံးအသင်းက နောက်ဆုံးကစားခဲ့ရတဲ့ တရုတ်(တိုင်ပေ)အသင်းနဲ့ ဖြစ်ပါတယ်၊ နှစ်သင်းစလုံးက ရမှတ်တူနေတယ်၊ ဒီပွဲမှာ နိုင်တဲ့အသင်းက တက်မှာဖြစ်ပါတယ်၊ ပွဲပြီးခါနီး ၁၀ မိနစ် ၁၅ မိနစ်အချိန်က စိတ်အလှုပ်ရှားဆုံး အချိန်ပါပဲ ဘောလုံးလောကမှာ အဲဒီလို အချိန်လေးတွေမှာ ဂိုးပေးလိုက်ရတာတွေရှိသလို ရလိုက်တာတွေလည်း ရှိတတ်တော့ ရင်တထိတ်ထိတ်နဲ့ပေါ့၊ ဒါပေမယ့် အကောင်းဆုံးကြိုးစားနိုင်ခဲ့တဲ့အတွက် အခုလို ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပါတယ်။

ဒေါ်မြတ်မြတ်ဦး(အဖွဲ့ခေါင်းဆောင်)

မေး ။ ။ အခုလို ခြေစစ်ပွဲအောင်မြင်လာအောင် အားကစားသမားတွေရဲ့ ကြိုးစားမှုတွေအပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ ပံ့ပိုးမှုအပိုင်းကိုလည်း သိပါရစေ။

ဒေါ်မြတ်မြတ်ဦး(အဖွဲ့ခေါင်းဆောင်)

ဖြေ ။ ။ စသွားကတည်းက အခက်အခဲတွေတော့ တွေ့ရတယ်၊ လေယာဉ်ပျံကလည်း ၃၆ နာရီ စီးရတယ်၊ ဟိုဘက်က အစ္စရေးနဲ့ ပါလက်စတိုင်းမှာ နိုင်ငံရေးအရ အစောင့်တွေ၊ ဘာတွေနဲ့ဆိုတော့ အလွန်ကိုတင်းကြပ်တယ်။ အဲဒီကြားထဲကပဲ နိုင်အောင်ကန်လာတာပေါ့လေ၊ ဘောလုံးအဖွဲ့ချုပ်ကတော့ လိုလေသေးမရှိပါဘဲ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်က အစ်မတို့အသင်းအတွက် နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ဗီဇာကိစ္စကအစပေါ့၊ အခက်အခဲရှိတယ်ဆိုရင် ချက်ချင်းဖုန်းဆက် တင်ပြပြီး အဲဒီလိုမျိုးလုပ်ရတာပေါ့၊ စားတာသောက်တာလည်း ဥက္ကဋ္ဌရဲ့ စီမံပေးမှုနဲ့ အသစ်ဖွဲ့ထားတဲ့ အမျိုးသမီးဘောလုံးကော်မတီက ပံ့ပိုးကူညီပါတယ်။ လိုအပ်ချက်တွေ အားလုံးကိုတော့ အဓိကပံ့ပိုးပေးပါတယ်၊ ဒီပွဲမှာ အားနည်းချက်တွေ အများကြီးတွေ့ရပါတယ်၊ ဒီအားနည်းချက်တွေကို ပြင်ဆင်ပြီးရင်တော့ နောင်လာမယ့် ပြိုင်ပွဲတွေမှာ ရွှေရမယ်လို့ထင်ပါတယ်၊

သက်သက်ဝင်း(လက်ထောက်နည်းပြ)

မေး ။ ။ မြန်မာအမျိုးသမီးဘောလုံးအသင်း ခြေစစ်ပွဲအောင်တဲ့အပေါ် လက်ထောက်နည်းပြတစ်ဦးအနေနဲ့ အစ်မရဲ့ဝမ်းသာပီတိကိုသိပါရစေ။

ဖြေ ။ ။ ကျွန်မတို့မျှော်လင့်ချက်ဖြစ်ရမယ်ဆိုပြီးသွားတဲ့အခါ ဖြစ်လာတယ်၊ ကလေးတွေလည်း ကြိုးစားခဲ့တယ်၊ အဲဒီအတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

မေး ။ ။ ခြေစစ်ပွဲအောင်မြင်မှုက လာမယ့်အာဆီယံဆီးဂိမ်းအတွက် အထောက်အပံ့ဘယ်လောက်ဖြစ်နိုင်မလဲ။

ဖြေ ။ ။ အထောက်အပံ့တွေက အများကြီးဖြစ်နိုင်တာပေါ့၊ ခြေစစ်ပွဲအောင်တဲ့အတွက် နောက်ပွဲတွေသွားရအုံးမယ်၊ ထပ်ပြီးလေ့ကျင့်ရအုံးမယ်၊ ထပ်ပြီးကြိုးစားရအုံးမယ်၊ ဒီလောက်နဲ့တန့်သွားမှာမဟုတ်ဘူး။

မေး ။ ။ မြန်မာအမျိုးသမီးဘောလုံးအသင်းရဲ့ အားနည်းချက်ရှိရင် သိပါရစေ၊ ဘယ်လိုပြုပြင်သွားမလဲ ဆိုတာပြောပြပေးပါ။

ဖြေ ။ ။ အသင်းမှာ အားနည်းချက်တွေတော့ ရှိပါတယ်၊ အခုတရုတ်(တိုင်ပေ)နဲ့ ကစားတဲ့အခါ သရေနဲ့တက်လာတယ်၊ ကျွန်မတို့လိုချင်တာက အနိုင်နဲ့တက်ချင်တာ၊ တချို့ဟာလေးတွေမှာ လိုအပ်ချက်အားနည်းချက်လေးတွေရှိတယ်၊ ဂျပန်နည်းပြနဲ့ တိုင်ပင်ပြီး လိုအပ်ချက် အားနည်းချက်တွေကို ပြုပြင်သွားမှာပါ။

မေး ။ ။ ပြည်တွင်းမှာကစားတာနဲ့ ပြည်ပပွဲတွေမှာ ကစားတဲ့ ကွာခြားချက်ကို ပြောပြပေးပါ၊

ဖြေ ။ ။ ခြေစမ်းပွဲကို ယောက်ျားလေးအသင်းတွေနဲ့ ကစားတယ်၊ ခြေစမ်းပွဲက ပြည်ပမှာ ထွက်ကစားတာ အကောင်းဆုံးပဲ၊ ဥပမာ တရုတ်လို မိန်းကလေးအသင်းနဲ့ မိန်းကလေးချင်း ကစားတာ ပိုကောင်းတယ်။

မေး ။ ။ ဒီလိုအောင်မြင်မှုရအောင် ဘယ်လိုရည်မှန်းချက်ထားပြီး လေ့ကျင့်ခဲ့ပါသလဲ။

ဖြေ ။ ။ လေ့ကျင့်မှုအပိုင်းက ဆီးဂိမ်းအထိ ရည်မှန်းပြီး လေ့ကျင့်နေတာပါ၊ အချိန်ကြာပါပြီ၊ အဓိက ရည်မှန်းချက်ကတော့ အာဆီယံ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်မှန်းပြီး ကစားနေပါတယ်။

သီရိထူး(ရောဝတီဘဏ်)

သီရိထူး(ရောဝတီဘဏ်)

မေး ။ ။ မြန်မာအမျိုးသမီးဘောလုံးအသင်း ခြေစစ်ပွဲအောင်လာတဲ့အပေါ် မြန်မာအမျိုးသမီးတစ်ဦးအနေနဲ့ အစ်မရဲ့ခံစားချက်ကို သိပါရစေ။

ဖြေ ။ ။ အစ်မ အလွန်ပျော်တယ်၊ ဂုဏ်လည်းယူတယ်၊ အစ်မတို့ မြန်မာအသင်းအနေနဲ့ နေရာတစ်နေရာ ပြန်ရတယ်လို့ ခံစားရတယ်။ အဲဒီအတွက် ကျေနပ်တယ်၊အားရတယ်၊ နောင်လာမယ့် ပွဲတွေအတွက်ကိုလည်း ဒီထက်ပိုပြီး အောင်အောင်မြင်မြင်ကြိုးစားနိုင်ပါစေလို့ အစ်မမျှော်လင့်တယ်။

◆ *ကျောဖုံးမှ*

ဆက်လက်၍ သတင်းဖော်ထုတ်ချက်များအရ နားဆော့ဘုန်းကြီးကျောင်း ခြံစည်းရိုးအပြင်ဘက်တွင် အမ် ၂၂ လက်နက်ငယ် ၁၀ လက်၊ ၅ ဒသမ ၅၆ ကျည် ၁၃၀ တောင့်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် လက်နက်မျိုးစုံ ၃၂ လက်နှင့်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသက် (၁၄ နှစ်)အောက် အာရှဖလား အမျိုးသားဘောလုံးပြိုင်ပွဲခြေစစ်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အသက်(၁၄ နှစ်)အောက် အုပ်စု (E) နှင့် အုပ်စု (F) အာရှဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲကို မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် ဇေယျာသီရိကွင်း၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အုပ်စု(E) တွင် မြန်မာ၊ ဘရူနိုင်း၊ မလေးရှား၊ အရှေ့တီမော၊ ဗီယက်နမ်၊ ဖိလစ်ပိုင်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ လည်းကောင်း၊ အုပ်စု(F) တွင် ထိုင်း၊ လာအို၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ကမ္ဘောဒီးယားပွဲစဉ်များကို ဇေယျာသီရိကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အုပ်စုနှစ်စုလုံးသည် နေ့စဉ်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် ဇေယျာသီရိအားကစားကွင်းတို့တွင် နံနက် ၉ နာရီ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီတွင် တစ်နေ့သုံးပွဲ ကစားကြမည်ဖြစ်သည်။

တင်စိုး(မြန်မာ့အလင်း)

ဆီပီပါတင် တိုယိုတာယာဉ်တစ်စီး တိမ်းမှောက်

ရန်ကုန် မေ ၂၇

မေ ၂၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ကမ်းနားလမ်းသစ် (ကွန်ကရစ်လမ်းမ)ကြီးအတိုင်း ဆီပီပါခွံများ တင်ဆောင်လျက် တောင်မှမြောက်သို့ ယာဉ်မောင်းဦးလှကြည် (လှိုင်သာယာမြို့နယ်)မောင်းနှင်လာသောတိုယိုတာ ၁၄ ပေ ဒိုင်နာ ၇က/. . . ကုန်တင်ယာဉ်မှာ သီရိမင်္ဂလာဈေးဟောင်း ယာဉ်ရောင်းဝယ်ရေးစခန်း အနောက်ဘက်သို့ အရောက်တွင် ကားမိန်းလေးပြတ်ထွက်ပြီး အရှိန်မထိန်းနိုင်သည့်အတွက် အုတ်နံရံအားဝင်တိုက်ကာ တိမ်းမှောက်သွားခဲ့သည်။ **(အောက်ပုံ)**

ယာဉ်ရောင်းဝယ်ရေးစခန်း အုတ်နံရံအား ဝင်တိုက်မိသည့်အတွက် အုတ်နံရံအနားတွင်ကပ်၍ ရပ်ထားသော သ/. . . တောင်းအေ့စ်ဝက်ဂွန်၏ ရှေ့လေကာမှန်နှင့်ဘေးတံခါးမှန်များ ကွဲပြီးကားဘေးတစ်ခြမ်းထိခိုက်မှုဖြစ်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် လူထိခိုက်ဒဏ်ရာ ရရှိခဲ့မှုမရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်း

တာဝန်ရှိသူ လေယာဉ်ပိုင်းလော့များ၊ လေယာဉ်မှူးများ လုံခြုံဘေးကင်းမှုအတွက် အမြဲသတိထားကြရန်လို

ရန်ကုန် မေ ၂၇

ပို့ဆောင်ရေး ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လေကြောင်းလိုင်းများ လေယာဉ်မတော်တဆမှုများလျှော့ချရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လေကြောင်းလိုင်းများ၏ Safety ကို တာဝန်ယူထားရသူများအားလုံး ယခုအစည်းအဝေးသို့ စုံညီစွာတက်ရောက်ကြသည့်အတွက် ဝမ်းသာပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးနှင့် စပ်လျဉ်းပြီး သိသင့်သိထိုက်သည့် သတင်းအချက်အလက်များနှင့် ဗဟုသုတများကို ပြည်သူများနှင့်မီဒီယာကို အသိပေးချင်ကြောင်း၊ လေကြောင်းလိုင်းများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မည်သို့ဆောင်ရွက်နေသည်ကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသွားမှာ ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် လေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းအစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပဏာမပြောကြားသည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက လေကြောင်းဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ ပြေးဆွဲပျံသန်းလျက်ရှိသည့် အစိုးရပိုင်၊ နိုင်ငံသားပိုင်၊ Joint Venture လေကြောင်းလိုင်းများ၏ လေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

အဆိုပါတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ Safety နှင့် ပတ်သက်ပြီး အဓိကမှာ ဘာမှုမဖြစ်ရန်နှင့် မည်သည့်အတွက်ကြောင့် Accident/ Incident ဖြစ်ရသည်ဆိုလျှင် လူတိုင်း သိသည်မှာ လေယာဉ်ပျံ ဖောက်သွား၍၊ လေယာဉ်ပျံက မထိန်းနိုင်၍ Accident ဖြစ်ကြောင်း၊ အခြားတစ်ခုမှာ လေယာဉ်က ဘာမှုမဖြစ်ဘဲ Pilot ၏ Error ကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ တစ်ခါတစ်ရံ Pilot က သေချာမောင်းနေသော်လည်း မမျှော်လင့်သော Weather ကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ Downstep အောက်ကိုကျသွားလျှင်လည်း ဖြစ်နိုင်ကြောင်း၊ အဓိက Main Reason သုံးချက်ရှိကြောင်း၊ ယင်းသုံးချက် အဘယ်ကြောင့်ဖြစ်လည်းဆိုလျှင် လေယာဉ်ပျံ၏ တည်ဆောက်မှု Technology မြင့်လာလေ Safety ပိုများလာလေ ဖြစ်ကြောင်း၊ နည်းပညာများမြင့်လာခြင်းကြောင့် ပိုပြီး Safe ဖြစ်လာကြောင်း။

ယခုအစည်းအဝေး၏ ရည်ရွယ်ချက်မှာ လေကြောင်းလိုင်းအားလုံး၏ တစ်ဦးချင်း တင်ပြချက်များကို မီဒီယာများအား Information နှင့် Knowledge ပေးချင်၍ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော လေယာဉ်မတော်တဆဖြစ်ပွားမှု Incident များသည် ကမ္ဘာနှင့်နှိုင်းယှဉ်လျှင် ကိုးဆပိုများကြောင်း၊ Pilot များ၏ ကျွမ်းကျင်မှုကို အကြိမ်ကြိမ် စစ်ဆေးနေသင့်ကြောင်း၊ လေ့ကျင့်ပေးနေရမှာ ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကိုလည်း သတိထားစစ်ဆေးသင့်ကြောင်း၊ Pilot များ၏ Decision လည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ဝါရင့် Pilot တစ်ယောက်သည် Accident ကို ကာကွယ်နိုင်ရန်လိုကြောင်း၊ အခြားသူ၏အမှားကို ထောက်ပြနိုင်ရမှာ ဖြစ်ကြောင်း၊ အဓိကမှာကြားလိုသည်မှာ နှစ်ချက်ရှိကြောင်း၊ ပထမတစ်ချက်မှာ လေယာဉ် သိပ်ဟောင်းနေလျှင် အသစ်နှင့်အစားထိုးရန်လိုကြောင်း၊ အသစ်မဝယ်နိုင်လျှင် ငှားရမ်းသုံးစွဲရမည်ဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ တာဝန်ရှိသူ လေယာဉ် Pilot များ၊ လေယာဉ်မှူးများ Safety အတွက် အမြဲသတိထားကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက လေကြောင်းလိုင်းပျံသန်းမှုနှင့်ခရီးသည် တင်ဆောင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ကျရောက်လေ့ရှိသော ဝမ်းပျက်၊ ဝမ်းလျှောရောဂါကို ၉၀ ရာခိုင်နှုန်း လျော့ကျစေနိုင်ကြောင်း သိရသည်။

ထို့နောက် Mr. Chelsea Clinton နှင့် အမေရိကန်သံအမတ်ကြီးတို့က အမှာစကားပြောကြားကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် USAID နှင့် အမေရိကန်ကုမ္ပဏီကြီး တစ်ခုဖြစ်သော (P&G) တို့မှ တာဝန်ရှိသူတို့က မြန်မာပြည်ရှိ မိခင်များနှင့် ကလေးသူငယ်များ အသက်ကာကွယ်စောင့်ရှောက်ရေး ကုသိုလ်ဖြစ်လုပ်ငန်းများကို လက်တွဲဆောင်ရွက်ကြရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ပရဟိတလုပ်ငန်းများနှင့် ရေလျှုဒါန်းမှုများ ဆောင်ရွက်သွားရန်အတွက် အမေရိကန်သမ္မတဟောင်း ဘီကလင်တန်၏သမီးဖြစ်သူ Mrs. Chelsea Clinton သည် P&G နှင့် World Vision တို့ ပူးပေါင်း၍ ကလင်တန်ဖောင်ဒေးရှင်း၏ ရေလျှုဒါန်းခြင်းနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

ဆောင်ရွက်လျက်ရှိ

Clinton Global Initiative (CGI) ကို ၂၀၀၅ ခုနှစ်တွင် သမ္မတဟောင်း ဘီကလင်တန်က တည်ထောင်ခဲ့ပြီး ယခုအခါတွင် CGI အဖွဲ့ဝင်များသည် နိုင်ငံပေါင်း ၁၈၀ ကျော်၌ လူဦးရေပေါင်း သန်း ၄၀၀၀ ကျော်တို့၏ဘဝကို တိုးတက်မြင့်တင်ပေးနေသည့် လူမှုပရဟိတလုပ်ငန်းပေါင်း ၂၃၀၀ ကျော်ကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာရှတိုက်ရှိ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာအစရှိသော နိုင်ငံများသို့ ပရဟိတလုပ်ငန်းအဖြစ် သောက်ရေသန့် လီတာသန်း ၅၀၀ ထက်မနည်း ဖြန့်ဝေထောက်ပံ့ပေးပြီးဖြစ်သည်။ မြန်မာပြည်တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်စဉ်က P&G သည် World Vision နှင့်ပူးပေါင်းကာ ဒုက္ခသည်များ ရေသန့်ရရှိစေရန် အလျင်အမြန်ဆောင်ရွက်ပေးခဲ့သည်။ အာရှတိုက်တွင် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် စင်ကာပူနိုင်ငံတွင် P&G ရေသန့်ထုတ်ရန် စက်ရုံအသစ်တစ်ခုတည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေး-မြစ်ကြီးနား ရထားတိုက်မိ၍ လူနှစ်ဦး သေဆုံး

မန္တလေး မေ ၂၇

မေ ၂၆ ရက် နံနက် ၄ နာရီခွဲတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက် ၄၁ လမ်းနှင့် ၄၂ လမ်းကြား ၇၉ လမ်း နှင့် လမ်း ၈၀ကြား မီးရထားသံလမ်း မင်္ဂလာတူးမြောင်းဘောင်ပေါ်တွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့အား မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ထွက်ခွာသည့် အမှတ် ၃၇ အဆန်ရထားမှ တိုက်မိခဲ့ရာ အဆိုပါနှစ်ဦးသည် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ၄၂ လမ်း ရန်ကုန်-မန္တလေး သံလမ်းပေါ်တွင် အမျိုးသမီးတစ်ဦး ခေါင်းပြတ်၊ ဦးခေါင်းကြေမွ၊ ဘယ်ခြေကျင်းဝတ်ပြတ်၊ ဘယ်ဒူးခေါင်းပေါက်ပြဲဒဏ်ရာ၊ အသက် ၂၀ ဝန်းကျင်ခန့်သည် မှောက်လျက်အနေအထားဖြင့် လည်းကောင်း၊ ၄င်းသံလမ်းအောက် မင်္ဂလာတူးမြောင်းဘေးတွင် အသက် ၂၀ ခန့်ရှိ အမျိုးသားတစ်ဦးသည် မျက်နှာပွန်းပဲ့ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာတို့ဖြင့် လည်းကောင်း သေဆုံးနေသည်ကို တွေ့ရှိရပြီး သေဆုံးသူ အမည်မသိ အမျိုးသားဝတ်ဆင်ထားသော အင်္ကျီဘယ်ဘက်အိတ်ကပ် အတွင်းမှ ထောင်ဝင်အမှတ် မတလ/ ၁၃/၀၀၇၉၁/က စိုးမင်းသူ(ဘ) ဦးခင်မောင်ကြည် အသက် ၂၀ နှစ် အေးမြကြည်လင် ကွက်သစ် ကျောက်ဆည်မြို့ဟု ပါရှိသော လက်မှတ်အား စစ်ဆေးတွေ့ရှိရပြီး အဆိုပါသေဆုံးသူ အမည်မသိ အမျိုးသားအား မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ရင်ခွဲရုံတွင် ပီအာရ်အမှတ် ၁၄/၁၃ ဖြင့် လည်းကောင်း၊ အမျိုးသမီးအား ပီအာရ်အမှတ် ၁၅/၁၃ တို့ဖြင့် လည်းကောင်း လက်ခံခဲ့ပြီး သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးနိုင်ရန် မေ ၂၆ ရက် နံနက် ၆ နာရီခွဲတွင် သေမှုသေခင်း အမှတ်စဉ် ၁၁/၂၀၁၃ဖြင့် ရေးဖွင့်၍ ရဲမှူးဝင်းနိုင်မော်မှ စစ်ဆေးလျက်ရှိပြီး သေဆုံးသူနှစ်ဦး၏အမည် နေရပ်လိပ်စာတို့ အား အတည်ပြုနိုင်ရေးကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မိုးသည်းထန်၍ တောင်ကျရေစီးကြမ်းကာ လမ်းပေါ်ရွှံ့များရောက် မန္တလေး - မူဆယ်လမ်းမကြီး၌ လမ်းချော်ကားတိမ်းမှောက်၍ လူသေဆုံး

ကျောက်မဲ မေ ၂၇

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေစီးကြမ်းကာ ရွှံ့နွံများ မော်တော်ကားလမ်းပေါ် တစ်ပေနီးပါး ခန့်ကျသဖြင့် လမ်းချော် ကားတိမ်းမှောက်သွားကာ လူသေဆုံးမှုဖြစ်ရပ်တစ်ခု မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအနီးတွင် ယနေ့ ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နေ အောင်ကျော်မိုး မောင်းနှင်သော လိုက်ထရပ်ကား (၈ဈ/---)သည် ခိုမုန်းကျေးရွာအနီးအရောက် တွင် ရွှံ့နွံများကြောင့် လမ်းချော်ပြီး တိမ်းမှောက်သွားရာ ကားပေါ်ပါ ကိုကျော်နိုင်လင်း (၄၁)နှစ် ပခုက္ကူမြို့ ရပ်ကွက် (၁၁)နေသူမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားပြီး မသန်းသန်းနွယ် (၃၅)နှစ်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသဖြင့် ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသထားရသည်။

ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အဆိုပါ လမ်းပေါ်တွင်ရှိနေသော ရွှံ့နွံများကို ဖယ်ရှားခြင်း၊ မီးသတ်ပိုက်များဖြင့် ပက်ဖျန်းဆေးကြောခြင်း၊ လမ်းမချော်ရန် သဲကျောက်များ ဖြန့်ဖြူးခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း စသည့် လုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင် ကြီးကြပ်လမ်းညွှန်မှု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူး မျိုးဟိန်း ဦးစီးသော တပ်မတော်သားများ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် ဝန်ထမ်းများ အေးရှားဝေါလ်ကုမ္ပဏီမှ ပြင်ဦးလွင်-လားရှိုးလမ်းပိုင်း စီမံကိန်းမန်နေဂျာ ဦးဌေးတင်၊ အင်ဂျင်နီယာ ဦးဇော်မင်းမောင်တို့ ဦးစီးသောဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုကြီးဦး နှင့်တပ်ဖွဲ့ဝင်များ၊ ခိုအုန်၊ ခိုမုန်း၊ ပြိန်းနင်ရွာများမှ ဒေသခံပြည်သူများက ရှင်းလင်းဖယ်ရှားပေးကြရာ ည ၉ နာရီတွင် ရှင်းလင်းသွားသဖြင့် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် ခရီးသွားများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ကြပြီဖြစ်သည်။

မောင်မောင်
ကျောက်မဲ

ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအနီး မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၌ မိုးသည်းထန်၍ တောင်ကျရေစီးနှင့်ပါလာသော ရွှံ့နွံများအား ရှင်းလင်းဖယ်ရှားစဉ်။

အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲကျင်းပ

လားရှိုး မေ ၂၇

လားရှိုးခရိုင် ပညာရေးကော်မတီနှင့် ပါရာဂွန်အင်တာနေရှင်နယ် နိုင်ငံတကာ ပညာရေးသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သော နိုင်ငံခြား အောင်လက်မှတ်ရ နွေရာသီ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ သင်တန်း အမှတ်စဉ် (၁/၂၀၁၃) သင်တန်း ဆင်းပွဲကို မေ ၂၆ ရက်က လားရှိုးတက္ကသိုလ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးက အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ထူးချွန်ကျောင်းသားများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများက ဆုများချီးမြှင့်ပေးခဲ့ကြပြီး ပါရာဂွန်အင်တာနေရှင်နယ်မှ ပညာတော်သင်ဆုရရှိကြသူ သုံးဦးအား သင်တန်းကျောင်းတာဝန်ခံ ဦးဗိုလ်ဗိုလ်အောင်က ပေးအပ်ချီးမြှင့်သည်။

ဇော်လွင်(လားရှိုး)

ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ ရှေးဟောင်းရုပ်စုံကျောင်းပြုပြင်ထိန်းသိမ်းထား

နေပြည်တော် မေ ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာရှိ ရှေးဟောင်းရုပ်စုံ ကျောင်းသို့သွားရောက်၍ ကျောင်းအောက်ခြေ ကျွန်းတိုင်ကြီးများ ပြုပြင်ထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းရှိ သစ်သားပန်းပုရုပ်လုံးရုပ်ကြွလက်ရာများသည် သမိုင်းတန်ဖိုး၊ အနုလက်ရာတန်ဖိုးကြီးမားသဖြင့် ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ထိန်းသိမ်းပြုပြင်ရန် လိုအပ်ချက်ကို တွက်ချက်တင်ပြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၆ ရက် နံနက်ပိုင်းတွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်၍ ယဉ်ကျေးမှုဇုန် ကြေးငွေကောက်ခံရေး ဂိတ်များကို ကြည့်ရှုစစ်ဆေးကာ ပြည်ပဧည့်သည်များခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ငွေကောက်ခံမှုစနစ်တကျရှိရေး၊ အလေအလွင့်မရှိရေးတို့ကိုမှာကြားပြီး သီရိဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာရှိ ရှေးဟောင်းရုပ်စုံကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဦးနှင့်အဖွဲ့က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ လာအိုနိုင်ငံဘက်တံတားအစိတ်အပိုင်းကို လာအိုအင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး အုတ်မြစ်မှာ 1.5 M ø Bored Pile Foundation ဖြစ်သည်။ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်မည်ဖြစ်သည်။

စီစဉ်ထား

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား အရှည်မှာ ချဉ်းကပ်တံတားအပါအဝင် စုစုပေါင်း ၆၉၁ ဒသမ ၆ မီတာ (၂၂၆၈ ပေ ၆ လက်မ)ရှိပြီး ပင်မတံတားအရှည်မှာ မီတာ ၃၆၀ ရှိသည်။ တံတားအကျယ်မှာ ၈ ဒသမ ၅ မီတာ (၂၈ ပေ)ရှိပြီး နှစ်လမ်းသွားဖြစ်သည့်အပြင် ကားလမ်းတစ်ဖက်တစ်ချက်တွင် အကျယ် ၁ ဒသမ ၂ မီတာ (၃ပေ)ကျယ်သော လူသွားလမ်းလည်းပါရှိသည်။ တံတားပေါ်တွင် ကားများသာမက လူများလမ်းလျှောက်သွားလာနိုင်အောင် စီစဉ်ထားခြင်း ဖြစ်သည်။

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား၏ ရေလမ်းကင်းလွတ်နယ်မှာ အမြင့် ၁၀ မီတာရှိပြီး အကျယ်မှာ ၁၁၀ မီတာရှိသည်။ ထို့ကြောင့် တံတားအောက်မှ ရေယာဉ်များ ဘေးကင်းစွာဖြတ်သန်းမောင်းနှင်သွားလာနိုင်မည်ဖြစ်သည်။ တစ်ဖန် တံတား၏ မော်တော်ယာဉ်တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန်ဖြစ်ရာ ကုန်တင်ယာဉ်များလည်း ကောင်းမွန်စွာ မောင်းနှင်ဖြတ်သန်းနိုင်မည် ဖြစ်သည်။

၎င်းတံတားတွင် မြန်မာနိုင်ငံဘက်မှ ချဉ်းကပ်တံတားတိုင်ခြောက်တိုင်တည်ဆောက်ရမည်ဖြစ်ပြီး စုစုပေါင်း ဘိုးပိုင် ၃၆ လုံး ပြုလုပ်ရမည်ဖြစ်သည်။ ယင်းတို့မှာ ချဉ်းကပ်တိုင် A_1၊ M_5၊ M_4၊ M_3၊ M_2၊ M_1တို့ဖြစ်ပြီး ချဉ်းကပ်တိုင်တစ်တိုင်တွင် ဘိုးပိုင်ခြောက်လုံး တည်ဆောက်မည်ဖြစ်ရာ ယခုအခါ ကမ်းကပ်ခုံ ချဉ်းကပ်တိုင် A_1 ကို စတင်တည်ဆောက်လျက်ရှိပြီး ဘိုးပိုင်ခြောက်လုံးအနက် လေးလုံး တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။ ယင်းအနေအထားကြောင့်တံတားတစ်စင်းလုံး၏ ဘိုးပိုင်ပြီးစီးမှုအနေအထားမှာ ၁၁ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် တံတား၏ မြန်မာနိုင်ငံဘက်ခြမ်းတွင် ပင်မတံတား၌ ရေလယ်တိုင်နှစ်တိုင် RP-1နှင့် RP-2တို့ တည်ဆောက်လျက်ရှိရာ ယခုအခါ ရေလယ်တိုင် RP-1 တွင် ဘိုးပိုင်ရှစ်လုံးပြုလုပ်ရန်ရှိသည့်အနက် ဘိုးပိုင်တစ်လုံး ပြီးစီးနေပြီး ရေလယ်တိုင် RP-2 တွင် ဘိုးပိုင် ၁၅ လုံးပြုလုပ်ရန်ရှိသည့်အနက် ဘိုးပိုင် ၁၁ လုံး ပြီးစီးနေပြီဖြစ်သည်။ ထို့ကြောင့် ရေလယ်တိုင်များတွင် ဘိုးပိုင်လုပ်ငန်းပြီးစီးမှုမှာ ၅၂ ရာခိုင်နှုန်းရှိနေပြီဖြစ်သည်။ ထို့အတူ လာအိုနိုင်ငံဘက် တံတားတည်ဆောက်မှုလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းပြုလုပ်နေလျက် ရှိသည်။

လာအိုနိုင်ငံဘက်တွင် တံတားချဉ်းကပ်တိုင်ငါးတိုင်နှင့် ရေလယ်တိုင်နှစ်တိုင်ကို လာအိုအင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး နှစ်ဖက်စလုံးမှ တံတားတည်ဆောက်မှု သတ်မှတ်ချိန်အတွင်း ပြီးစီးရန် ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ယခုအချိန်တွင် တံတားတစ်စင်းလုံး၏ အောက်ခြေထည်လုပ်ငန်းများ ၁၁ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ တံတားအပေါ်ထည်သံပေါင်များအတွက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးကော်မတီက နိုင်ငံတကာအိတ်ဖွင့်တင်ဒါခေါ်ယူထားပြီ ဖြစ်သည်။

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စတင်တည်ဆောက်နေခြင်းဖြစ်ပြီး ၁၈ လအတွင်း အပြီးတည်ဆောက်ရန် စီစဉ်ထားသည်။ တံတားစံချိန်စံညွှန်းမှာလည်း AASHTO-HS 25 ဖြစ်ပြီး သတ်မှတ်ကာလအတွင်း တံတားတည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ-လာအို နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား တည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ဆက်သွယ်သွားလာမှုများ တိုးတက်လာမည့်အပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် ချိတ်ဆက်ထားသည့် ဇရာဝတီ-ကျောက်ဖရား-မဲခေါင်လမ်းအတိုင်း ဆက်စပ်သွားလာကုန်သွယ်နိုင်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ဟန်ချက်ညီညီဖြင့် ဖြစ်ထွန်း ပေါ်ပေါက်လာမည်မှာ အမှန်ပင်ဖြစ်သည်။

(မြန်မာ့အလင်း)

ရေလယ်တိုင် (RP-2) Bored Pile သံခြင်းချနေပုံ။

ပြည်တွင်းသတင်း

ကျောင်းဖွင့်ရာသီ နေပြည်တော်မှ ကျောင်းသားမိဘများ၏ ရင်ဖွင့်ပြောကြားစကားသံများ

ကိုပေါက်(နေပြည်တော်)

ကျောင်းဖွင့်ရာသီ. . ရောက်လေပြီ။ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍအဆင့်မြင့်မားတိုးတက်လာစေရန် ဘက်စုံကဏ္ဍစုံမှ အစွမ်းကုန်အားပေးကြိုးစားဆောင်ရွက်နေသည့်အတွက် မူလတန်းအခမဲ့ပညာရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်၏။ ယခုနှစ် ကျောင်းဖွင့်ရာသီတွင် ယခင်နှစ်များနှင့်မတူ ပိုမိုထူးခြားကောင်းမွန်သည့် အစီအမံတစ်ရပ်ကို မှတ်မှတ်ထင်ထင် တွေ့မြင်သိရှိမှတ်တမ်းတင်မိသည်။

"ကျွန်မသမီးက ဒီနှစ်တစ်တန်း(ပထမတန်း)တက်ရတော့ မနက်ကကျောင်းသွားအပ်ဖြစ်တယ်။ သမီးသူငယ်တန်းစတက်ရတဲ့ မနှစ်တုန်းက ကျောင်းအပ်ခ(ဝင်ကြေး)မပေးရဘူး။ အလှူငွေမကောက်ခံဘူး။ ပြီးတော့ ဖတ်စာအုပ်တွေနဲ့ လေးကြောင်းမျဉ်း ဗလာစာအုပ်တွေလည်း ထည့်ပေးတယ်။ သမီးကတော့ ကလေးပီပီပျော်နေတာပေါ့။ ဒီနှစ်တစ်တန်းတက်လို့ ကျောင်းသွားအပ်တော့ မနှစ်ကထက် ပိုလာတဲ့ အချက်တစ်ခုကို တွေ့လာတယ်။ အဲဒါကတော့ မနှစ်ကရတဲ့ အခွင့်အရေးတွေအပြင် ငွေကျပ် ၁၀၀၀ ကိုပါ ထပ်ပြီးပေးနေတာ။ သမီးကသူ့အတွက် မုန့်ဖိုးပေးတာဆိုပြီးတော့ ပျော်နေလေရဲ့။ ကျွန်မတို့ မိဘတွေအနေနဲ့လည်း ကိုယ့်သားသမီးဝမ်းသာတော့ အလွန်ပျော်ရွှင်ကျေနပ်မိတာအမှန်ပဲ။ ဒါဟာ. . နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍမှာ ဘယ်လောက် အလေးထားဆောင်ရွက်နေတယ်ဆိုတာ ပေါ်လွင်တဲ့အချက်ပါပဲ။ ကျွန်မအပါအဝင် ကျောင်းသားမိဘတွေအားလုံး ဘယ်သူ့ကိုပဲမေးမေး ကျွန်မလိုပဲ ဖြေမှာအသေအချာပါပဲ။ တကယ့်ကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်တာပါ။

"ဒီငွေ ၁၀၀၀ ဟာ တကယ်တမ်းဆိုရင် မပြောပလောက်တဲ့ ပမာဏလို့ ခပ်ပေါ့ပေါ့တွေးနိုင်ပေမယ့် အတိုင်းမသိတဲ့တန်ဖိုးတွေ ပါဝင်နေတယ်ဆိုတာ လေးလေးနက်နက်တွေးကြည့်ရင် ခံစားသိနိုင်ပါလိမ့်မယ်။ ကလေးတွေရဲ့ရှုထောင့်ကကြည့်ရင် သူတို့စာကြိုးစားဖို့ မုန့်ဖိုးပေးတာဆိုပြီး ကလေးအတွေးနဲ့ ဝမ်းသာပီတိတွေဖြစ်ကြ၊ အဲဒီကတစ်ဆင့် ပိုပြီးစာကြိုးစားချင်စိတ်တွေ ပေါ်ပေါက်လာစေပါလိမ့်မယ်။ ကျွန်မတို့လို ကျောင်းသားမိဘတွေရဲ့အမြင်အရ ဒါဟာအလွန်ကောင်းမွန်တဲ့ ပညာရေးစနစ်ကိုသွားဖို့ ဦးတည်နေတဲ့ နိုင်ငံတော်အစိုးရရဲ့ အစီအစဉ်ကောင်းတစ်ရပ်လို့မြင်ပါတယ်"ဟု နေပြည်တော် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းတွင် ပထမတန်းတက်မည့် သမီးငယ်ကို ကျောင်းလာရောက်အပ်နှံသူ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

သို့သော် ကျောင်းဖွင့်ရာသီအတွက် အခြားသောရှုထောင့်တစ်ရပ်မှ ကြိုတင်တွေးပူရင်မောနေကြသည့် ကျောင်းသားမိဘများ၊ အုပ်ထိန်းသူများ၏ ဖွင့်ဟပြောကြားမှုများကိုလည်း အောက်ပါအတိုင်း ကြားသိခဲ့ရသည်။

"အိမ်ကမြေးလေး ဒီနှစ် ခြောက်တန်းရောက်တယ်။ ကျူရှင်လခက တစ်လခြောက်သောင်းတဲ့။ သူ့အတန်းပိုင်ဆရာမဆီမှာပဲ ထားရမှာလေ။ စားစရာမရှိပေမယ့် ကလေးပညာရေးတိုးတက်ဖို့ဆိုတော့လည်း မဖြစ်ဖြစ်အောင်ထားရတော့မှာပဲ"ဟု ဆဌမတန်းသို့ တက်ရောက်ရမည့် မြေးမငယ်၏ ပညာရေးအတွက် ရတက်မအေးဖြစ်နေရှာသည့် အဘွားတစ်ဦးက ညည်းညူရင်ဖွင့်၏။

"နိုင်ငံတော်အပိုင်းက တကယ့်ကိုကောင်းမွန်းတဲ့စေတနာနဲ့ အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေတာ လက်တွေ့သိမြင်ရသလို အားလုံးလည်း နာလည်ကြမှာပါ။ ဒါပေမယ့် အောက်ခြေမှာ ခြစားနေသရွေ့တော့ ဒီပညာရေးမဏ္ဍိုင်ကြီး ခိုင်မာတောင့်တင်းဖို့ဆိုတာ မလွယ်သေးပါဘူး။ အဓိကကတော့ ကျောင်းက ဆရာဆရာမတွေ ကျောင်းစာသင်ခန်းအတွင်းမှာ ပြဋ္ဌာန်းစာအုပ်ထဲက ပါသမျှသင်ခန်းစာတွေကို ကျောင်းသားတွေ ကျေညက်နားလည်အောင် သင်ပြပေးဖို့လိုနေပြီ။ နင်တို့နားမလည်ရင်ကျူရှင်လာတက်ပေါ့ ဆိုတဲ့ ပုံစံမျိုးတွေလည်း မရှိသင့်တော့ဘူးလို့ ယူဆပါတယ်။ ကျောင်းသားလေးယောက်၊ ငါးယောက်စီ ဝိုင်းစုဖွဲ့ပြီး ကျောင်းသားမိဘတွေရဲ့အိမ်တွေမှာ တစ်အိမ်တက်ဆင်း ကျူရှင်လိုက်သင်ပေးနေတာတွေက တော်တော်သရုပ်ပျက်လောက်အောင် ဆိုးဆိုးရွားရွားမြင်နေရတဲ့ မြင်ကွင်းတွေဖြစ်လာနေပြီ"ဟု ကျောင်းသားဖခင်တစ်ဦးဖြစ်သည့် ခနသိဒ္ဓိရပ်ကွက်နေသူ ဦးသန်းအောင်က ပြောပြသည်။

"မနှစ်က အမှတ်( )အခြေခံပညာအထက်တန်းကျောင်းကဆရာမတစ်ယောက်ဆိုရင် တော်တော်လူပြောများတယ်။ သူသင်တဲ့ မူလတန်းစာသင်ခန်းထဲက ကလေးတွေ တော်တော်များများ သူ့ရဲ့အိမ်မှာကျူရှင်ယူကြတယ်။ သူတို့ ဆရာဆရာမတွေက ကျောင်းပရိဝုဏ်အတွင်းမှာ နေကြတာဆိုတော့ ကလေးတွေက တစ်နေကုန်တစ်နေခန်း ကျောင်းထဲမှာစာသင်။ ညနေကျောင်းဆင်းချိန်ရောက်တော့ ဆရာမအိမ်ကို ဆက်လိုက်သွား။ ပြီးတော့ ကျူရှင်ဆက်တက်ကြနဲ့ လုံးလည်ချာလည်လိုက်နေတာပဲ။"

ကျောင်းစာသင်ခန်းအတွင်း သင်ခန်းစာများကို ကျေညက်အောင်သင်ကြားပေးနိုင်မည်ဆိုပါက ကျောင်းသားကျောင်းသူလေးများအနေဖြင့် ပြင်ပကျူရှင်ယူရန် လိုအပ်မည်မဟုတ်ကြောင်း၊ ကျောင်းသားမိဘများအနေဖြင့် မြင့်မားလှသည့် ကျူရှင်အသုံးစရိတ်များအတွက် ပိုမိုကျခံသုံးစွဲရန် အခက်အခဲများရှိနေကြောင်း ယင်းတို့၏ ပြောကြားချက်များအရ သိရှိရသည်။

"ကျူရှင်တွေရှိမနေဘူးဆိုရင် ကျောင်းသားကျောင်းသူတွေအနေနဲ့ အားလုံးတစ်ပြေးညီသာတူညီမျှ ပညာသင်ကြားခွင့်ရရှိလာမှာပါ။ အဲဒီအခါမှာ ကျူရှင်မတက်နိုင်တဲ့ ကလေးတွေအတွက်လည်း စိတ်အားငယ်မှုတွေ၊ သိမ်ငယ်မှုတွေ မရှိနိုင်တော့ဘဲနဲ့ စာသင်ခန်းအတွင်းမှာလည်း တန်းတူအခွင့်အရေးတွေ ရရှိလာနိုင်လိမ့်မယ်လို့ ထင်ပါတယ်" ဟု ဦးသန်းအောင်က ဆက်လက်ပြောပြခဲ့သည်။

ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်သစ်ကြီး တည်ဆောက်အံ့ဟူသည့် ပညာရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ **ပညာမြင့်မှလူမျိုးတင့်မည်**ဟူသည့် အသိတရား ကိုယ်စီထားကာ စာသင်သား ကျောင်းသားကျောင်းသူတို့က မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထက်သန်စွာ အားထုတ်ကြိုးပမ်းကြရန် လိုအပ်ပေသည်။ အလားတူ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသည့် နာသုံးနာတည်ရှိပြီး ဆရာဆရာမများအနေဖြင့်လည်း ကရုဏာနှင့် ကိုယ်ချင်းစာနာစိတ်များ ထပ်ဆောင်းပံ့ပိုးကာ အနာဂတ်၏ခေါင်းဆောင်လောင်း ရင်သွေးငယ်များ၏ ပညာရေးအခြေ မြင့်မားစေရေးအတွက် အဂတိတရားကင်းကင်းဖြင့် ကလေးငယ်များ ပညာတတ်မြောက်စေရေးကို အားသွန်ခွန်စိုက် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းဖော်ပြအပ်ပါသည်။

ကန်ပေါက်ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း လဲလှယ်စဉ် ဓာတ်အားထုတ်လုပ်မှုရပ်တန့်မည်

နေပြည်တော် မေ ၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာန လက်အောက်ရှိ သထုံနှင့်မော်လမြိုင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များသို့ ဓာတ်ငွေ့ပေးပို့သော စွမ်းအင်ဝန်ကြီးဌာနမှ ကန်ပေါက်ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် သံဖြူဇရပ်မြို့နယ် ဝဲဝက်ာရာကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း LT 685571 တွင် ဓာတ်ငွေ့ယိုစိမ့်မှုများ မကြာခဏဖြစ်သဖြင့် ၂၆-၅-၂၀၁၃ ရက် ညနေ ၆ နာရီမှ ၂၈ -၅-၂၀၁၃ရက် ညနေ ၆ နာရီခန့်အထိ ပိုက်လိုင်း ၆၇ လုံးလဲလှယ်လျက်ရှိ၍ သထုံဓာတ်အားပေးစက်ရုံမှ တာဘိုင်စက်သုံးလုံးနှင့် မော်လမြိုင်ဓာတ်အားပေးစက်ရုံမှ တာဘိုင်စက်တစ်လုံးအား ဓာတ်အားထုတ်လုပ်မှု ရပ်တန့်မည်ဖြစ်သည်။

ထိုသို့ သထုံနှင့်မော်လမြိုင်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များရပ်တန့်ရသဖြင့် လျှပ်စစ်ဓာတ်အား ၃၉ မဂ္ဂါဝပ်ခန့် လျော့နည်းကျဆင်းခဲ့ပြီး လိုအပ်သော ဓာတ်အားကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပိုက်လိုင်းပြုပြင်ပြီးစီးပါက ဓာတ်အားဖြန့်ဖြူးမှုအား ပုံမှန်အတိုင်း ဆက်လက်ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကျန်းမာရေးကူညီစောင့်ရှောက်ရေးအသင်းအတွက် မော်တော်ယာဉ်လှူဒါန်း

သာစည် မေ ၂၇

သာစည်မြို့နယ် ညောင်ရမ်းကျေးရွာ အလင်းအိမ်ကျန်းမာရေးကူညီစောင့်ရှောက်မှုအသင်းအတွက် မော်တော်ယာဉ်လှူဒါန်းပေးအပ်ပွဲကို မေ ၂၃ ရက်က ညောင်ရမ်းကျေးရွာ စိတ္တသုခမ္မာရုံ၌ ကျင်းပရာ ထောက်ကြံ့မြို့နေ သမာဓိစိုက်ပျိုးရေးဆေးဆိုင်မှ အလှူရှင် ဦးတင်ညွန့်-ဒေါ်ခင်မာဝေ မိသားစုက ပင့်သံဃာ ၁၅ ပါးအား ဆွမ်းကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချအနုမောဒနာတရားနာယူကြသည်။

လှူဒါန်း

အလှူရှင်မိသားစုက သိန်း ၁၄၀ တန် လူနာတင်မော်တော်ယာဉ်တစ်စီးကားသော့နှင့် စာရွက်စာတမ်းများကို အလင်းအိမ် ကျန်းမာရေးကူညီစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဦးတိုးအောင်ထံ ပေးအပ်လှူဒါန်းခဲ့ပြီး **(ယာပုံ)** အလင်းရောင်ပညာဒါနအတွက် အလှူငွေကျပ် ၈၅ သိန်းကိုလည်း အလှူရှင်မိသားစုက ဆက်လက်လှူဒါန်းခဲ့သည်။ **တင်လှိုင်(မိတ္ထီလာ)**

နတ်မောက်မြို့နယ် ကျေးရွာအချို့တွင် ခိုင်းနွားများအတွက် နွားစာအခက်အခဲဖြစ်နေ

နတ်မောက် မေ ၂၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ယခင်နှစ် နောက်ပိုင်းက မိုးရွာသွန်းမှု အားနည်းခြင်းကြောင့် နွားစာပြောင်းများ ဖြစ်ထွန်းမှုနည်းပါးခဲ့ရသည်။ ယခင်နှစ်နှမ်းရိုးကျွတ်ချိန်တွင် ရွှေနီပြောင်း၊ ပြောင်းနက်၊ ပြောင်းဖြူမျိုးများ စိုက်ပျိုးခဲ့ပြီး ဖော်ပြပါနွားစာပြောင်းများကို ဆောင်းတွင်း၌ စက်ဖြင့်စဉ်း၍ သိုလှောင်ပြီး နွားများကို ကျွေးကြရသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးပြီး ခိုင်းနွားများအား ရောနှောကျွေးစရာ နွားစာများရှားပါးလာသဖြင့် နွားစာအခက်အခဲရှိနေကြောင်း နွေရာသီက လှောင်ထားသော နွားစာများ ကုန်သလောက်ဖြစ်နေသဖြင့် မြို့သစ်မြို့နယ်သို့ နွားလှည်းများ၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ပြီး နွားစာများ ဝယ်နေကြရကြောင်း သိရသည်။

ငွေကြေးမတတ်နိုင်

နွားစာစဉ်းဖတ် ဝယ်ဈေးနှုန်းမှာ ကောက်ရိုးစဉ်းဖတ် တစ်ခြင်းလျှင် ငွေကျပ် ၃၀၀ နှုန်း၊ ပြောင်းရိုးစဉ်းဖတ် တစ်ခြင်းလျှင် ငွေကျပ် ၆၀၀ မှ ၈၀၀ နှုန်းအထိ ဝယ်၍ကျွေးနေရကြောင်း၊ ငွေကြေးမတတ်နိုင်သူ တောင်သူများက ကုက္ကိုရွက်များ၊ ပင်းကန်ရွက်များ၊ ညောင်ရွက်များကို ခုတ်၍နွားစာအဖြစ်ကျွေးနေရကြောင်း သိရသည်။ **(၁၂၇)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မန္တလေး၌ ပညာပေးဟောပြော

မန္တလေး မေ ၂၇

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်းရှိ လမင်းမော်တော်ယာဉ်မောင်းအတတ်သင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းကျောင်းတာဝန်ခံကျောင်းအုပ်ကြီး ဦးလွင်လွင်ထွန်းနှင့် ယာဉ်မောင်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ ဟောပြောပွဲတွင် ရှေးဦးစွာ နံနက်ပိုင်း၌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲအုပ်မြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်း၊စည်းကမ်းများ မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားသောယာဉ်မတော်တဆမှုများကို လည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာဒေါ်ဥမ္မာအေးက သူတစ်ပါးထိခိုက်မှုအာမခံအလုံးစုံ၊ မော်တော်ယာဉ်အာမခံ၊ ခရီးသွားအာမခံလုပ်ငန်းအကြောင်းနှင့် အာမခံထားရှိခြင်းဖြင့် ရရှိနိုင်သည့်လျော်ကြေးအခြေအနေတို့ကိုလည်းကောင်း၊အသီးသီးဟောပြောကြပြီး မွန်းလွဲပိုင်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမှ စစ်ဆေးရေးမှူး(၂)ဦးဆန်းထွန်းက ယာဉ်မောင်းသူများလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ယာဉ်အမြန်နှုန်းသတ်မှတ်ချက်များ၊ လမ်းညွှန်အမှတ်အသားများ၊ ယာဉ်မောင်းလိုင်စင်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ထားသော ယာဉ်စည်းကမ်းဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များကို ဟောပြောကြရာ သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားဆွေးနွေးကြပြီး သင်တန်းတာဝန်ခံက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(၀၄၀)**

ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများအား အရေးယူ

အင်းတော် မေ ၂၇

အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာတွင် လူစည်ကားရာနေရာများနှင့်ယာဉ်ကြော ထူထပ်သည့်နေရာ မန္တလေး-မြစ်ကြီးနား ဗျူဟာကားလမ်းပေါ်ရှိ မော်လူးစံပြကျေးရွာ၏အချက်အချာကျသော မြို့တွင်းယာဉ်စည်းကမ်း-လမ်းစည်းကမ်းဖောက်ဖျက်သူများ၊ ဆိုင်ကယ်စီးဦးထုပ်မပါသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မေ ၂၀ ရက် နံနက် ၈ နာရီက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည်။

“မော်တော်ဆိုင်ကယ်စီးနင်းသူတွေကို အဓိကထားပြီး စစ်ဆေးတာဖြစ်ပါတယ်။ ဆိုင်ကယ်တစ်စီးတွင် နှစ်ဦးထက်ပိုမစီးဖို့၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းဖို့ဆိုတဲ့ စည်းကမ်းတွေကို လိုက်နာမှု ရှိမရှိ စစ်ဆေးပြီး အရေးယူ ဆောင်ရွက်ခြင်းဖြစ်ပါတယ်” ဟု မန္တလေး-မြစ်ကြီးနားဗျူဟာကားလမ်းအနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းစောင့်ရှောက်ရေးတာဝန် ဆောင်ရွက်နေသူတစ်ဦးက ပြောပြသည်။

မော်လူးစံပြကျေးရွာတွင် ယာဉ်မဆင်မခြင် မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ မကြာခဏဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်အန္တရာယ်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခြင်းကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စောင့်ရှောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်မောင်ဆွေ**

လီဗာနှင့်ဘရိတ်မှားနင်းမိ၍ ယာဉ်တိုက်မှုဖြစ်

မန္တလေး မေ ၂၇

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်း၊ ၇၃ နှင့် ၇၄ လမ်းကြားတွင် မေ ၂၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က ယာဉ်မတော်တဆမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဖြစ်စဉ်မှာ မန္တလေးမဟာအောင်မြေမြို့နယ် ၃၇ လမ်း ၈၂ လမ်းနှင့် ၈၃ လမ်းကြားနေ မအိခိုင်ဇော် (၂၇ နှစ်) မောင်းနှင်လာသော Hilux Super ၄ယ/ . . . သည် ယာဉ်ပေါ်တွင် လိုက်ပါလာသော ကလေးတစ်ဦးနှင့်အတူ ၇၃ လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ မောင်းနှင်လာရာ ၃၅ လမ်းသို့ ရောက်ရှိပြီး ကားကို အနောက်ဘက်သို့ ချိုးကွေ့လိုက်ပြီး မောင်းနေစဉ် ယာဉ်ပေါ်ပါ ကလေးငယ် ခန့်တေဇက ရုတ်တရက် ကားတံခါးကို ဖွင့်မိလိုက်သဖြင့် ယာဉ်မောင်းမအိခိုင်ဇော်မှာ စိတ်လှုပ်ရှားကြောက်လန့်သွားကာ လီဗာနှင့် ဘရိတ်မှားနင်းမိရာမှ ၃၅ လမ်းမြောက်ဘက်ခြမ်းရှိ ရွှေပွင့်လွှာသဘော်ဆေးနှင့် ကုန်မာဆိုင်ရှေ့လမ်းပေါ်နှင့် အနီးရှိလမ်းများပေါ်၌ ရပ်ထားသော ဆိုင်ကယ်ခြောက်စီးအပါအဝင် စက်ဘီးတစ်စီးတို့ကို အဆိုပါ ကားက ဝင်ရောက်တိုက်မိပြီးနောက် ရွှေပွင့်လွှာသဘော်ဆေးဆိုင်နှင့် ကုန်မာဆိုင်ထဲသို့ အနည်းငယ်ဝင်ရောက် တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ မတော်တဆဖြစ်ပွားမှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိမှုမရှိဘဲ ဆိုင်ကယ်ခြောက်စီး၊ စက်ဘီးတစ်စီးပျက်စီးကာ အဆိုပါဆိုင်မှ သဘော်ဆေးဘူးအချို့ ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်းနှင့် ယာဉ်မတော်တဆဖြစ်စဉ်ကို သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူတို့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေး-ကိုယ်ပွား)**

ရှေးဦးပြုစုခြင်း (ကြက်ခြေနီ) သင်တန်းဖွင့်

ခင်ဦး မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီအသင်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလှုပ်ရှားမှုအဖြစ် ဆရာ ဆရာမများအား ရှေးဦးပြုစုခြင်း (ကြက်ခြေနီ) သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းသင်တန်းခန်းမ၌ မေ ၂၃ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး(မြို့နယ်ဆရာဝန်ကြီး) ဦးကျော်နိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အတွင်းရှိ မူလတန်းအဆင့် ဆရာ ဆရာမ၊ အလယ်တန်းအဆင့် ဆရာ ဆရာမများ တက်ရောက်သင်ကြားကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိခင်ဦးမြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်စသည့်မြို့နယ်ပေါင်းသုံးမြို့နယ် တစ်ပြိုင်တည်း မေ ၂၅ ရက်အထိ သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **ရောင်နီတင်ဝင်း**

တရားမဝင်သစ် သတင်းပေးတိုင်ကြားနိုင်ရေးဆိုင်းဘုတ်များ စိုက်ထူ

မန်စီ မေ ၂၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်သစ်တောဦးစီးဌာနသည် တရားမဝင်သစ်ခိုးထုတ်နေမှုများကို သတင်းပေးတိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များပါရှိသည့် ဆိုင်းဘုတ်များကို မေ ၂၃ ရက်က မြို့နယ်အတွင်း စိုက်ထူခဲ့သည်။

မန်စီမြို့သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တရားမဝင်သစ်ခိုးထုတ်မှု နယ်မြေသတင်းများ စုံစမ်းထောက်လှမ်းခြင်း၊ နယ်မြေခံသတင်းပေးမွေးမြူ၍ သတင်းစုဆောင်းခြင်း၊ တိုင်ကြားချက်များအပေါ် ကွင်းဆင်း ဖော်ထုတ်အရေးယူဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ အများပြည်သူများအနေဖြင့် သစ်ခိုးထုတ်မှုများကို လွတ်လပ်လွယ်ကူစွာ သတင်းပေးပို့တိုင်ကြားနိုင်ရန်အတွက် ဆက်သွယ်ရန် ဖုန်းနံပါတ်များပါရှိသည့် ဆိုင်းဘုတ်များကို မြို့နယ်သစ်တောဦးစီးအရာရှိရုံးရှေ့၌လည်းကောင်း၊ ဗန်းမော်-ရွှေကူကားလမ်းဘေး သစ်ပုံဂိတ်အနီး၌လည်းကောင်း၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့စခန်းအနီး၌ လည်းကောင်း၊ ခမရ(၁၁၉) တပ်အနီး၌ လည်းကောင်း၊ မြို့နယ်တရားရုံး လမ်းဆုံအနီး၌လည်းကောင်း စိုက်ထူခဲ့ကြောင်း သိရသည်။ **လူပိုး(မန်စီ)**

အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများလှူဒါန်းလှူဒါန်း

မိုးကောင်း မေ ၂၇

ကချင်ပြည်နယ် မိုးကောင်းမြို့ ဇီဝိတဒါနစေတနာသွေးလှူရှင်များအသင်းသို့ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ လှူဒါန်းပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ထွေးထွေးဝင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မိုးကောင်းမြို့ အရှေ့ရပ်ကွက်နေ ဦးမျိုးမြင့်-ဒေါ်ဝါဝါဝင်း မိသားစုက သွေးလှူရှင် ၁၀၀ အတွက် ကာကွယ်ဆေးများကို အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်ထံ ပေးအပ်လှူဒါန်းပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမများက သွေးလှူရှင်တစ်ဦးချင်းအား အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထိုးပေးကြကြောင်း သိရသည်။ **(ဝ၆၂)**

အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်မည်

နတ်မောက် မေ ၂၇

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့် (၅) အရ ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၈ ရက် (ယနေ့) နံနက် ၉ နာရီတွင် ပေးအပ်ပွဲကျင်းပမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကျော်ဌေးမြင့်ထံမှ သိရသည်။

မြို့နယ်အတွင်း ရပ်ကွက် ငါးရပ်ကွက် ကျေးရွာအုပ်စု ၄၇ အုပ်စု ကျေးရွာပေါင်း ၁၆၉ ရွာ၌ရှိသော အိမ်ထောင်စုလူဦးရေစာရင်းမရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူများအား ၂၀၁၁ ခုနှစ် ဇူလိုင်လမှစတင်ပြီး မိုးပွင့်စီမံချက်များဖြင့် ဖြေလျှော့နည်းများအရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး မြို့မနှင့်ကျေးလက်နေပြည်သူများအား လွယ်လင့်တကူအဆင်ပြေချောမွေ့အောင် မိုးပွင့်စီမံချက်များဖြင့် စီမံဆောင်ရွက်ပေးသော တာဝန်ရှိသူများအား မြို့သစ်မြို့နယ်အတွင်းရှိ ပြည်သူများက ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်ကိုလည်း ကြားသိရသည်။ **နတ်မောက်သား**

စေတနာမွန် အခမဲ့ဆေးကုခန်းသို့ လူနာတင်ယာဉ်လှူ

အောင်လံ မေ ၂၇

အောင်လံမြို့ မေတ္တာမွန်လူမှုကူညီရေးအသင်း စေတနာမွန်အခမဲ့ဆေးကုခန်းသို့ လူနာတင်ယာဉ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါ ဆေးကုခန်း၌ကျင်းပရာ အလှူရှင်များဖြစ်သော နှစ်ဖက်မိဘများနှင့် ဦးစိုးပိုင်- ဒေါ်ခင်မြတ်ဆွေ (ပိုင်မိသားစုကုမ္ပဏီလီမိတက်ရန်ကုန်တို့) က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ လူနာတင်ယာဉ်နှင့် ယာဉ်ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ မေတ္တာမွန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်ကြည်နှင့် ဆရာဝန်များကိုယ်စား ဒေါက်တာသန်းထွန်းက လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် မေတ္တာမွန်လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးဝင်းမောင်ကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(၁၁၉)**

Toyota Forklift Sales, Service and Spare Center ဖွင့်

ရန်ကုန် မေ ၂၇

Toyota Forklift Sales, Service and Spare Center ဖွင့်ပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါအရောင်းပြခန်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးလှမြင့်နှင့် Toyota Tsusho Co.,Ltd. မှ Managing Director Mr. Kuroki တို့က အဆိုပါ Center ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အရောင်းပြခန်းအတွင်းရှိ Toyota Forklift ယာဉ်များကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ယင်း Center သည် Trendy Myanmar Co.,Ltd. နှင့် Toyota Tsusho Co.,Ltd. တို့ အကျိုးတူပူးပေါင်းပြီး Forklift ယာဉ်များကို ဖြန့်ဖြူးရောင်းချခြင်း၊ ဆက်စပ်ပစ္စည်း ရောင်းချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားလမ်း၊ ကားလမ်းဖောက်လုပ်ပြေးဆွဲနိုင်၍ ဖွံ့ဖြိုးလာသည့် မြို့ကသာ

ကသာ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့တို့ ကူးလူးဆက်သွယ်သွားလာနိုင်မည့် အဝေးပြေးကားလမ်း စီမံကိန်းကို ၂၀၀၈ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ရာ ကသာမြို့မှ ၁၈ မိုင်ကွာဝေးသည့် နမ့်စမ်းကျေးရွာအထိ ကတ္တရာလမ်းခင်းပြီးစီးပြီး ၂၄ မိုင်ကွာဝေးသည့် ချောင်းဝကျေးရွာအထိ ကျောက်ချောလမ်းခင်းပြီးဖြစ်သဖြင့် မေ ၂၃ ရက်မှ စတင်ကာ ချောင်းဝ-ကသာ လိုက်ထရပ်လိုင်းကားများ စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

လိုက်ထရပ်လိုင်းကားများ ကြောင့် ကသာမြို့နှင့် ချောင်းဝကျေးရွာ ဆက်သွယ်မှုမြန်ဆန်လာပြီး မိုးတားကြီး၊ မိုးတားလေး၊ နမ့်စမ်း၊ မှတ်တိုင်အစရှိသည့် ကျေးရွာပေါင်း ၂၀ ကျော်မှဒေသခံပြည်သူများ ကသာမြို့သို့ နေ့ချင်းပြန် လာရောက်နိုင်သည့်အတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

ကသာ-ဗန်းမော် မီးရထားလမ်းကိုလည်းဖောက်လုပ်လျက်ရှိရာ မိုးတားကြီးကျေးရွာဘူတာမှ ၁၆ မိုင်ဝေးသည့် ကသာမြို့သို့ နေ့ချင်းပြန် အထူးလူစီးမီးရထား နေ့စဉ်ပုံမှန် ပြေးဆွဲနိုင်ပြီဖြစ်ခြင်းကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လာမှု အပေါ် ပျော်ရွှင်ကျေနပ်လျက်ရှိကြောင်း သိရသည်။

"အရင်တုန်းက ကသာမြို့မြောက်ဘက်ဒေသကျေးရွာသားတွေ ကသာကိုလာချင်ရင် ဧရာဝတီမြစ်ကြောင်းကနေ လိုင်းမော်တော်စီးပြီး လာရတယ်၊ ရွာတွေကနေ မော်တော်ဆိပ်ရှိတဲ့နေရာရောက်ဖို့ ၅မိုင်၊ ၁၀မိုင်ခန့် တစ်ဆင့်သွားပြီးမှ မော်တော်စီးရတယ်၊ အခုရထားရော ကားရော ကြိုက်တာစီးနိုင်ပြီး ကသာကို နေ့ချင်းပြန်သွားနိုင်ပြီဖြစ်လို့ ကျွန်တော်တို့ ဒေသခံတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအားလုံး အရင်ကထက်ပိုပြီး အဆင်ပြေချောမွေ့လာပါတယ်၊ လက်တွေ့ကျတာတစ်ခုကို ပြောရမယ်ဆိုရင် ကသာကို ဒီနေ့ဝင်တဲ့သတင်းစာ၊ ဂျာနယ်တွေကို ကျွန်တော်တို့ရွာတွေမှာ နေ့မကူးဘဲ ချက်ချင်းဖတ်ရှုနိုင်တာ လက်တွေ့ဖြစ်ပါတယ်" ဟု မိုးတားကြီးကျေးရွာတွင်နေထိုင်သူ ဦးတက်ပိုးက ပြောကြားခဲ့သည်။

စမ်းဦး(ကသာ)

ကွမ်းလုံ၌ ကျောင်းအပ်နှံရေးနေ့နှင့် ထောက်ပံ့ကြေး ပေးအပ်ပွဲ ကျင်းပ

ကွမ်းလုံ မေ ၂၇

ရှမ်းပြည်နယ် ကွမ်းလုံခရိုင် ကွမ်းလုံမြို့တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း သံလွင်ဆောင်၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေရေး၊ ဘက်စုံထူးချွန်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာရေး၊ ကွမ်းလုံဒေသ ပညာရည်မြင့်မားရေး တို့အတွက် ဆွေးနွေးမှာကြားသည်။

ပေးအပ်

ထို့နောက် ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ငွေကျပ် ၅၀ ဒသမ ၇ သိန်း၊ ဖတ်စာအုပ် ၄၆၁၁ စုံ၊ ဗလာစာအုပ် ၃၇၃၅ ဒါဇင်တို့ကို ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အလှူငွေကျပ် ၅၀၀၀၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အလှူငွေကျပ် ၅၀၀၀၀ တို့ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

ထောက်ပံ့

၂၀၁၃-၂၀၁၄ ပညာသင်နှစ် မူလတန်းကျောင်းသားများအတွက် ကျောင်းသုံးစာအုပ်များနှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀ စီကို မြို့နယ်ပညာရေးမှူးက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ဆက်လက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်မဲမျက်စိအထူးကုဆေးရုံကြီး၌ ဆရာဝန်မရှိ၍ အခက်ကြုံနေ

ကျောက်မဲ မေ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့ရှိ ခုတင် ၂၀၀ ဆံ့ ခရိုင်ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်များ ပြောင်းရွှေ့သွားပြီးနောက် ယနေ့အထိ နောက်ထပ် အစားထိုးလက်ထောက်ဆရာဝန်များ မရောက်ရှိသည်မှာ တစ်လကျော် ကြာမြင့်ပြီဖြစ်ပြီး မျက်စိအထူးကုဆရာဝန်ကြီး တစ်ဦးလည်း ပြောင်းရွှေ့သွားခဲ့သည်မှာ ငါးလကျော် ရှိသွားပြီဖြစ်သည်။ ထို့ကြောင့် မြို့ပေါ်ရှိ တိုင်းရင်းသားမျက်စိဝေဒနာရှင်များ အခက်ကြုံနေကြရသည်။

ငွေကြေးတတ်နိုင်သော အချို့မျက်စိဝေဒနာရှင်များသည် မန္တလေး၊ လားရှိုးမြို့ကြီးများသို့ သွားရောက်ကုသနေကြရသည်။ ကျောက်မဲမြို့ရှိ မျက်စိအထူးကုဆေးရုံအသစ်ကြီးကို လွန်ခဲ့သည့် နှစ်နှစ်ခန့်က ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်လာရောက်ဖွင့်လှစ်ပေးခဲ့သည်။

ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်များ အမြန်ဆုံးလာရောက်ရန် မြို့နေပြည်သူများက စောင့်မျှော်လိုလားလျက်ရှိနေကြသည်ဟု သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး မြန်မာ့အလင်းက ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မေသင်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်မတို့ဆေးရုံကြီးမှာ မျက်စိအထူးကုဆရာဝန်ကြီးတစ်ဦးနဲ့ လက်ထောက်ဆရာဝန်တွေ လစ်လပ်နေတယ်ဆိုတာ ဟုတ်ပါတယ်၊ သက်ဆိုင်ရာကို တင်ပြထားပါတယ်၊ သက်ဆိုင်ရာက မကြာမီပို့လွှတ်ပေးမယ်လို့ သိရပါတယ်" ဟု ဖြေကြားသည်။

ဆက်လက်၍ ဆရာဝန်ကြီးရောက်ရှိလာနိုင်မည့်နေ့ရက်နှင့် ပတ်သက်၍မေးမြန်းရာ "အမြန်ဆုံးတော့ရောက်မယ်ထင်ပါတယ်၊ အခုလောလောဆယ် ငွေကြေးမတတ်နိုင်တဲ့ မျက်စိဝေဒနာရှင်တွေကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဦးဆောင်ပြီး စေတနာရှင် မျက်စိအထူးကုဆရာဝန်ကြီးတစ်ဦးနဲ့ မြို့ပေါ်က အလှူရှင်များ ပူးပေါင်းပြီး မျက်စိဝေဒနာရှင်များကို မေ ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ အခမဲ့ကုသပေးခဲ့ပါတယ်" ဟု ပြောကြားသည်။

ကုသပေး

ကျောက်မဲ မျက်စိအထူးကုဆေးရုံကြီးတွင် ခရိုင်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှု၊ ခရိုင်ဆေးရုံအုပ်ကြီး၏ ကြီးကြပ်မှုဖြင့် မေ ၂၄ ရက်နှင့် ၂၅ ရက်တို့က အမည်မဖော်လိုသည့် စေတနာရှင်မျက်စိအထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့သည် မြို့ပေါ်ရှိမျက်စိဝေဒနာရှင် ၅၀၀ ခန့်ကို အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် အခမဲ့ဆေးဝါးများ ကုသပေးခဲ့ပြီး လူနာ ၂၀ ကို ခွဲစိတ်ကုသပေးခဲ့ကြသည်ဟု သိရသည်။

မောင်မောင်(ကျောက်မဲ)

ပြည်တွင်းသတင်း

အာဆီယံ-ဂျပန်လူငယ်ပူးပေါင်းဖလှယ်ရေး အစီအစဉ်သို့တက်ရောက်ရန် ဂျပန်သို့ထွက်ခွာ

ရန်ကုန် မေ ၂၇

ဂျပန်နိုင်ငံ၌ မေ ၂၆ ရက်မှ ဇွန် ၂ ရက်အထိကျင်းပမည့် အာဆီယံ-ဂျပန်လူငယ် ပူးပေါင်းဖလှယ်ရေးအစီအစဉ်(၂)သို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့သည် ဂျပန်နိုင်ငံသို့ မေ ၂၅ ရက် ညနေပိုင်းက ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ ပွင့်ဖြူ၌ကျင်းပ

ပွင့်ဖြူ မေ ၂၇

ပွင့်ဖြူမြို့နယ်၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကို ပွင့်ဖြူမြို့ အထက ကျောင်းခန်းမ၌မေ ၂၇ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၂၅၀၀၀နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၂၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူခဲ့ပြီး မူလတန်းကျောင်းအုပ်ကြီးများအား အခမဲ့ကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ ရှာငံ၌ကျင်းပ

ရှာငံ မေ ၂၇

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက အထက ရှာငံပြဒါးလင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ မူလတန်းအဆင့်အတွက် ထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီနှင့် ပြည်နယ်အစိုးရမှ ထောက်ပံ့သည့် ကျောင်းသုံးဗလာစာအုပ်များနှင့် အလှူရှင်များကလှူဒါန်းသည့်အလှူငွေများကို ပေးအပ်ခဲ့သည်။ **(၆၇၀)**

ပဲခူးတွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ပဲခူး မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အထက(၃) ဝိုင်အမ်ဘီအေခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ကျောင်းသုံးစာအုပ် စာရေးကိရိယာများနှင့် အလှူငွေများကို မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်တင်ရွှေထံသို့ ပေးအပ်သည်။ **(အပေါ်ပုံ)** ပညာရေးဝန်ကြီးဌာန တိုင်းဒေသကြီးအစိုးရအဖွဲ့ စေတနာရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့်အလှူငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၈၆၁၅၈၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်စင်**

ကွမ်းလုံ၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ကွမ်းလုံ မေ ၂၇

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ် ကွမ်းလုံခရိုင် ကွမ်းလုံမြို့တွင် မေ ၂၅ ရက် နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိုရည်ရွယ်ပြီး ကျွန်း၊ သစ်လှ၊ မဲဇလီ၊ ရေမနေ၊ ယူကလစ်၊ မန်ကျည်းစသည့် အပင်ပေါင်း ၆၀၀ ခန့်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ် ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့်တို့က စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

ဆင်းကတ်များ မဲနှိုက်ရောင်းချ

ဖျာပုံ မေ ၂၇

ပထမအကြိမ် တန်ဖိုးနည်းဖုန်း ဆင်းကတ်များ ကျေးရွာတွင် မဲပေါက်သော်လည်း ဖျာပုံမြို့နယ်အတွင်း မြို့နယ်ခွဲတစ်ခုမှ သွားရောက်ထုတ်ယူရာတွင် ခရီးစရိတ် ငွေကျပ် ၅၀၀၀ ကုန်ကျသည်ဆိုသည့်သတင်းကို မေ ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပေးခဲ့ပါသည်။

ယင်းသို့ ဖော်ပြပေးခဲ့သည့်အတွက် အဆိုပါမြို့နယ်ခွဲတွင် ဒုတိယအကြိမ် တန်ဖိုးနည်းဖုန်း ခွဲတမ်းဆင်းကတ်၁၁၈၀အနက်မှ အလှမ်းဝေးပြီး သွားလာရေးခက်ခဲသည့် ကျေးရွာများအတွက် ဆင်းကတ်များအား ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များထံ ကြိုတင်ထုတ်ပေးထားသည့်အတွက် ကျေးလက်နေပြည်သူများ တန်ဖိုးနည်း ဖုန်းဆင်းကတ် ဒုတိယအကြိမ် ဝယ်ယူရရှိမှုအဆင်ပြေ၍ ဝမ်းသာလျက်ရှိကြသည်။

ဖျာပုံမြို့နယ်အတွက် ဒုတိယအကြိမ် တန်ဖိုးနည်းဖုန်း ဆင်းကတ် ၄၀၀၀ ခွဲဝေရရှိရာ အမှန်လိုအပ်သည့် ရဟန်းသံဃာတော်များအတွက် ကန့်သတ်ရောင်းချခြင်းနှင့်အတူ ဝန်ထမ်းများအတွက် သုံးချိုးတစ်ချိုးခွဲဝေပေးပြီး ကျန်ဆင်းကတ်များကို အိမ်ထောင်စုအမျိုးအစားအတိုင်း ခွဲဝေလျက် ရပ်ကွက်ကျေးရွာများတွင် အများပြည်သူရှေ့၌ မဲနှိုက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်း(ဖျာပုံ)

၁၅၀၀ တန် ဆင်းကတ် သုံးခွမြို့နယ်၌ ရောင်းချ

သုံးခွ မေ ၂၇

ပြည်သူများအထူးသက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန် ရည်ရွယ်ရောင်းချသည့် ငွေကျပ် ၁၅၀၀တန် CDMA-800MHz မိုဘိုင်းဖုန်းဆင်းကတ်များကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရပ်ကွက်ပြည်သူများ၊ ကျေးလက်ဒေသမှ ပြည်သူများအား ဒုတိယအကြိမ်အတွက် ရောင်းချပေးမည့် ဆင်းကတ်အရေအတွက် ၁၅၀၀ ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် သတ်မှတ်နေရာများ၌ထင်သာမြင်သာရှိအောင် အများပြည်သူများရှေ့တွင် မေ ၂၆ ရက်က တစ်ပြိုင်တည်း ဆင်းကတ်များကို မဲနှိုက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ငွေကျပ် ၁၅၀၀ တန် CDMA ဆင်းကတ်များကို ဧပြီလ ပထမအသုတ်အနေဖြင့် ကတ် ၁၃၀၀ ခွဲတမ်းရရှိပြီး ယခုမေလခွဲတမ်းဆင်းကတ် ၁၅၀၀ ရရှိ၍ ဆင်းကတ် ၂၀၀ ပိုမိုရရှိကြောင်း သိရသည်။

ကြည်စိုးလွင် (သုံးခွ)

ဘော်အိုင်ကျေးရွာ၌ သွားနှင့်ခံတွင်း ကွင်းဆင်းကုသ

နတ်မောက် မေ ၂၇

နတ်မောက်မြို့နယ် ဘော်အိုင်ကျေးရွာသို့ မန္တလေးမြို့ သုခဒန္တီသွားနှင့်ခံတွင်းဆေးကုဌာနမှ သွားဆရာဝန်များသည် မေ၂၄ ရက်က လူနာများကို ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

မန္တလေး သုခဒန္တီသွားနှင့်ခံတွင်း ဆေးကုဌာနမှ သွားဆရာဝန် ဒေါက်တာရဲဝင်းနိုင်နှင့်အဖွဲ့သည် ဘော်အိုင်ကျေးရွာ ပင်းကျားထူးကျေးရွာ၊ ပင်းဖုန်ကုန်းကျေးရွာနှင့် ပိတ်ချင်းတောကျေးရွာများမှ အမျိုးသား အမျိုးသမီး လူနာ ၈၉ ဦးကို သွားနှင့်ခံတွင်းရောဂါ ရှာဖွေကြည့်ရှုပေးခြင်း၊ သွားနုတ်ပေးခြင်းများ ကုသဆောင် ရွက်ခဲ့ကြောင်း သိရသည်။

(၁၂၇)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၇-၅-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၁၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၉၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၆ ကျပ်
ဥရောပ	တစ်ယူရို	၁၂၃၅ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၅ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၆ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၀၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၅၂၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၃၀၀ - ၂၇၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၇၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၉၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၃၅၀၀ -၂၄၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၅၀၀ -၂၆၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၀၀၀ -၁၀၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၃၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၀၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၄၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၀၀-၄၅၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၂၅-၁၃၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၅၆၀-၇၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။	သကြား	တစ်ပိဿာ	၈၈၀-၁၀၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

တနင်္သာရီဖွံ့ဖြိုးမှုအတွက် ထိုင်း၊ စင်ကာပူ၊ မလေးရှားမှစီးပွားရေးသမားများနှင့် ဆွေးနွေး

ရန်ကုန် မေ ၂၇

တနင်္သာရီတိုင်းဒေသကြီး အထူးစီးပွားရေးဇုန် အဆင့်မြင့်တင်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးခြင်းကို မေ ၂၃ ရက်က ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ပြီး အကြီးစား၊ အလတ်စား၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် တနင်္သာရီကမ်းရိုးတမ်းတစ်လျှောက် စီးပွားရေးလုပ်ငန်းမြှုပ်နှံမှု အလားအလာကောင်းများကို ဖော်ဆောင်နိုင်ခဲ့ကြသည်။

တနင်္သာရီကမ်းရိုးတန်း ပင်လယ်ဆိပ်ကမ်းတစ်လျှောက် ဒီရေတောများ ပြန်လည်ရှင်သန်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဘုတ်ပြင်းရေနက်ဆိပ်ကမ်း၊ ကရသူရိနှင့် ကော့သောင်း စီးပွားရေးဇုန်၊ မာရမ်းဒေသဖွံ့ဖြိုးရေး၊ အပန်းဖြေ ရေငန်ချိုးဆိပ်နှင့် ဟိုတယ်လုပ်ငန်း၊ ရေအောက်အဏ္ဏဝါလေ့လာရေးနှင့် အပန်းဖြေစခန်းတည်ဆောက်ရေးများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင် Mr.Ka Naren က ပြောကြားခဲ့ပြီး စင်ကာပူမှ စီးပွားရေးပညာရှင် Mr.Lan Pan Chin ကလည်း ထားဝယ်၊ မြိတ်၊ ကော့သောင်းဆိပ်ကမ်းများ အဆင့်မြှင့်တင်ရန် ရေအောက်သယံဇာတထိန်းသိမ်းစောင့်ရှောက်ရေး၊ သဲနုန်းများ တူးဖော်ဝယ်ယူနိုင်ရေး၊ အဏ္ဏဝါပြတိုက်၊ ဟိုတယ်နှင့်နည်းပညာရင်းနှီးမြှုပ်နှံရေးများကို ဆွေးနွေးခဲ့ကာ မလေးရှားမှ စီးပွားရေးလုပ်ငန်းရှင် Mr. EBRAHIM ကလည်း ကျောက်ဖျာဆိပ်ကမ်းစက်မှုဇုန်၊ မော်တောင် စီးပွားရေးဂိတ်၊ မြိတ်ရေနက်ဆိပ်ကမ်း၊ လန်ကာဝီဆိပ်ကမ်းနှင့် မဟာမိတ် ဆိပ်ကမ်းတည်ထောင်ရေး၊ ခြံထွက်ဆီအုန်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်များ တင်ပို့ရောင်းချနိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကလည်း ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စံပယ်ဖြူကျော်

ပျောက်ဆုံးခြင်း
ကျွန်တော် မောင်စိုးမိုးဝင်း ၁၀/မလမ(နိုင်)၁၇၃၃၄၂၏ နိုင်ငံကူးလက်မှတ်အမှတ် A-၂၉၆၆၅၆မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
မောင်စိုးမိုးဝင်း ဖုန်း-၀၉-၇၃၁၇၀၃၃၄

အမည်ပြောင်း
ဦးဇော်မင်းစိုး၏သမီး မြိတ်မြို့ အမက မြစ်ငယ် ပထမတန်းမှ မမေဖူးပွင့်နန်းပိုက်အား မမေဖူးပွင့်နန်းပိုင်ဟုပြောင်းလဲခေါ်ပါရန်။
မမေဖူးပွင့်နန်းပိုင်

မိဘအမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ခေတ်အေးအုပ်စု၊ ခေတ်အေးကျေးရွာနေ မောင်စိုးထွေး၏ မိဘအမည်မှန်မှာ ဦးအောင်ကြိုင်-ဒေါ်ကြူဖြစ်ပါကြောင်း။
ဦးအောင်ကြိုင်-ဒေါ်ကြူ

တစ်ဦးတည်းဖြစ်ပါကြောင်း
မသဇင်ဝင်း ၁၄/ကလန(နိုင်)၁၂၂၀၁၉ ၏ ဖခင်အမည်မှာ ဦးတင်စိုး(ခ)ဦးဌေးလွင် MAG-၂၅၇၄၄၇ မှာ တစ်ဦးတည်းဖြစ်ပါသည်။

ပျောက်ဆုံး
ကျွန်တော်များ WALRUS TWINS TRADING CO.,LTD. ၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၄၉၂၁၄၈၃၇

ဖခင်အမည်မှန်
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ယောက်သွားအင်းရွာ၊ အမကကျောင်း စတုတ္ထတန်းအောင် မမေသူပန်၏ ဖခင်အမည်မှန်မှာ ဦးမန်းဗဟာဒူး ၉/မကန(နိုင်)၀၈၇၉၇၄ဖြစ်ပါသည်။
ဦးမန်းဗဟာဒူး

အိမ်/မြေရောင်းမည်
မြောက်ဥက္ကလာ၊ နဝဒေးလမ်း၊ ပေ(၂၀×၆၀)၊ တစ်ထပ်အိမ်၊ ငွေကျပ်သိန်း ၁၅၀၊ တောင်ဒဂုံ(၁၄၀)ရပ်ကွက်၊ ပေ(၄၀×၆၀) ပါမစ်မြေ၊ ငွေကျပ်သိန်း၅၀။
ဖုန်း-၅၄၀၈၃၉၊ ၀၉-၅၁၅၂၇၄၉

အမည်ပြောင်း
ပြည်မြို့၊ ဆည်မြောင်းဝင်းနေ ဦးညီညီနိုင် ၇/သငန(နိုင်)၀၅၁၇၄၅ ၏သမီး မကြည်ဖြူရွှန်းလဲ့အား မဖြိုးပြည့်ခိုင်နှင့် သားဖြစ်သူ မောင်ထက်အောင်ထွဋ်အား မောင်ဟိန်းခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

RUBY 519100
09-51-77212, 535100

ပျောက်ဆုံးခြင်း
ကျွန်တော် မောင်ကျော်စည်သူမင်း (ဘ) ဦးရွှေမောင် ၁၀/ကမရ(နိုင်) ၀၅၉၉၅၀ CDC-No.54725 ၏ BST အမှတ် BST-22166/02 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၄၃၁၇၆၁၃၃

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း
အထူးစီမံကိန်းကြီးအဖွဲ့(၅)
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

[illegible]

(က)	[illegible]	(၂၇၅) [illegible]
(ခ)	5 Ply Wood (8'x4')[illegible]	(၂၇၅၀) [illegible]
(ဂ)	Binding Wire (18 Gauge)	[illegible]
(ဃ)	Welding Rod (78) (20kg)	(၃၀၀) ထုပ်
(င)	[illegible] (20kg)	(၂၅၀) ထုပ်

[illegible]

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး
(၆၃) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး

[illegible]

ချစ်ခင်လေးစားရပါသော ပရိသတ်ကြီးများသို့
တောင်းပန်ခြင်း

[illegible]

ချစ်ခင်လေးစားစွာဖြင့် - [illegible]

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအစီအစဉ် ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ အစီအစဉ်၌ မီးရှူးတိုင်စတင်ထွန်းညှိခြင်းနှင့် လက်ဆင့်ကမ်းသယ်ယူရေးညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအမျိုးသား အားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက အားကစားပြိုင်ပွဲဖွင့်ပွဲတွင် မီးရှူးတိုင်စတင်ထွန်းညှိခြင်းနှင့် လက်ဆင့်ကမ်းသယ်ယူခြင်းအစီအစဉ်ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ဆဲ သန္တိသုခဓမ္မာရုံကြီး အလှူရှင်များလိုအပ်လျက်ရှိ

ရန်ကုန် မေ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာ အုပ်စု စည်ပင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ သန္တိသုခဓမ္မာရုံကြီးကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ၂၅ ရာခိုင်နှုန်းသာ ကျန်ရှိနေသည်ဟု သိရသည်။ **(ဝဲပုံ)**

လှူဒါန်းနိုင်

ကျန်ရှိနေသည်များမှာ အဝင်တံခါးမကြီး၊ အတွင်းပြတင်းတံခါးပေါက်များ၊ ကြမ်းခင်းများ၊ မျက်နှာကြက်များ လိုအပ်နေသေးသည်ဖြစ်၍ အလှူရှင်များက လိုအပ်သည်များကို သွားရောက်လှူဒါန်းနိုင်ရန်အတွက် အသိပေး အကြောင်းကြားထားကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

အလိမ္မာ စာမှာရှိ

မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ်(၁) ဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ်(၁) ဆင်းပွဲကို မေ ၂၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန၌ ကျင်းပရာ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည့်သူများနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၄၈ ဦးဖြင့် ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ပြိုင်ပွဲဝင်ရန် စကော့တလန်သို့ထွက်ခွာ

ရန်ကုန် မေ ၂၇

မေ ၂၈ ရက်မှ ၃၀ ရက်အထိ စကော့တလန်နိုင်ငံ East Lothian ၌ ကျင်းပမည့် EUROPEAN CHAMPIONSHIP ကမ္ဘာ့လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် မေ ၂၅ ရက် ညနေပိုင်းက လေကြောင်းခရီးစဉ်ဖြင့် စကော့တလန်နိုင်ငံသို့ ထွက်ခွာခဲ့သည်။

အသင်းခေါင်းဆောင် အဖြစ် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်း၊ အားကစားသမားများဖြစ်သော ယဉ်မေမျိုး၊ သင်းဝေခိုင်တို့ ပါဝင်ပြီး ၎င်းတို့သည် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ လူငယ်ဂေါက်သီးအားကစားသမား ၄၀၀ကျော် ဥရောပ၊ အမေရိကနှင့် အာရှတို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်အထိ မလေးရှားနိုင်ငံ "Saujana Golf & Country Club, Selangor" ၌ ကျင်းပခဲ့သော "US Kids Golf World Championship Malaysia 2012" လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယဉ်မေမျိုးက ပထမဆုကိုလည်းကောင်း၊ သင်းဝေခိုင်က စတုတ္ထဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည့်အတွက် အထက်ပါပြိုင်ပွဲသို့ ဖိတ်ကြား၍ သွားရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၅ နိုင်ငံမှ လူငယ်ဂေါက်သီးအားကစားသမား ၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စွန့်ပစ်အဘိုးအိုအား ဂိလာနဆည်းဆာရိပ်မှ ပြုစုစောင့်ရှောက်

ရန်ကုန် မေ ၂၇

ကျန်းမာရေးချို့တဲ့နေသည့် အသက် (၉၂ နှစ်)ရွယ် အဘိုးတစ်ဦးအား ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း လာရောက်စွန့်ပစ်သွားသည့် ဖြစ်စဉ်တစ်ရပ် မေ ၂၄ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၄ နာရီခွဲခန့်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်းရှိ ပေတောကုန်းကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူကျောင်းလှေကားထစ်တွင် အမျိုးသားနှစ်ဦးက အဘိုးအိုတစ်ဦးအား တွဲခေါ်လာကာ ထိုင်လျက် အနေအထားချထားခဲ့သည်ကို အနီးရှိ ဈေးရောင်းသူတစ်ဦးက တွေ့မြင်လိုက်သည်။ လူရွယ်နှစ်ဦး ထွက်သွားသည်ကို မသင်္ကာသဖြင့် ကျောင်းကပ္ပိယအား အကြောင်းကြားရာ ကပ္ပိယက လိုက်လံရှာဖွေရာ မတွေ့ရှိရတော့ဟုဆိုသည်။ ကျိုက်တော်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အကြောင်းကြားသဖြင့် မြို့နယ်ရဲတပ်ဖွဲ့၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်တို့ ရောက်ရှိလာကာ စုံစမ်းမေးမြန်းစစ်ဆေးခဲ့ကြသည်။

အဘိုးအိုအမည်မှာ ဦးကြည်လွင် (၉၂ နှစ်)ဖြစ်ပြီး မော်လမြိုင်တွင် နေသည်ဟု ပြောကြားသည်။ ၈ မိုင်က လျှောင်းတော်မူဘုရားတွင် အဝတ်အစားများလုယူခံလိုက်ရကြောင်းပြောသည်။ အဖြူရောင် တီရှပ်အင်္ကျီနှင့်လုံချည်အပြာရောင်ကွက်စိပ် ဟောင်းနွမ်းတစ်ထည်ဝတ်ထားပြီး လည်ပင်းတွင် စိပ်ပုတီးတစ်ကုံးဆွဲထား၍ အခြားမည်သည့်ပစ္စည်းမျှ မပါရှိဟုသိရသည်။ လမ်းမလျှောက်နိုင်၍ ဘေးမှတွဲထူ လမ်းလျှောက်ရပြီး စိတ်ကျန်းမာရေးချို့တဲ့သည့် အနေအထားရှိသည်ဟုဆိုသည်။ နှစ်ကျိပ်ရှစ်ဆူကျောင်းဆရာတော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က **(အောက်ပုံ)**အဘိုးအိုကို ကျွေးမွေးပြုစုစောင့်ရှောက်ထားပြီး မေ ၂၅ ရက်နံနက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) ၁၂ ရပ်ကွက် မဟောသဓလမ်းရှိ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာသို့ သတင်းပေးပို့ အကြောင်းကြားခဲ့ရာ ရိပ်သာအုပ်ချုပ်ရေးမှူး ဦးဘိုဘို၊ ရိပ်သာ ဘဏ္ဍာရေးမှူး ဒေါ်ထွေးမြင့်တို့က လာရောက်ခေါ်ဆောင်ကာ ရိပ်သာတွင် ကျွေးမွေးပြုစုစောင့်ရှောက်ထားလျက်ရှိသည်။ "ကုသိုလ်မလိုချင်တဲ့သူတွေက လာရောက်စွန့်ပစ်သွားတော့ ကုသိုလ်လိုချင်တဲ့သူတွေက ပြုစုစောင့်ရှောက်ပေးရတာပေါ့ဗျာ"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဟိုတယ်ကိုသာ ပို့ဆောင်ပေးပါ

ညောင်ရွှေ မေ ၂၇

ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး ဘုရားကျောင်းတော်တည်ရှိရာ အနီးရှိကျေးရွာများမှ ဒေသခံအချို့မှာ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ကြရာ၌ သက်ဆိုင်ရာ ဟိုတယ်အသီးသီးသို့ လမ်းညွှန်ပြမှု မရှိဘဲ မိမိတို့နေအိမ်များ၌ တစ်ညလျှင် ၂၅ ဒေါ်လာနှုန်းဖြင့် တည်းခိုခွင့်ပြုနေကြကြောင်း သိရှိရသည်။

ဤသို့ပြုလုပ်ခြင်းဖြင့် နိုင်ငံခြားသားခရီးသွားများ၏ လုံခြုံရေးနှင့် ဒေသခံများ၏ အကျင့်စာရိတ္တကို ထိခိုက်စေနိုင်ပြီး တည်းခိုသူများ၏ အမှိုက်သရိုက်စွန့်ပစ်မှုကြောင့် အင်းရေပြင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် အမြန်ဆုံးစိစစ်တားဆီးသင့်ကြောင်း တင်ပြအပ်ပါသည်။

မောင်ယဉ်လေး(အင်းလေး)

မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုကြောင့် သေဆုံးသူများအား ဖြူးမြို့၌သင်္ဂြိုဟ်

ဖြူး မေ ၂၇

ရန်ကုန်-မန္တလေးအမြန်လမ်း အုတ်တွင်းမြို့နယ် ဗောဓိကုန်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် ၁၂၅/၄ တွင် မေ ၂၅ ရက် နံနက် ၆ နာရီခွဲခန့်က တိမ်းမှောက်ခဲ့သော မန်းရွှေမြို့တော်ခရီးသည်တင် မှန်လုံအမြန်ယာဉ်မှ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူတို့မှာ ယင်းနေ့နံနက်ပိုင်းက ဖြူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့ကြသည်။

သေဆုံးသူထဲမှ အမျိုးသား အမျိုးသမီး ငါးဦးနှင့် ဘုန်းတော်ကြီး တစ်ပါးအပါအဝင်ခြောက်ဦးတို့အား မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဖြူးမြို့အနောက်သုသာန်၌ သင်္ဂြိုဟ်ပြီး ပျံလွန်တော်မူသည့် ဘုန်းတော်ကြီးအား ဖြူးမြို့ မြို့ထောင့်ကျောင်း ပဓာန နာယကဆရာတော်က တာဝန်ယူကြီးမှူး၍ မီးသင်္ဂြိုဟ်ပေးကာ လူငါးဦးတို့၏ အလောင်းများကို ဖြူးမြို့ အခမဲ့နာရေးကူညီမှုအသင်းနှင့် ပြဟ္မစိုရ်အဖွဲ့တို့က တာဝန်ယူသင်္ဂြိုဟ်ပေးခဲ့သည်။ ကျန်သေဆုံးသူ ငါးဦး၏ အလောင်းများမှာ ဖြူးဆေးရုံ၌ ကျန်ရှိပြီး မိသားစုများ၏ ဆက်သွယ်မှုကို စောင့်ဆိုင်းလျက်ရှိရာ သေဆုံးသူသုံးဦး၏ မိသားစုနှင့် ဆက်သွယ်မှုရရှိခဲ့ပြီး နေရပ်လိပ်စာမသိရသေးသူ အသက် ၃၀ခန့် အမျိုးသားတစ်ဦးနှင့် အသက် ၄၀ခန့် အမျိုးသမီးတစ်ဦးတို့သာ ကျန်ရှိတော့သည်။

ဖြူးမြို့နယ် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှု ခံယူနေကြသူများအနက် နှစ်ဦးသည် သက်သာသဖြင့်ဆေးရုံမှ ဆင်းသွားပြီး ရန်ကုန်ဆေးရုံကြီးသို့ သုံးဦး၊ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ သုံးဦး၊ ဆက်လက်ဆေးကုသရန် ဆေးရုံမှဆင်းသွားပြီး ဖြူးပြည်သူ့ဆေးရုံ၌ အတွင်းလူနာ(မစိုးရိမ်ရ) အမျိုးသား၊ အမျိုးသမီးခုနစ်ဦးသာ ကျန်ရှိတော့သည်။ အခင်းဖြစ်သည့်နေ့မှစ၍ ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာသော လူနာများအား ဖြူးမြို့မိမြို့ဖများနှင့် အခမဲ့နာရေးကူညီမှုအသင်း၊ ပြဟ္မစိုရ်အဖွဲ့၊ မေတ္တာရှင်အဖွဲ့၊ ဝါဆိုဦး လူငယ်အဖွဲ့နှင့် ဇီဝကအဖွဲ့စသည့် လူမှုကူညီရေးအသင်းအဖွဲ့များက ငွေကြေးနှင့်အစားအသောက်များ၊ အဝတ်အထည်ပစ္စည်းများကို လှူဒါန်းကြပြီး ဆေးရုံတက်လူနာများအား ညအိပ်၊ ညနေ ကူညီစောင့်ရှောက်ပေးကြကြောင်းသိရပြီး အမှုကို ဗောဓိကုန်းရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(ဖြူး)

ချောင်းဆုံ၌ စီမံကိန်းတာဝန်ပေးအပ်

ချောင်းဆုံ မေ ၂၇

ချောင်းဆုံမြို့နယ်၏ ၂၀၁၃-၂၀၁၄ စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၂၇ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းက ဌာနတာဝန်ခံများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

ချောင်းဆုံ(စီမံကိန်း)

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် ၇၆ရှိ ပီပီဟုမ်းကုမ္ပဏီလီမိတက်(PP HOME COMPANY LIMITED)ကုမ္ပဏီမှတ်ပုံတင်အမှတ် (၅၅၂၁/၂၀၁၂-၂၀၁၃)သည် အောက်ဖော်ပြပါ Vita အမည်ကုန်အမှတ်တံဆိပ်နှင့် PP HOME အမည် ကုန်အမှတ်တံဆိပ်များအား မှတ်ပုံတင်စာချုပ်အမှတ် (၃၇၁၁/၂၀၁၃)နှင့်(၃၇၁၂/၂၀၁၃)တို့တွင် အမည်အမှတ်အသားဖော်ပြ၍ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်များ (Trade Marks)အဖြစ် တရားဝင်သုံးစွဲနိုင်ရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

Vita PP Home

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို အသုံးပြု၍ PP HOME COMPANY LIMITED သည် ဘိလပ်မြေများ၊ သံချောင်းများ၊ အိမ်သုတ်ဆေးများ၊ ရေတိုင်ကီများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အောက်ခင်းကြမ်းပြားများ၊ ကြွေပြားများ၊ ကျောက်ပြားများ၊ ကြွေခွက်များ၊ ကြွေနှင့်ကြွေထည်ပစ္စည်းများ၊ ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ၊ Toilet & Basins များ၊ရေချိုးခန်းသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပြတင်းပေါက်နှင့်တံခါးများ၊ အလူမီနီယမ်ပစ္စည်းများ၊ အတွင်းအပြင်အခန်းအကာများ၊ Tools & Hardware များ၊ မီးအလှဆင်ပစ္စည်းများ၊ Lighting & Electrical ပစ္စည်းများ၊ မျက်နှာကြက်နှင့် ဖရိန်များ၊ Composite များ၊ အမိုးပြားများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ကုမ္ပဏီမှ ထုတ်လုပ်၍လည်းကောင်း၊ ပြည်ပမှမှာယူတင်သွင်း၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ထို့အတူ ၎င်းပစ္စည်းများတည်ခင်းရောင်းချမည့်ဆိုင်များတွင် PP HOME COMPANY LIMITED ၏ ကုမ္ပဏီမူပိုင်လုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသား (Trade Name) အဖြစ်လည်း အသုံးပြုမည်ဖြစ်ပါသည်။

ထို့အပြင် အဆိုပါလုပ်ငန်းပစ္စည်းများ ထုပ်ပိုးရာတွင်အသုံးပြုသည့် ဘူး၊ သေတ္တာ၊ အိတ် စသောထုပ်ပိုးပစ္စည်းအမျိုးမျိုးပေါ်တွင် ဖော်ပြရိုက်နှိပ်မည်ဖြစ်ပြီး လုပ်ငန်းနှင့်ဆက်နွယ်ပတ်သက်သော အသုံးအဆောင် စာရွက်စာတမ်းများ၊Letter Head၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ခေါင်းစီးကြော်ငြာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ဘလောက်တုံး၊ ဒီဇိုင်း၊တံဆိပ်တုံး၊ ပြေစာ၊ ဘောက်ချာ၊ဆိုင်းဘုတ်၊ Bill Bord များတွင်လည်း ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနှံ့အပြားတွင် သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားတုပ၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်ဝင်း၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၂၂)
B.Sc,H.G.P,R.L,Diploma in Business Law,Diploma in International Law
အမှတ် ၄၀၊ ၅(က)၊သာစုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၀၆၃၅၉၊၀၉-၇၃၀၀၃၄၁၁

နိုင်ငံတကာအားကစားသတင်း

ဘရာဇီးနဲ့ဆန်းတို့စ်တိုက်စစ်မှူး နေမာကို ဘာစီလိုနာအသင်းက ငါးနှစ်စာချုပ်နဲ့ ခေါ်ယူဖို့အတွက် မေ ၂၇ ရက်က တရားဝင်စာချုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီနှစ်နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ကာလမှာ နာမည်ကြီး ကစားသမားများထဲမှ တိုက်စစ်မှူးနေမာ ဈေးဦးပေါက်သွားခဲ့ပြီဖြစ်ပါတယ်။

ဘရာဇီးတိုက်စစ်မှူးနေမာ ဘာစီလိုနာပြောင်းပြီ

မိုးမြင့်လင်းလက်

မန်ယူ၊ ရီးရဲမက်ဒရစ်နဲ့ မန်စီးတီးတို့က အပြိုင်ခေါ်ယူလိုနေတဲ့ နေမာကို ဘာစီလိုနာတို့က ခြေသွက်လက်သွက်နဲ့ စာချုပ်နိုင်ခဲ့တာမို့ နေမာလုပွဲကတော့ ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာနေမာအတွက် ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၁၂ သန်း ပေးခဲ့ရတယ်လို့ ဆိုပါတယ်။

ဘာစီလိုနာအသင်းက နေမာရဲ့ တစ်ပတ်လုပ်ခလစာကို မထုတ်ပြန်ပေမယ့် ဘရာဇီးကလပ်ဆန်းတို့စ်မှာ ရရှိတဲ့ တစ်နှစ်လုပ်ခလစာ ဘရာဇီး ငွေ ၆ ဒသမ ၆ သန်းထက် အဆများစွာ ပိုများတယ်လို့ မီဒီယာတွေက ဖော်ပြနေကြပါတယ်။

မန်ယူအသင်းဟာ နေမာကို ခေါ်ယူနိုင်ဖို့အတွက် ၂၀၀၉ ခုနှစ်ကတည်းက ကြိုးစားနေခဲ့တာဖြစ်ပေမယ့် အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။ ဒါ့အပြင် ရီးရဲမက်ဒရစ်နဲ့ ချယ်လ်ဆီးတို့ကလည်း အပြိုင်ကမ်းလှမ်းကြိုးစားခဲ့ပေမယ့် ဘာစီလိုနာက လက်ဦးမှုရယူသွားနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ နေမာဟာ လာမယ့် ဇွန် ၁၅ ရက်မှာ စတင်မယ့် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲအတွက် ဘရာဇီးအသင်းမှာ ပါဝင်ကစားဖို့ရှိနေပြီး ဇွန် ၃၀ ရက်မှာ ပြီးဆုံးမှာဖြစ်ပါတယ်။ ဒါ့အပြင် ဘာစီလိုနာကို မပြောင်းရွှေ့မီ ဖလာမင်ဂိုနဲ့ ဆန်းတို့စ်အသင်းတို့ရဲ့ ဘောလုံးပွဲမှာ နောက်ဆုံးပါဝင်ကစားပေးပြီးတာနဲ့ ဆန်းတို့စ်ပရိသတ်ကို နှုတ်ဆက်ပြီး ဘာစီလိုနာအသင်းကို ပြောင်းရွှေ့မှာဖြစ်ပါတယ်။

အသက် ၂၁ နှစ်သာ ရှိသေးတဲ့ တိုက်စစ်မှူးနေမာဟာ ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ပေါ်တူဂီဆာဆန် စတီတာအသင်းမှာ ကစားခဲ့ပြီး ၂၀၀၃ ခုနှစ်မှ အခုအချိန်အထိ ဘရာဇီးကလပ် ဆန်းတို့စ်အသင်းမှာ ကစားခဲ့တာဖြစ်ပါတယ်။ ဆန်းတို့စ်အသင်းအတွက် ဘောလုံးပွဲပေါင်း ၁၀၂ ပွဲ ကစားပေးခဲ့ပြီး ၅၄ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

ဘရာဇီးကလပ် ဆန်းတို့စ်မှာတော့ ဂန္ထဝင်ဘောလုံးသမားကြီး ပီလီကစားခဲ့တဲ့ ၂၂၉ ပွဲမှာ ၁၃၈ ဂိုးသွင်းယူထားတဲ့စံချိန်နောက်မှာ နေမာရဲ့ သွင်းဂိုးစံချိန်က ဒုတိယနေရာမှာ ရှိနေပါတယ်။ နေမာဟာ ဘရာဇီးယူ-၁၇၊ ယူ-၂၀နဲ့ ယူ-၂၃ အသင်းတွေမှာ ပါဝင်ကစားခဲ့ပြီး အခုချိန်မှာတော့ ဘရာဇီးလက်ရွေးစင်အသင်းမှာ အဓိကတိုက်စစ်မှူးအဖြစ် ကစားနေတာဟာ ၃၂ ပွဲရှိနေပြီး ဂိုးပေါင်း ၂၀ အထိ သွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။ လာမယ့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဘရာဇီးအသင်းရဲ့ အဓိကတိုက်စစ်မှူးအဖြစ် ကစားမှာဖြစ်တဲ့ နေမာဟာ ဘာစီလိုနာမှာ မက်ဆီကိုကျော်လွှားနိုင်မလား ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

❖ မန်ယူအသင်းသည် အသက် ၂၆ နှစ်အရွယ်ရှိ ဘာစီလိုနာကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

❖ ရီးရဲမက်ဒရစ်နည်းပြဖြစ်လာဖွယ်ရှိသည့် အန်ဆယ်လော့တီက မန်ယူတိုက်စစ်မှူး ရွန်းနေကိုခေါ်ယူနိုင်ရေး ကြိုးစားမည်ဟု ပြောကြားသည်။

❖ စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်ကို ရီးရဲမက်ဒရစ်က ပေါင်သန်း ၆၀ ပေးမည်ဟု ကမ်းလှမ်းသော်လည်း စပါးကငြင်းပယ်လိုက်သည်။

❖ မန်စီးတီးက ယခုနွေရာသီ၌ ကစားသမားအသစ်လေးဦးခေါ်ယူရန်ရှိရာ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်လည်းပါဝင်ကြောင်း ပြောကြားသည်။

❖ အာဆင်နယ်က ဆန်းဒါးလန်းဂိုးသမား ဆိုင်မွန်ကို ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။

❖ ဗီလာနည်းပြ ပေါလ်လမ်းဘတ်က ပီတာဘရော့တိုက်စစ်မှူး ဂေးလီကို စာချုပ်နိုင်ရေးကြိုးစားလျက်ရှိသည်။

❖ လိုင်ယွန်အသင်းသည် အာဆင်နယ်တိုက်စစ်မှူး ဂါဗင်ဟိုကို အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ရေး စီစဉ်လျက်ရှိသည်။

❖ စတုတ်အသင်းက နည်းပြနေရာအတွက် ကာဒစ်ဖ်နည်းပြ မက်ကေး၊ ချယ်လ်ဆီးနည်းပြဟောင်း ဒီမက်တီယိုနှင့် ဘရစ်တန်နည်းပြပိုယက်တို့ အနက်တစ်ဦးဦးကို တာဝန်ပေးရန် ပြင်ဆင်နေသည်။

❖ လီဆက်စတာစီးတီးအသင်းက နည်းပြဟောင်းမာတင်အိုနေးလ်ကို ပြန်လည်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❖ ချယ်လ်ဆီးက နည်းပြမော်ရင်ဟိုကို တစ်နှစ်လုပ်ခ ပေါင် ၈ ဒသမ ၅ သန်းပေးမည်ဖြစ်ရာ ပရီမီယာလိဂ်သမိုင်း၌ လုပ်ခအမြင့်ဆုံး နည်းပြဖြစ်လာမည်ဖြစ်သည်။

BMW ဂေါက်သီးရိုက်ပြိုင်ပွဲ

အီတလီဂေါက်သီးအားကစားသမား မတ်တီယိုမန်နက်ဆီယိုသည် BMW ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျင်းပိုကစားပြီး ဖလားဆွတ်ခူးသွားသည်။

မန်နက်ဆီယိုသည်နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ခဲ့ရာ စီမွန်ခန်း၊ မက်ဝါရပ်တို့နှင့်အပြိုင် ရိုက်ချက်ချင်းတူနေ၍ ကျင်းပိုကစားခဲ့ရသည်။ အသက် ၂၀ ရှိ ဆီယိုသည် စတုတ္ထမြောက် ကျင်းပိုတွင် ဘာဒီရပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

(၃၆) ကြိမ်မြောက်ဖလား ဆဲလ်တစ် ဆွတ်ခူး

ဆဲလ်တစ်အသင်းနှင့် ဟိုက်ဘာနီယန်အသင်းတို့ စကော့တလန်လိဂ်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဆဲလ်တစ်က သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး (၃၆)ကြိမ်မြောက် စကော့တလန်ချန်ပီယံဆု ဆွတ်ခူးခဲ့သည်။

ဆဲလ်တစ်အတွက် ဂိုးများကို ဟူးပါးက နှစ်ဂိုး၊ လက်ဒလေက တစ်ဂိုး သွင်းယူခဲ့သည်။ ဟိုက်ဘာနီယန်အသင်းသည် ဆဲလ်တစ်ကို ပြန်လည်ခြိမ်းခြောက်ကစားနိုင်ခြင်းမရှိဘဲ ပထမပိုင်းတွင် နှစ်ဂိုးသွင်းခံရပြီးနောက် ဒုတိယပိုင်းတွင် တစ်ဂိုး ဆက်လက်အသွင်းခံခဲ့ရသည်။

အီတာလီယာဖလား လာဇီယိုဆွတ်ခူး

ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲတွင် လာဇီယိုအသင်းက ရိုးမားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ခြောက်ကြိမ်မြောက် အီတာလီယာဖလား ဆွတ်ခူးသွားသည်။

လာဇီယိုအသင်းအတွက် တစ်လုံးတည်းသောဂိုးကို ဆေးနက်လူလစ်က သွင်းယူခဲ့သည်။ ဖရန်ဆက်ကိုတော့တီ၏ တည်ကန်ဘောမှတစ်ဆင့် ရိုးမားတို့ ချေပဂိုးသွင်းရန် အခွင့်အရေးရခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ပေ။ “ဒီဂိုးဟာ ကျွန်တော့်အတွက်တော့ ဘယ်တော့မှမမေ့မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဇနီး ကိုယ်ဝန်ဆောင်နေချိန်မှာ သူ့အတွက်ရည်ရွယ်ပြီး သွင်းတဲ့ဂိုးဖြစ်လို့ပါပဲ” ဟု လူလစ်က ပြောသည်။ လာဇီယိုအသင်းသည် ယခုနှစ်စီးရီးအေတွင် ယူရိုပါလိဂ်အုပ်စုဝင်နိုင်သည့် အမှတ်ပေးဇယား ခုနစ်နေရာသို့သာ တက်လှမ်းနိုင်ခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

၂၂-၅-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (က)ပါ ဦးသိန်းဇော်ဇော်ထွဋ်နိုင် ၇/ပခန(နိုင်)၂၂၄၁၂၄ ၏ ရှင်းလင်းကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကတ(နိုင်)၀၁၁၆၃၂ နှင့် ဒေါ်အေးအေးလှ ၁၂/သဃက(နိုင်)၀၃၃၉၅၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်သည်မှာ-

၁။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ကြည်ကြည်ဝင်းသည် Mitsubishi Grandis (၁၈/၉၁၁၅) ကားနှင့် ဒေါ်အေးအေးလှသည် Hondafit (၁၈/၈၀၅၃) စသည့်ကားများကို ဦးသိန်းဇော်ဇော်ထွဋ်နိုင်ထံမှ ဆက်သွယ်ပြီး ဝယ်ယူခြင်းမဟုတ်ပါ။ Hello Auto Trading Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးလှမျိုးမြင့်နှင့် ဆက်သွယ်၍ ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ကြည်ကြည်ဝင်း၏ Mitsubishi Grandis (၁၈/၉၁၁၅)ကားနှင့် ပတ်သက်သော ကားနံပါတ်ပြားမူရင်း၊ မှတ်ပုံတင်မူရင်းနှင့် ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများ၊ ဒေါ်အေးအေးလှ၏ Hondafit (၁၈/၈၀၅၃)နှင့် ပတ်သက်သော စာရွက်စာတမ်းများအားလုံးတို့မှာ သက်ဆိုင်ရာဌာနများတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိသော်လည်း ဆိပ်ကမ်းသို့ ရောက်ရှိပြီးသည့်နောက် Hello Auto Trading Co.,Ltd. ၏ လက်ထဲမှပင် ပျောက်ဆုံးနေခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

၃။ လူကြီးမင်း၏ ရှင်းလင်းကြေညာချက်တွင် ပါရှိသည့်အတိုင်း ကျွန်ုပ်၏မိတ်ဆွေများမှ လူကြီးမင်းနှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဆောင်ရွက်ပေးရန် ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ခဲ့ခြင်းမရှိသည့်အတွက် လူကြီးမင်း၏ ရှင်းလင်းကြေညာချက်တွင် ဖော်ပြပါရှိသော “ဦးသိန်းဇော်ဇော်ထွဋ်နိုင်သည် ယင်းကားများအား ဆိပ်ကမ်းတွင် ကွန်တိန်နာအတွင်းမှ ထုတ်သည့်အချိန်မှစပြီး ဆိပ်ကမ်းခွန် အပါအဝင် မော်တော်ယာဉ်နံပါတ်ပြားများ ထွက်သည်အထိ” ဆိုသည့် စကားရပ်အတိုင်း ကျွန်ုပ်၏မိတ်ဆွေများမှ လုပ်ကိုင်ဆောင်ရွက်ရန် ပေးအပ်ခဲ့ခြင်းမရှိသည့်အတွက် လူကြီးမင်းထံသို့လည်း ဝန်ဆောင်စရိတ်ငွေများကို ကျွန်ုပ်မိတ်ဆွေများမှ ရှင်းလင်းပေးအပ်ရန် မလိုအပ်သည့်အကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေများ၏ နံပါတ်စဉ်(၁)တွင် ဖော်ပြပါရှိသော ကားများနှင့် ပတ်သက်၍ ပျောက်ဆုံးနေသည့် စာရွက်စာတမ်းများအား လူကြီးမင်းလက်ဝယ်တွင် ရောက်ရှိနေကြောင်း လူကြီးမင်း၏ ၂၂-၅-၂၀၁၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(က)ပါ သတင်းစာရှင်းလင်းကြေညာချက်အရ သိရှိရသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများပိုင် စာရွက်စာတမ်းများဖြစ်ကြောင်း သိရှိလျက် လူကြီးမင်းလက်ဝယ်တွင် ဆက်လက်ထားရှိပြီး လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေများထံမှ ဝန်ဆောင်စရိတ်ငွေများမပေး၍ သိမ်းထားခြင်းဖြစ်ကြောင်း အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် သတင်းစာတွင် ရှင်းလင်းကြေညာခြင်းသာဖြစ်၍ ဤသတင်းစာ၏ ပြန်လည်ရှင်းလင်းကြေညာချက်ပါရှိသည့်ရက်စွဲမှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့သော်လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေများထံသို့သော်လည်းကောင်း ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပြန်လည်၍ လက်ရောက်ပေးအပ်ရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ပေးအပ်ခြင်း မပြုခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြီး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လေးလေးရီ
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၃၄)
အမှတ် ၉/၁၁၊ ၃၆ လမ်း၊ ဒု-ထပ်၊ အခန်း ၂၀၅(ဘီ)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၅၅၄၁၁၊ ၀၉-၅၁၉၁၀၉၇

ဖခင်အမည်မှန်

အလက(၅)မရမ်းကုန်းမြို့နယ် စတုတ္ထတန်းတွင် ပညာသင်ကြားလျက်ရှိသော မဝင့်နန္ဒာပိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၂/ရတရ(နိုင်)၀၈၆၁၇၁ ဖြစ်ပါကြောင်း။

ဦးဇော်မင်း

ပျောက်ဆုံးကြောင်း

ဦးသောင်းထိုက်ဆွေ ၉/မရမ(နိုင်)၀၀၆၀၀၆ ၏ နိုင်ငံကူးလက်မှတ် M-၅၉၂၅၁၆ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၃၃၄၀၂

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Ph: 01-375970, 0951 72096, 0950 47516

အမည်ပြောင်း

ဦးနိုင်ဝင်း၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမက(၉)မူလတန်းကျောင်း စတုတ္ထတန်းမှ မထက်ထက်နိုင်ဝင်းအား ယနေ့မှစ၍ မခင်ရတီမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မခင်ရတီမောင်

လူပျောက်ကြော်ငြာ

အထက်ပါ ဓာတ်ပုံရှင် မမြတ်နိုးဝေ ၁၂/ရကန(နိုင်)၀၇၉၉၀၈ [နောက်ဆုံးနှစ်(မြန်မာစာ)၊ဒဂုံတက္ကသိုလ်]၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ အမှတ် ၁၁၆၀နေ ဦးတင်စိုး (မြကန်သာ)-ဒေါ်ရီရီချိုတို့၏သမီး၊ မဖူးပွင့်တင်စိုး၏ညီမ မြတ်နိုးဝေသည် ၁၈-၅-၂၀၁၂ရက်တွင် မင်္ဂလာဆောင်ခံပွဲကျင်းပပြီး၂၂-၅-၂၀၁၂ရက် နံနက် ၆နာရီအချိန်ခန့်တွင် နေအိမ်မှပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးသူအားကျေးဇူးဆပ်ပါမည်။ ဖြားယောင်းသွေးဆောင် လက်ခံထားသူအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ခင်ပွန်းဖြစ်သူမှ အသိပေးကြေညာအပ်ပါသည်။ **ခင်ပွန်း-ပြည့်ဖြိုးသူ**

ဖုန်း-၀၉-၅၀၃၄၃၂၆၊ ၀၉-၄၂၁၁၇၈၇၆၆

သတင်းဆောင်းပါး

ဝေါမြို့ တလန္ဓမ်းကျေးရွာအား ရေကြီး၊ ရေတိုက်စားမှုဒဏ်မှ ကင်းဝေးနိုင်စေမည့် ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်း

ကွေ့ကာ၊ ကောက်ကာ၊ ဝိုက်ကာဖြင့် စီးဆင်းနေသော ဆင်ရှာချောင်း၊ တသွင်သွင်စီးဆင်းနေသော ဆင်ရှာချောင်းကား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝေါမြို့နယ်အပိုင် တလန္ဓမ်းကျေးရွာအနီး 'ဂ' ပုံသဖွယ်ဖြတ်သန်းပြီး စစ်တောင်းမြစ်အတွင်းသို့ စီးဆင်းလျက်ရှိသည်။ မိုးရာသီတွင် ဆင်ရှာချောင်းရေတိုးပြီး ကမ်းပါးတိုက်စားလေ့ရှိရာ တလန္ဓမ်းကျေးရွာနှင့် အနီးဝန်းကျင် လယ်ယာမြေများ ရေကြီးနစ်မြုပ်မည်ကို ဒေသခံတို့ ရင်တထိတ်ထိတ် ဖြစ်နေခဲ့ကြသည်။ နေ့နေ့ညညစိုးရိမ်သောကခံစားကြရသည်။

တလန္ဓမ်းကျေးရွာ ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်တို့ အကြိမ်ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ လေ့လာသုတေသနပြုခဲ့ကြသည်။ တိုင်းတာတွက်ချက်စစ်ဆေးမှုများအရ ဆင်ရှာချောင်းရေလွှဲဖြတ်မြောင်း တူးဖော်ပေးပါက တလန္ဓမ်းကျေးရွာအုပ်စု ရေဘေးအန္တရာယ်မှ ကင်းဝေးနိုင်မည်ဟူသောအဖြေ ထွက်လာသည်။ ရေရှည်အကျိုးရှိစွာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနက လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်တော့မည်ဟူသော သတင်းကြောင့် တလန္ဓမ်းကျေးရွာသူ ကျေးရွာသားတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ တလန္ဓမ်းကျေးရွာ လူနေအိမ်ခြေ၊ ရွာဦး ဘုန်းတော်ကြီးကျောင်းနှင့် သောက်သုံးရေကန်တို့သည် ဆင်ရှာချောင်း ရေလျှံရေတိုက်စားမှုဒဏ်ကို နှစ်စဉ်ခံစားကြုံကြိုက်ခဲ့ရ၍ လာမည့်မိုးရာသီတွင် ရေလွှမ်းမိုး ရေတိုက်စားခြင်းအန္တရာယ်မှ ကင်းဝေးကာကျေးရွာ ရွှေ့ပြောင်းရခြင်း မရှိနိုင်တော့ဟူသောအတွေးဖြင့် ဝမ်းသာပျော်ရွှင်နေကြပြီး ရေလွှဲမြောင်းဖောက်လုပ်စီစဉ်ပေးခဲ့သော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၆) တာဝန်ရှိသူများကိုလည်း ကျေးဇူးအထူးတင်နေကြပေသည်။

နှစ်စဉ် ဆင်ရှာချောင်းရေတိုက်စားမှုကြောင့် ချောင်းကွေ့ကောက်နေသည့် တလန္ဓမ်းကျေးရွာ၏ မြောက်ဘက် ဆင်ရှာချောင်းပေါ်ရှိ တလန္ဓမ်းရွာနှင့် ပန်းညိုစုရွာအကြားတွင် ချောင်းကို အဖြောင့်နီးပါးယူကာ ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်းကို တူးဖော်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ရေလွှဲမြောင်း တူးဖော်ပေးလိုက်ခြင်းဖြင့်

သတင်း-ပိန်းဇလုပ်သိန်းညွန့်၊ ဓာတ်ပုံ-ရန်အောင်ထွန်း(ပိန်းဇလုပ်)



တလန္ဓမ်းရွာ မြေတိုက်စားမှု ကာကွယ်ရန်အတွက် ဆင်ရှာချောင်း ကောက်ကွေ့မှုအား ရေလွှဲဖြတ်မြောင်း တူးဖော်သည့် တည်နေရာပြပုံ။

ဆင်ရှာချောင်း ရေမြောင်းဖြောင့်တန်းသွားကာ ရေစီးရေလာကောင်းမွန်သွားပြီး ချောင်းရေလျှံတက်မှုနှင့် ချောင်းကမ်းပါးတိုက်စားမှုတို့မှ ကင်းဝေးသွားမည် ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် တလန္ဓမ်းကျေးရွာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်း စတင်တူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဖြတ်မြောင်းမြေကြီးတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ စက်ယန္တရားကြီးများဖြင့် ပြုလုပ်ခဲ့ကြသည်။

ဆင်ရှာချောင်းရေလွှဲဖြတ်မြောင်းသည် အရှည်ပေ ၃၀၀၀ ရှိပြီး ဖြတ်မြောင်းပျမ်းမျှအနက်မှာ ၂၄ ပေဖြစ်သည်။ ဖြတ်မြောင်း ထိပ်ဝအကျယ် ပေ ၁၀၀ ရှိပြီး ဖြတ်မြောင်းအောက်ခြေအကျယ် ပေ ၃၀ ရှိသည်။ ထိုသို့ အရွယ်အစားရှိသော ရေလွှဲဖြတ်မြောင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စက်ယန္တရားရှစ်စီးဖြင့် ကြိုးစားဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်ကလည်း တလန္ဓမ်းရွာကို ရေဘေးမှ ကာကွယ်ပေးနိုင်ရန် လုပ်ငန်းများကို အားပေးဖြည့်ဆည်းပေးခဲ့သည်။ ရေကြီးနစ်မြုပ်မှုဘေးမှ ကင်းဝေးစေရန် အလေးထား ဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်သည်။

ဆင်ရှာချောင်းရေလွှဲဖြတ်မြောင်း အချောသပ်လုပ်ငန်းများသည် ၂၀၁၃ ခုနှစ် မေ ၇ ရက်တွင် ပြီးစီးခဲ့ရာ တည်ဆောက် ဖောက်လုပ်ပေးချိန် သုံးလကျော် ကြာမြင့်ခဲ့ကြောင်း သိရသည်။ ထိုသို့ မိုးရာသီမတိုင်မီကြိုတင် အချိန်စောပြီးသွားခြင်းသည် ဒေသခံတို့အပေါ် စေတနာထားပြီး အတတ်ပညာ၊ နည်းပညာ၊ စက်ယန္တရားများအားဖြင့် ဇွဲလုံ့လထားကာ ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီဖြစ်ရာ ယခု မိုးရာသီမှစတင်ကာ နှစ်စဉ် မိုးရာသီတိုင်း တလန္ဓမ်းကျေးရွာသည် ဆင်ရှာချောင်းကမ်းပါး တိုက်စားပြိုကျမှုနှင့်ရေကြီးနစ်မြုပ်မှု အန္တရာယ်မှ ကင်းဝေးသွားပြီဖြစ်သည်။ ထို့အတူ ဆင်ရှာချောင်းရေလွှဲဖြတ်မြောင်း တူးဖော်ပေးနိုင်မှုကြောင့် ဒေသအတွင်း ရေကြောင်းခရီးလမ်းလည်း ဖြောင့်တန်းကာ ခရီးကျုံ့သွားပြီဖြစ်ရာ ကျေးရွာပြည်သူများ သွားလာမှုနှင့်ဒေသခံထွက်ကုန်များ အချိန်တိုအတွင်း အဆင်ပြေစွာ ပို့ဆောင်သွားလာနိုင်ပြီဖြစ်သည်။

ယခုအချိန်၌ ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်းအတွင်း ရေများ တသွင်သွင် စီးဆင်းနေပြီဖြစ်သည်။ ဆင်ရှာချောင်း ရေလွှဲဖြတ်မြောင်းအတွင်းသို့ ရေစီးဝင်မှုအားကောင်းစေရန် ချောင်းပိတ်တမံကိုလည်း ဆင်ရှာချောင်းဖြတ်မြောင်းနှင့် ဆင်ရှာချောင်းဆုံရာ ဆင်ရှာချောင်းအတွင်း ပြုလုပ်ထားပြီးဖြစ်သည်။

ချောင်းပိတ် တမံပိတ်၍ ကောက်ကွေ့နေသော ဆင်ရှာချောင်းကို ရေလွှဲဖြတ်မြောင်း တူးဖော်ပေးခြင်းကြောင့် လယ်မြေဧရိယာ ၄၅ ဧကခန့် ရေလွှဲဖြတ်မြောင်းအတွင်းသို့ ရောက်ရှိလာမည်ဖြစ်ကာ ကောက်ကွေ့နေသော မူလချောင်းအတွင်းသို့ တဖြည်းဖြည်း နုန်းတက်၍လည်း လယ်မြေ ဧရိယာ ထပ်မံပေါ်ထွက်လာပေမည်။ တလန္ဓမ်းကျေးရွာအတွက် ရေဘေးအန္တရာယ်စိုးရိမ်စရာ မရှိတော့ပြီ။

ဖြောင့်တန်းလုနီးပါးတူးဖော်ထားသော ဆင်ရှာချောင်းဖြတ်မြောင်းအတွင်း ရေအလျင်ပေါ်တွင် စက်လှေနှင့် လှေတို့မောင်းနှင်သွားလာနေကြသည့် မြင်ကွင်းက ရေနစ်မြုပ်မည့် အန္တရာယ်မှကင်းဝေးသွားသည့် တလန္ဓမ်းရွာလေး၏ အလှကို ပိုမိုလှပအောင် ခြယ်မှုန်းပေးနေသည့်အလားအသက်ဝင် လှုပ်ရှားနေပြီ ဖြစ်ပါကြောင်း။

အာဇာနည်ဗိမာန်အား အများပြည်သူများ လေ့လာဂါရဝပြုနိုင်ရေးအတွက် ဖွင့်လှစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်အား ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၂-၂-၂၀၁၃ရက်တွင် လွှဲပြောင်းရယူပြီး ဖြစ်ပါသည်။

အာဇာနည်ဗိမာန်အား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်များအရ အများပြည်သူများ လေ့လာ/ဂါရဝပြုနိုင်ရေးအတွက် ၁-၆-၂၀၁၃ရက်မှစ၍ အောက်ပါအတိုင်း ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တနင်္လာနေ့တိုင်းနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ်ဖွင့်လှစ်ပါမည်။
(ခ) ဖွင့်ရက်များတွင် နံနက် ၀၈း၀၀နာရီမှ ညနေ ၁၇း၀၀နာရီအထိ ဖွင့်လှစ်ပါမည်။
(ဂ) ဝင်ကြေး လူကြီးတစ်ဦးလျှင် ၂၀၀ိ/-နှင့် ကလေးတစ်ဦးလျှင် ၁၀၀ိ/-နှုန်း ကောက်ခံသွားပါမည်။ [ကျောင်းသားများ (မူလတန်းမှတက္ကသိုလ်)ကျောင်းသားကတ်ပြားဖြင့် အခမဲ့ ဝင်ခွင့်ပြုပါမည်။]
(ဃ) နိုင်ငံခြားသားတစ်ဦးလျှင် US (၃)ဒေါ်လာနှုန်း ကောက်ခံပါမည်။
(င) အာဇာနည်နေ့တွင် မည်သူမဆို အခမဲ့ ဝင်ခွင့်ပြုပါမည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ (JP¥)ဖြင့် ဝယ်ယူလိုပြီး လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမျိုးအမည်
(က)	၂၀/မမ/ CME(YUG)(Kyat)	Spare Parts for China Locomotive (155) Items
(ခ)	၂၁/မမ/ CME(YUG)(Kyat)	Machinery & Equipment (26) Items (Centrifugal Pump, GI Pipe, Welding Machine, Over Head Crane, Electric Hand Tools, Measuring Instruments)
(ဂ)	၂၂/မမ/ S&T(Kyat)	ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း(17) Items (12 V Battery, GI Wire, Solar Panel, 12 V DC Changer, OFC UG /OH Cable & Accessories)
(ဃ)	၂၃/မမ/ CME(Kyat)	ရန်ကုန် နှင့် မန္တလေး အခြေစိုက် လူစီးတွဲများအား ပိုးမွှား ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်၊
(င)	1/MR/Rail Bus (JP¥)	Inservice Rail Bus (RBE) (20) Nos With Roof Mounted Air Condition

တင်ဒါပိတ်မည့်နေ့/အချိန် -အမှတ်စဉ်(က)မှ(ဃ) - ၂၇ .၆ .၂၀၁၃(ကြာသပတေးနေ့)(၁၂း၀၀)နာရီ
-အမှတ်စဉ်(င) - ၁၂ .၇ .၂၀၁၃(သောကြာနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၇. ၅ .၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း
နှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352,291985, 291994.

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးစိန်ထွန်း(ငြိမ်း) (လက်ထောက်စစ်ဥပဒေချုပ်) B.A, B.L (Advocate), M.L (University of Virginia)** ၏ ၂၈-၅-၂၀၁၃ရက်တွင် ကျရောက်သည့် (၉၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် ဘုရားသခင်ထံတော်မှ ကောင်းချီးမင်္ဂလာ ကြွယ်ဝစွာ ခံစားနိုင်ပါစေ-

ချစ်ဇနီး - Naw Pearl White
ချစ်သော သားနှင့် သမီး၊ မြေးမြစ်များ

မွေးနေ့ဆုတောင်း

၂၈-၅-၂၀၁၃ရက်တွင် ကျရောက်သော ချစ်သားလေး **မောင်သင့်မြတ်ဝီရထွန်း**၏ မွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ကောင်းကျိုးလိုအင်ဆန္ဒများနှင့် ပြီးပြည့်စုံပါစေ။ တိုင်းပြည်နှင့်လူမျိုးအတွက် အားကိုးအားထားရသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ပါပါး ဗိုလ်ကြီးသီဟမင်းထွန်း-မာမား မသိမ့်သဥ္ဇာထွေး
ဘွားဘွား-ဒေါ်ညွန့်ညွန့်၊
ဘိုးဘိုး-ဦးကြီးစိန်၊ ဘွားဘွား-ဒေါ်တင်တင်အေး
ဘဘ ဒေါက်တာကျော်နိုင်ဦး-ဒေါက်တာနီလာကျော်၊
ဘဘ ဦးဇော်ဝင်းထွန်း-ကြီးကြီး ဒေါ်ခင်ချိုထက်
တီတီ-ဒေါက်တာခင်ကြေ့ရှင်း
ဆုယမုံ၊ ဇေယျာထွန်း၊ You Qin Yong, You Xiu Yo

အသစ်ဖွင့်လှစ်မည့် Beauty Salon, KTV, Restaurant & Internet Cafe တွင်

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(စရိတ်ငြိမ်း၊ စားဝတ်နေရေးတာဝန်ယူပေးမည်)

၁။	Assistant Manager	မ	(၂)ဦး
၂။	Supervisor	မ	(၂)ဦး
၃။	စာရင်းကိုင်	မ	(၂)ဦး
၄။	Waiter	ကျား	(၃)ဦး
၅။	လုံခြုံရေးဝန်ထမ်း	ကျား	(၂)ဦး
၆။	ဆံပင်ညှပ် ဘာသာစုံကျွမ်းကျင်	မ	(၂)ဦး
၇။	လျှော်/သစ်	မ	(၅)ဦး
၈။	အလုပ်သင်ဝန်ထမ်း	မ	(၅)ဦး
၉။	အဆိုရှင်	မ	(၅)ဦး

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။ ကော်မရှင်ပေးမည်။ ကြိုးစားမှုအလျောက် Bonus ပေးမည်။ မှတ်ပုံတင်မူရင်းနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ကို ယူဆောင်၍ လာရောက်လျှောက်ထားနိုင်ပါသည်။ နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးခန့်ထားမည်။

အမှတ်(၄၂၉)၊ ကုန်သည်လမ်း၊ သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း - 385848, 09 73058699

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၇၊ ဧရိယာ ၁ဒသမ ၆၃၉ဧက၏ အစိတ်အပိုင်းပေ (၂၅× ၅၀)၊ မြေကွက်တည်နေရာအမှတ် ၆၃၊ ဝင်းသော်တာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဦးတင်ဦးအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ဦးတင်ဦးထံမှ မြေကွက်အရောင်းအဝယ်စာချုပ် ၁၉၈၇/၆၂ဖြင့် ဒေါ်စောမြင့်ကဝယ်ယူခဲ့ပြီး ယခုအခါ မိခင်ဒေါ်စောမြင့်နှင့် ဖခင် ဦးမောင်ချစ်တို့ ကွယ်လွန်သဖြင့် ကျန်ရစ်သူ သား သမီးများဖြစ်သော (၁) ဒေါ်ခင်မာကြည် ၁၂/ကမရ (နိုင်)၀၃၀၇၁၉၊ (၂) ဒေါ်ခင်မာရီ ၁၂/ကမရ (နိုင်)၀၃၀၇၆၈၊ (၃) ဒေါ်ခင်စောဥ ၁၂/ကမရ (နိုင်)၀၃၁၄၉၇၊ (၄) ဒေါ်ခင်ငြိမ်း ၁၂/သဃက (နိုင်)၀၆၀၈၉၂တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကိုယ်ထူကိုယ်ထလမ်းဖွင့်ပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပ

ကျုံဒိုး မေ ၂၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် မေ ၂၄ရက်က ကျရောက်သော ကျုံဒိုးမြို့ ကျက်သရေဆောင် ဓမ္မသုခကျောင်း(ရသေ့ကျောင်း)တိုက်ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ၏ (၅၈)နှစ်မြောက် ဝိဇာတမွေးနေ့တွင် စေတနာရှင်မိဘပြည်သူများ ပါဝင်လှူဒါန်းမှုဖြင့် ခင်းကျင်းပြီးစီးသွားသော ဓမ္မသုခကျောင်းတိုက် မုခ်ဦးအဝင်ဝ စုပေါင်းကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်းကို ဆရာတော်နှင့်တကွ ငါးတိုင်တောရဆရာတော် ဦးကိတ္တိနှင့် (၁၈၇)ကြိမ်မြောက် နယ်လုံးကျွတ်မီးပုံပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလောရှည်နှင့် အဖွဲ့ဝင်များ၊ မိဘပြည်သူများက နံနက် ၆ နာရီခွဲတွင် ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် လမ်းကိုဖြတ်သန်းကြည့်ရှုကြသည်။ **(အပေါ်ပုံ)**ထို့နောက် ယည်ကျေးလိမ္မာနှင့် နွေရာသီအခြေခံကွန်ပျူတာ သင်တန်းသူ သင်တန်းသား ၁၀၉ ဦးအား ဆရာတော်နှင့်တကွ သင်တန်းတွင် သင်ကြားပေးသော ဆရာတော်များနှင့်ကွန်ပျူတာသင်တန်းဖြစ်မြောက်ရေး ကော်မတီတို့မှ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

နှစ်ပေါင်း ၁၀၀ ကျော် မဟာမင်းကျောင်းတိုက် (သို့မဟုတ်) ရွှေစကားမြတ်စွာဘုရားကျောင်းတော်

ကလေး မေ ၂၇

မဟာမင်းကျောင်းတိုက် (သို့မဟုတ်)ရွှေစကားမြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတော်ကြီးသည် မင်းကင်းမြို့ အမှတ် (၃) ရပ်ကွက်တွင် တည်ထားကိုးကွယ် စံပယ်တော်မူနေရာ ရဟန်းရှင်လူပြည်သူအများ ကိုးကွယ်ရာအဖြစ် နေ့ညမပြတ် စည်ကားလှသည်။

မဟာမင်းကျောင်းတော်ကြီး ဖြစ်ပေါ်လာပုံမှာ မြန်မာသက္ကရာဇ် ၅၄၇ ခုနှစ်တွင် မြို့ဝန် ဦးမင်းကလေးသည် ၄င်းပိုင်ဆိုင်သော မြေနေရာတွင် ကြီးကျယ်ခမ်းနားလှသော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းဆောင်တော်ကြီးသည် ချူပန်းချူနွယ်အသွယ်သွယ်ဖြင့် ပန်းခက်ပန်းလက်များ တန်ဆာဆင်ကာ ဘုံအဆင့်ဆင့် ထုလုပ်၍ ရုပ်စုံရုပ်ကြွများဖြင့် ဆောက်လုပ်ထားခဲ့သည်။ ထိုကျောင်းတော်ကြီးအတွင်း ရွှေစကားမြတ်စွာဘုရားကို လုံခြုံစွာထိန်းသိမ်း၍ ကိုးကွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကျောင်းတော်ကြီး၏ အမည်ကိုလည်း မဟာမင်းကျောင်းဟု ကမ္ပည်းတင်၍ ရွှေစကားဘုရား ကိန်းဝပ်စံပယ်တော်မူရာကျောင်းအဖြစ် ထင်ရှားစွာတည်ရှိခဲ့သည်။

ဆောက်လုပ်လှူဒါန်း

နှစ်ပေါင်း ကြာမြင့်သောအခါ သဘာဝဘေးအန္တရာယ်များကြောင့် ကျောင်းတော်ကြီး ပျက်စီးသောအခါ မြို့ဝန်မင်းကလေး၏ အဆက်အနွယ်ဖြစ်သော မင်းရွာနေ ဦးရွှေယောက်နှင့် ဇနီးဒေါ်မယ်လုံတို့၏သားသမီးလေးဦးအနက် သားကြီးဖြစ်သူ အမိန့်တော်ရ မြို့သူကြီး ဦးသောန- ဒေါ်သိမ့်တို့က မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၁၂ ခုနှစ်)တွင် ဒေါင်းဒင်္ဂါး ၃၀၀၀၀ ကျပ် အကုန်ကျခံ၍ မဟာမင်း ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းတိုက်တည်သော ခုနှစ်မှာ ၁၂၇၄ ခုနှစ်ဖြစ်ပြီး ယခု ၁၃၇၅ ခုနှစ်သို့ ရောက်ခဲ့ပြီဖြစ်သောကြောင့် ကျောင်းတိုက်၏ သက်တမ်းသည် နှစ်ပေါင်း ၁၀၀ ကျော်ရှိခဲ့ပြီ ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သျှင်နေမင်း(ဂန့်ဂေါ)

မိုင်းပြင်းမြို့တွင် ဗုဒ္ဓဘာသာအဆုံးအမခံယူပွဲကျင်းပ

မိုင်းပြင်း မေ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပြင်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ မေ ၂၄ရက် နံနက် ၉ နာရီက "ဗုဒ္ဓသာသနာ အဆုံးအမ ခံယူပွဲကြီး"ကို ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို"နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မိုင်းပြင်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တသီရိဓမ္မက ထမ်းယမ်းကျေးရွာအုပ်စု နောပဲ့ကျေးရွာမှ လားဟူတိုင်းရင်းသား အိမ်ထောင်စု ၆၉ စုမှ လူဦးရေ ၄၆၆ ဦးတို့အား "အဇ္ဇတဂ္ဂေပါ ဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ" သုံးကြိမ်ရွတ်ဆို၍ ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ ချီးမြှောက်ပေးတော်မူခဲ့သည်။ ဆက်လက်၍ မိုင်းပြင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ပရိသတ်အပေါင်းက ငါးပါးသီလကို ခံယူဆောက်တည်ကြကာ မန္တလေးမြို့ ရန်ကင်းအေးငြိမ်းရိပ်သာသာသနာ့အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က နောပဲ့ကျေးရွာ မူလတန်းကျောင်းအတွက် အလှူငွေကျပ်၁၅သိန်းကိုပေးအပ်လှူဒါန်းခဲ့ရာသာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဦးမျိုးအောင်ကလက်ခံယူခဲ့ပြီး မိုင်းပြင်း လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ ရန်ကင်းအေးငြိမ်းရိပ်သာ သာသနာ့အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်မြို့မိမြို့ဖများက ဗုဒ္ဓဆင်းတုတော် ၆၉ ဆူကို နောပဲ့ကျေးရွာသူကြီးဦးကျရှဲနှင့် အိမ်ထောင်စုဝင်များအားပေးအပ်ခဲ့ကြောင်းသိရှိရသည်။

အောင်ဝေ

စာအုပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းပြုလုပ်

မန့်ဟီးရိုး မေ ၂၇

မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ရုံးခွဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြည်သူ့ဗဟိုပြု စာဖတ်ဝိုင်းကို မေ ၂၄ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအတွင်း၌ကျင်းပရာ နယ်စပ်ဒေသပြည်သူများ ဗဟုသုတတိုးပွားစေမည့် စာအုပ်စာစောင်ပြပွဲကို တစ်ပါတည်းပြုလုပ်ခဲ့သည်။ အဆိုပါ စာဖတ်ဝိုင်းသို့ တက်ရောက်လာသူပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာဝင်းက ပြည်သူကို ဗဟိုပြု၍ ပြည်သူ့အကျိုးကို ရှေးရှုသောအခြေခံအချက်အလက်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ပို့ဆောင်ရေးဝန်ကြီးဌာန
ပို့ဆောင်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဦးစီးဌာနအတွက် ရုံးသုံးစက်ကိရိယာ (၁၁)မျိုးနှင့် ရုံးသုံးပရိဘောဂ (၈)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၉-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂:၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
ပို့ဆောင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၇၊ ၄၁၁၄၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No. 08/DHPI/Transmission Line/2013-2014		
1.	36KV Current Transformer	1 Set
2.	36KV SF_6 Gas Circuit Breaker	1 Set
3.	36 KV Disconnecting Switch (with earth switch)	1 Set
4.	36KV Voltage Transformer	1 Set
5.	36KV Lightning Arrester	1 Set
6.	36KV GCB Control and Relay Panel	1 Set
7.	11/0.4KV, 50KVA Transformer	1 No
8.	12KV Vacuum Circuit Braker	1 Set
9.	Battery and Battery Charge (110V, DC)	1 Set
10.	Earthing System	1 Lot
Tender No.09/DHPI/Spare Parts/2013-2014		
1.	Spare Parts for Geological Machinery	1 Lot

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၇-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၇ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက္ကူစက်ရုံ(ရေနီ)နှင့် ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ(ရေနီ) နှင့် ပေါင်းစပ်ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များအား ၅-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၏ အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၁၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တည်နေရာ - ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အကျယ်အဝန်း - ၂၀၅၁ ဒသမ ၉၇ ဧက

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့၊ ရွာများအတွက် လိုအပ်သော ဒီဇယ်ဓာတ်အားပေးစက်များကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၈-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

ဘားအံစက်မှုဇုန်မြေနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံရန် အဆိုပြုသူများအား မြေကွက်များလျာထားသတ်မှတ်၍ နေရာချထားပေးရာ ဇုန်(၁)တွင် ကုမ္ပဏီနှစ်ခုအား မြေကွက်(၃၈)ကွက်၊ ဇုန်(၂)တွင် ကုမ္ပဏီခြောက်ခုနှင့် လုပ်ငန်းရှင် ၃၉ ဦးတို့အား မြေကွက် ၁၉၁ ကွက်၊ ဇုန်(၃)တွင် ကုမ္ပဏီနှစ်ခုနှင့် လုပ်ငန်းရှင် ၄၁ ဦးအား မြေကွက် ၆၉ ကွက်၊ ဇုန်(၄)တွင် လုပ်ငန်းရှင် ၂၅၆ ဦးတို့အား မြေကွက် ၃၂၄ကွက်များ အသီးသီးချထားခဲ့ပါသည်။ ယခုအခါ မြေကွက်နေရာလျာထားပြီး နေရာချထားခြင်းခံရသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်အချို့တို့အနေဖြင့် သတ်မှတ်အရစ်ကျပေးသွင်းရမည့် ကျသင့်ငွေများအား ပေးသွင်းခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ယနေ့အထိ မြေကွက်တန်ဖိုး ပထမအရစ် မပေးသွင်းသေးသော ကုမ္ပဏီ၊ လုပ်ငန်းရှင်တို့အနေဖြင့် ၂၀၁၃ခုနှစ် ဇွန် ၃၀ရက် နောက်ဆုံးထား၍ ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက ချထားပေးသော မြေကွက်များအား အလိုအလျောက် ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော် အကြောင်းကြားအပ်ပါသည်။

ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန ကုမ္ပဏီလီမိတက်က ဆောက်လုပ်ထားသော အောက်ဖော်ပြပါ စီးပွားရေးအဆောက်အအုံတစ်ခုလုံး(Commercial Centre)ကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်သော နိုင်ငံတကာ စံချိန်စံညွှန်းညီသည့် ခေတ်မီတိုးတက်မှုလုပ်ငန်းများကို ပေါ်လွင်စေရေးကို ရည်ရွယ်၍လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍လည်းကောင်း၊ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်စဉ်စီမံခန့်ခွဲမှုသဘောတူညီချက်(Annual Management Service Agreement) စာချုပ်ဖြင့် ၁၅ နှစ် ငှားရမ်းလုပ်ကိုင်ရန် အိတ်ဖွင့်တင်ဒါဈေးနှုန်း ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။ ငှားရမ်းမည့်အဆောက်အအုံနှင့် တည်နေရာလိပ်စာ
သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန(Forest Joint Venture Commercial Centre)၊ အမှတ် ၄၂၂၊ ၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၂၈-၅-၂၀၁၃ရက်မှ ၆-၆-၂၀၁၃ ရက်အထိ အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း တန်ဖိုးငွေ ကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းချက်များကို အထက်အပိုဒ် (၁)ပါ လိပ်စာနှင့် ဖုန်း-၀၁-၂၀၁၈၃၉ တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

၂၀၁၃ ခုနှစ်
အဘိဓမ္မာသင်တန်း(ပထမဆင့်)ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ပဓာနဆရာတော်ဘဒ္ဒန္တကုမာရမထေရ်မြတ် (အဂ္ဂမဟာပဏ္ဍိတ)၏ ဩဝါဒကိုခံယူလျက် ကျောင်းတိုက်အတွင်း၌ **အဘိဓမ္မာသင်တန်း(ပထမဆင့်)**ကို ၁-၆-၂၀၁၃ရက်မှ စတင်ဖွင့်လှစ်ပြီး စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မဒါနပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညို ပူဇော်နိုင်ပါသည်။

ဖွင့်လှစ်မည့်နေ့ရက် - ၂၀၁၃ခုနှစ် ဇွန် ၁ရက် (စနေနေ့)
ဖွင့်လှစ်မည့်အချိန် - မွန်းလွဲ ၁၂:၃၀နာရီမှ
မွန်းလွဲ ၂:၃၀နာရီအထိ
ဖွင့်လှစ်မည့်နေရာ - မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိ/ဗလသိဒ္ဓိရပ်ကွက်ရှိ အောင်ပန်းမြိုင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားလျက်ရှိသော အောင်ပန်းမြိုင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်းမင်္ဂလာကို ၁၃၇၅ ခုနှစ် ကဆုန်လပြည့်နေ့၊ မေ ၂၄ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

အစီအစဉ်အရ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဆရာတော် ဦးစာရိတ္တ(ဓမ္မာစရိယ၊ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ) ထံမှ ငါးပါးသီလခံယူ၍ အလှူရှင်များကလှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ ထို့နောက် ဆရာတော်ဦးစာရိတ္တအမှူးပြုသော ဆရာတော်များနှင့်အလှူရှင်များက စေတီတော်မြတ်အား လက်ဝဲရစ် လှည့်ပတ်ကာ စေတီတော်တွင်းသို့ ဓာတ်တော်၊ ဌာပနာတော်များ သွင်းတော်မူသည်။

"ကျွန်တော်တို့ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်ကြီးမှာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျောင်းသားကျောင်းသူလေးတွေကို လိမ္မာရေးခြားရှိစေဖို့ ယဉ်ကျေးလိမ္မာသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဇမ္ဗူသီရိမြို့နယ်ဟာ နိုင်ငံ့ဝန်ထမ်းအများစုနေထိုင်တဲ့ ဝန်ထမ်းမြို့တော်ဖြစ်တဲ့အတွက် တနင်္ဂနွေနေ့မှာ ရုံးပိတ်ရက်ဖြစ်တဲ့အတွက်တရားပွဲတွေလည်း ကျင်းပလျက်ရှိပါတယ်။ ယဉ်ကျေးလိမ္မာ သင်တန်းကိုလည်း ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်တွေက ကလေးငယ် ၈၀၀ကျော် တက်ရောက်နေပါတယ်"ဟု သဒ္ဓမ္မဝေပုလ္လပရိယတ္တိ စာသင်တိုက် ကော်မတီအတွင်းရေးမှူး ဦးဝင်းစိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။ ထို့အပြင် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်အတွင်း တည်ထားလျက်ရှိသော အောင်ပန်းမြိုင်ဆုတောင်းပြည့်စေတီတော်ကြီးအတွက် အနယ်နယ်အရပ်ရပ်တွင် ရှိသော ခုနစ်ရက်သားသမီးများ အနေဖြင့် လှူဒါန်းလိုပါက ဦးစောလင်း ဖုန်း-၀၉- ၄၉၂၉၈၅၅၃၊ ဦးဝင်းစိုး ဖုန်း- ၀၉- ၄၂၀၇၂၂၈၀၆၊ ဦးသန်းချစ် ဖုန်း-၄၂၀၇၄၇၁၁၈၊ ဦးငြိမ်းချမ်းဇော် ဖုန်း-၄၄၈၅၃၄၄၅၄၊ ၄၉၂၄၈၁၃၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တာချီလိတ်မြို့၌ တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

တာချီလိတ် မေ ၂၇

လားဟူတိုင်းရင်းသားများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၄ရက် နံနက်ကတာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်လားဟူဘော်ဒါဆောင်၌ကျင်းပသည်။ အခမ်းအနားတွင် လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှုန်နှင့်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးတို့က အမှာစကားပြောကြားသည်။ တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်များမှာ လားဟူတိုင်းရင်းသားများအနေဖြင့် မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွဲပါဝင်ဆောင်ရွက်ရန်၊ လားဟူတိုင်းရင်းသားများ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေစေရန်၊လားဟူတိုင်းရင်းသားများ မိမိစာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ် အစဉ်ရှိနေစေရန်နှင့် လားဟူတိုင်းရင်းသားများခေတ်စနစ်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်နေစေရန်တို့ဖြစ်ကြောင်း လားဟူတိုင်းရင်းသားရေးရာဝန်ကြီးက ပြောကြားသည်။ ယင်းနောက် စာတမ်းခေါင်းစဉ်ကိုးခုကိုလည်း ဖတ်ကြားဆွေးနွေးကြသည်။ ဆွေးနွေးပွဲအပြီးတွင် ဆုံးဖြတ်ချက်ငါးရပ်ချမှတ်ရာ လားဟူတိုင်းရင်းသား အမှတ်တံဆိပ်နှင့် အလံတို့ကိုရေးဆွဲပြီး အထက်အဆင့်ဆင့်သို့တင်ပြရန်နှင့် လားဟူတိုင်းရင်းသားများ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်ကူးပွဲတော်ရက် သတ်မှတ်ရန်စသည်တို့ဖြစ်သည်။ ထို့နောက် တာချီလိတ်ခရိုင်လားဟူစာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးဝီလ်ဆင်မိုးက ကျေးဇူးတင်စကားပြောကြားကြောင်းသိရသည်။**(ခရိုင်ပြန်/ဆက်)**

နေအိမ်နှင့်တွဲဖွင့်သည့် ကုန်စုံဆိုင်နှင့် မုန့်ပဲသရေစာဆိုင်များကို ဓာတ်အားတစ်ယူနစ် ၇၅ ကျပ်နှုန်းဖြင့် ဆက်လက်ကောက်ခံနေ

ခင်ဦး မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးခင်ဦးမြို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် နေအိမ်နှင့်တွဲဖွင့်သည့် ကုန်စုံဆိုင်နှင့် မုန့်ပဲသရေစာဆိုင်များကို ဓာတ်အားတစ်ယူနစ် ၇၅ ကျပ်နှုန်း ကောက်ခံရမည့်အစား ဆက်လက်ပြီး တစ်ယူနစ် ၇၅ ကျပ်နှုန်းဖြင့် ဆက်လက်ကောက်ခံနေကြောင်း သိရသည်။ ခင်ဦးမြို့နယ် ကန်သစ်စံပြကျေးရွာနေ ကုန်စုံဆိုင်ပိုင်ရှင် တစ်ဦးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ၂၀-၃-၂၀၁၃ ကျင်းပစဉ်က ဖြေကြားရာ၌ နေအိမ်နှင့်တွဲဖွင့်သည့် ကုန်စုံဆိုင်နှင့် မုန့်ပဲသရေစာဆိုင်များကို ဓာတ်အားတစ်ယူနစ်၃၅ကျပ်နှုန်းဖြင့် ကောက်ခံနေသည်ဟု ဖြေကြားခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မှုတစ်ခုဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးမူဘောင်နှင့် ဖီလာဆန့်ကျင်နေကြောင်း၊ မိမိတို့ကျေးရွာသို့ ဓာတ်အားတစ်ယူနစ် ၇၅ကျပ်နှုန်းမှ တစ်ယူနစ် ၃၅ ကျပ်နှုန်းသို့ လျှော့ချပေးရန်လာရောက်စိစစ် စစ်ဆေးပေးခြင်း မရှိသေးကြောင်း ပြောကြားသည်။

ရောင်နီတင်ဝင်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကျောင်းသားရှိရင် ကျောင်းသားသုံး အဘိဓာန်ရှိရမယ်။
သာလွန်
ကျောင်းသားသုံး
အင်္ဂလိပ် - မြန်မာ
အဘိဓာန်
THALUN Bookstore Yangon
သာလွန်စာအုပ်တိုက် ဖုန်း - ၀၁- ၂၉၉၂၂၈၊ ၂၄၂၄၁၈၊ ၂၄၂၀၃၈

ကျောင်းသားများ၊ ကုမ္ပဏီပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက်
ဦးအောင်စိုးဦး
ကုမ္ပဏီတည်ထောင်ခြင်းနှင့် စီးပွားရေးဥပဒေသင်တန်း
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ JOINT VENTUR အထူးပြု
ACETOP ACADEMY
အမှတ် ၂၄၅ (ပ)ထပ်၊ ၃၇လမ်း အ-ထ-က (၁)ရှေ့၊ ကျောက်တံတား ရန်ကုန်။ ဖုန်း ၀၉ ၇၃၂၂၄၁၄၃, ၀၁ ၂၄၉၁၆၃
ဇွန်လ ၁ ရက် သင်တန်းစတင်ဖွင့်လှစ်မြဲ

ပိုင်ရှင်ကိုယ်တိုင် တိုက်ခန်းအမြန်ငှားမည်

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ (ဗားကရာလမ်းအနီး) ခြောက်လွှာ၊ ၁၇ပေ×ပေ၇၀၊ ရှေ့နောက်ဝရန်တာပါ။ ဘုရားခန်းတစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ လျှာထိုးခင်း၊ အိမ်သာရေချိုးခန်း၊ မီးဖိုကြွေပြားကပ်၊ အိမ်သာဘိုထိုင်၊ ပရိဘောဂပါ၊ အခန်းနှစ်ခန်း၊ တစ်ခန်းတွင် A/C ပါ၊ တစ်လလျှင် ကျပ်သုံးသိန်း။

ဖုန်း-၀၉-၄၂၅၂၉၅၆၉၅

နိဗ္ဗာန်သည် ဘဝဆက်ဆက်ပါရမီဖြည့်ဆည်းပြီး ပါရမီပြည့်လေမှ သံသရာ၌ရလာမည့်တရားမဟုတ်။ လက်ရှိဘဝ၌မျက်မှောက်ပြုအပ်သောတရား။ ထိုးထွင်းသိအပ်သောတရား။ ဤအတွက် ဤဘဒ္ဒကမ္ဘာ၌ ဤသာသနာအား ဗုဒ္ဓဘုရား ထားရစ်ခဲ့သည်။

နေလိုလလိုလင်းစေသော် **ဓမ္မပါလ**

ထွက်ပြီ

ဖြန့်ချိရေး(ရန်ကုန်)ဦးစိုးဝင်း ၀၉၇၃၁၉၆၂၇၁
(နယ်မန္တလေး)စိုးဇင်စာပေ ၀၁-၂၂၈၂၉၇
၀၉၅ ၀၄၉၇၈၃ ၊ ၀၉ ၄၅၀၀၄၀၇၆၇

မော်ဒယ်မြင့်ကားများ စနစ်တကျပြုပြင်နည်းသင်တန်း

KS
OBD 2 Training Center

- အင်ဂျင်ထိန်းချုပ်စနစ်
- OBD 2
- SENSORS
- ABS/SRS
- EMISSION
- TROUBLE CODES
- DIAGNOSTIC SCANNER ကို အခြေခံမှစ၍ စာတွေ့၊ လက်တွေ့သင်ကြားပေးပါသည်။

(၃၀-၅-၂၀၁၃)နေ့တွင် တန်းခွဲသစ်စမည်။
သင်တန်းကြေး - သုံးသိန်း

သင်တန်းအချိန်နှင့်နေ့ရက် (Mon ~ Sat) နံနက် ၉:၃၀ နာရီ မှ ၁၁:၃၀ နာရီထိ

လူဦးရေကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ လာရောက်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အခန်း(၀၁-၀၈)၊ ပထမထပ်၊ ချမ်းသာပလာဇာ၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၂ ၄၄၄၄၆၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်၊ ဦးပိုင်အမှတ်(၁၃၂၃၊ ၁၃၂၄၊ ၁၃၂၅)၊ ဧရိယာ ၀ဒသမ ၁၆၅၉ဧကရှိ ဦးကျော်လင်းအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးကျော်လင်း ၃/ဘအန(နိုင်) ၀၂၅၅၈၂ (ဘ) ဦးအောင်ဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း



မော်ကျွန်းမြို့နယ်၊ ကညင်ချောင်းကျေးရွာ ဦးကျော်ဟန်-ဒေါ်အေးစန်းတို့၏ သားအသက် ၁၃နှစ်အရွယ်ရှိ ရှင်နန္ဒမာလာ(ခ) မောင်တင်နောင်သည် ပညာသင်ကြားသီတင်းသုံးလျက်ရှိရာ မအူပင်မြို့ မဟာဗောဓိကျောင်းတိုက်မှ ၁-၅-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာရဲစခန်းများတွင် တိုင်ကြားထားပြီး တွေ့ရှိပါက အောက်ပါလိပ်စာများအတိုင်း အကြောင်းကြားပေးပါရန်နှင့် လက်ခံတွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ-

(၁) **ဦးသောဘဏ (အစ်ကိုကြီးဖြစ်သူ)**
ဖုန်း-၀၄၅-၃၀၃၄၈၊ ၀၄၅-၃၀၃၄၉၊
၀၉-၄၉၇၅၂၈၄၆၊ ၀၉-၄၉၇၅၂၉၄၃၊

(၂) **ဦးဥတ္တရ (ဆရာရင်း)**
ဖုန်း-၀၉-၄၂၅၀၀၅၉၅၆

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ ကွင်းအကွက်အမှတ်- ၇(ခ) ကန်ဖျား၊ ဦးပိုင်အမှတ် (ခ/၇၀)၊ ဧရိယာ (၀. ၂၃၃)ဧကနှင့် ဦးပိုင်အမှတ် (ဃ/၇၀)၊ ဧရိယာ(၀. ၀၈၁)ဧကရှိ အိမ်ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၇၁)၊ ရဲသိပ္ပံလမ်း၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့နယ်ဟုခေါ်တွင်သော နေအိမ်တို့နှင့်ပတ်သက်၍ လက်ရှိမြို့မြေစာရင်းအမည်ပေါက်သူ ဦးစိန်ယု ၆/မအရ(နိုင်)၀၀၉၉၄၀နှင့် ဒေါ်လှရီ ၆/မအရ(နိုင်)၀၁၂၁၂၈တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက ပထမအရစ်ရောင်းဘိုငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက နှစ်ဘက်သဘောတူညီချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမော် B.Sc, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၁၅)
အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းကြားစာ

အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၃ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၁၃

၁။ ဦးမောင်ကျော်	နှင့်	၁။ ဒေါ်စန္ဒာကျော်
၂။ ဒေါ်မြင့်မြင့်ခိုင်		၂။ ဦးလှမျိုးဝင်း
(အတူနေလင်မယား)		
အယူခံတရားလိုများ		**အယူခံတရားပြိုင်များ**

၂၀၁၂ခုနှစ် နိုဝင်ဘာ ၂၂ရက်စွဲပါ ဖျာပုံခရိုင်တရားရုံး၏ တရားမအယူခံမှုအမှတ်-၃၃/၂၀၁၂ ၏စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် (၂) ဦးလှမျိုးဝင်း၊ မြကုန်းကျေးရွာတောင်ပိုင်း၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဖျာပုံခရိုင်တရားရုံးမှချမှတ်ပေးသည့်စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလို ဒေါ်စန္ဒာကျော်က တရားမ ဒုတိယအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမ ဒုတိယအယူခံမှုကို ၂၀၁၃ခုနှစ် ဇွန် ၁၃ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၅ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ရှောက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းတရားမ ဒုတိယအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့ပြင် သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(စန်းမြကြူ)
လက်ထောက်ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်အမှတ်(၁၆)၊ အခန်း(၁၁)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ နေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိသူ ဒေါ်အေးချိုခိုင် ၁၂/အစန(နိုင်) ၀၂၅၀၂၇ထံမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ရွှေ

ဖုန်း-၀၉-၃၁၀၉၄၁၅၃၊ ၀၉-၄၃၀၂၄၈၀၀၊ ၀၉-၄၃၀၂၄၉၀၀

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၁၂၂၈/က၊ မြေကွက်တည်နေရာအမှတ် ၁၂၂၈/က၊ တိုးချဲ့ ၂လမ်း၊(၂)မြောက်ရပ်ကွက်၊သာကေတမြို့နယ် ဦးတင်ရှိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား (၁) ဦးလှမင်းမှ သာကေတမြို့နယ် တရားမရုံး၌ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်(၆၀/၂၀၁၂)ဖြင့် ဒေါ်သိန်းမြ၊ (၂) ဒေါ်လှလှ၊ (၃) ဒေါ်သန်းသန်းဝင်း၊ (၄) ဒေါ်တင်နွဲ့၊ (၅) ဦးမောင်မောင်ကြီးတို့အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုရာ ၈-၂-၂၀၁၃ရက်စွဲပါ တရားစီရင်ချက်နှင့် အမိန့်၏အနိုင်ဒီကရီနှင့် ၂၀၁၃ တရားမဇာရီမှုအမှတ် ၃ တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်မှုခင်း

နောင်ယားကန်သာယာသန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်

လွိုင်ကော် မေ ၂၇

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယားကန်သာယာပိုမိုကောင်းမွန်ပြီး သန့်ရှင်းလှပသောကန်ကြီးဖြစ်လာစေရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ ပူးပေါင်းကာ နောင်ယားကန်သာယာကို မေ ၂၅ ရက် နံနက် ၈ နာရီက ရပ်ကွက်နေပြည်သူများနှင့်တပ်မတော်သားများက ကန်ပတ်လည်ရှိ အမှိုက်များကို သန့်ရှင်းရေးများ ပြုလုပ်ကြသည့်အပြင် **(အောက်ပုံ)** ယင်းရေကန်သည် ကြာပင်များ၊ မှော်များ၊ ရွှံ့ညွန်များဖြင့် တိမ်ကောနေသည့်အတွက် စက်ယန္တရားများဖြင့် ဆယ်ယူခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ရှာင် မေ ၂၇

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်အတွင်းရှိ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့များ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၅ရက်က ရွာင်မြို့ဗထူးခန်းမ၌ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်ကအမှာစကားပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ပုဂ္ဂလိကလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ခရီးသွားလာရေးအဖွဲ့တို့မှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများက ဦးဆောင်၍အဖွဲ့လိုက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

သပိတ်ကျင်းမြို့ ဆယ်ဇင်ကုန်းကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

သပိတ်ကျင်း မေ ၂၇

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ဆယ်ဇင်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပထမအကြိမ် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို မေ ၃ ရက်က စတင်ဖွင့်လှစ်ပြီး သင်တန်းဆင်းပွဲကို မေ ၁၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဆယ်ဇင်းကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ မန္တလေးမြို့ရေတံခွန်တောင် သစ္စဝေဒဂူဆရာတော် ဘဒ္ဒန္တခေမာစာရ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပွကြီးနှင့် ရပ်မိရပ်ဖများ၊ အလှူရှင်များနှင့် သင်တန်းသားသင်တန်းသူများတက်ရောက်ခဲ့ကြပြီး ထူးချွန်စွာအောင်မြင်ခဲ့သော သင်တန်းသား သင်တန်းသူများအားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ အဆိုပါသင်တန်းကို ရန်ကုန်မြို့မှ ကိုဖိုးဇော်-မဖြူဖြူဝင်း မိသားစုက ဦးဆောင်ကျင်းပပြီး မန္တလေးမြို့ရေတံခွန်တောင်သစ္စဝေဒဂူမိုးကုတ်ရိပ်သာမှဆရာတော်များ၊ သီလရှင်များ၊ ယောဂီများ၊ ဆရာ ဆရာမများက သင်တန်းကို ပို့ချကြကြောင်း သိရသည်။ **ဘုန်းဆွေ (သပိတ်ကျင်း)**

စက်တပ်သမ္ဗန် တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် မေ ၂၇

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မေဒေးသမ္ဗန်ဆိပ်ကမ်းမှ ဆိပ်ကြီးခနောင်တိုမြို့နယ် ဂျင်ဝိုင်းလေးကျေးရွာသို့ ခရီးသည် ကျားခုနစ်ဦး၊ မတစ်ဦးကိုတင်ဆောင်ပြီး မိုးလွင် မောင်းနှင်လာသော မေတ္တာနိုင်စက်တပ်သမ္ဗန်သည် မေ ၂၅ ရက် ည ၈ နာရီ ၅၅ မိနစ်က ရေလယ်အရောက်တွင် စက်ချွတ်ယွင်းမှုဖြစ်ပွားပြီး ရေစီးဖြင့် မျောကာ ရေလယ်ပွိုင့်တွင် ဆိုက်ကပ်ထားသော စီဘီသင်္ဘောနှစ်စင်းကြား ရောက်သွားပြီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာအနီးရှိ ဦးမြင့်ဇင်၊ ဂျောင်ဝိုင်းကြီး ဂျောင်ဝိုင်းလေး ခရီးသည်တင်သမ္ဗန်များက ဝိုင်းဝန်းဆယ်ယူမှုကြောင့် ခရီးသည်များကို ကယ်တင်နိုင်ခဲ့ပြီး မောင်ချစ်ရင်ထူး သုံးနှစ် ဂျောင်ဝိုင်းလေးကျေးရွာနေသူမှာ ပျောက်ဆုံးနေကြောင်းသိရသည်။

အရေးယူနိုင်

အခင်းဖြစ်ပွားရာသို့ အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ သစ်တောရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ရောက်ရှိလာပြီး လိုအပ်သောကူညီဆောင်ရွက်မှုများပေးကာ စက်တပ်သမ္ဗန်မောင်းနှင်သူ မိုးလွင်ကို ဆိပ်ကမ်းရဲစခန်းက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **တင်မောင်ဦး(အလုံ)**

လင်မယားချင်း ရန်ဖြစ်ရာမှ ခင်ပွန်းသေဆုံး

ပဲခူး မေ ၂၇

ပဲခူးမြို့နယ် အင်းတကော်ရဲစခန်းအပိုင် ပျဉ်းမငူကျေးရွာအုပ်စု မိုဒိုကျေးရွာနေ မောင်နိုင် (ခ)နိုင်ဝင်း (၂၈နှစ်)နှင့် ဇနီးဖြစ်သူ ခင်မွန်ထွေးတို့ ထင်းခွဲနေရာမှ စကားများကြရာ ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူအား ထိုးကြိတ်ခဲ့သည်။ ဇနီးဖြစ်သူက မခံနိုင်တော့၍ ထင်းခုတ်ဓားဖြင့် ခုခံကာကွယ်လိုက်ရာ ခင်ပွန်းဖြစ်သူ မောင်နိုင်(ခ)နိုင်ဝင်းသည် အခင်းဖြစ်နေရာ၌ ပွဲချင်းပြီးသေဆုံးခဲ့သည်။ အခင်းဖြစ်စဉ်မှာ မေ ၂၅ ရက် ညနေ ၄ နာရီခွဲဖြစ်ပြီး အခင်းဖြစ်နေရာသို့ တာဝန်ရှိသူများနှင့် အင်းတကော် ရဲစခန်းမှ စခန်းမှူးတို့ ရောက်ရှိပြီး အရေးယူဆောင်ရွက်ခဲ့သည်။ **ကျော်ကျော်အောင်**

ပျောက်ဆုံးခြင်း

ကျွန်မ မချယ်ရီကြူကြူ (ဘ) ဦးထွန်းသိန်း ၁၃/တကန(နိုင်)၁၇၁၀၇၄၏ နိုင်ငံကူးလက်မှတ် Pass Port No.A -299355 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၉၂၈၂၃၁၀**

ဥတုရာသီ တောကိုမှီ၏

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၅၁၂၊ မြေအကျယ်ပေ(၆၀×၈၀)ရှိ ပါမစ်မြေကွက်နှင့်တကွ ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန မြေစာရင်းတွင် အမည်ပေါက်ဦးမြတ်စိုး(လှိုင်) ၁၂/လမန(နိုင်)၀၆၅၇၄၆ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်ဝေ PMA-၁၂၃၂၆၅ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်အေး
၁၃/ကခန(နိုင်)၀၇၁၇၀၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ လူနေရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၈၃၃/က၊ ဧရိယာ ၀ဒသမ ၀၂၇၉က ပေ(၂၀×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၈၃၃/က၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော တစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမြစိန် ၁၂/ဥကတ(နိုင်)၁၂၁၄၂၂ ၏ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၈၈၃/၂၀၁၂ ရရှိသူ ဒေါ်ခင်ထွေး ၁၀/ကမရ(နိုင်)၀၁၆၈၅၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (စဉ်-၅၇၇၃)၊ ဒေါ်လွင်မာ (စဉ်-၈၉၀၉)
တရားလွှတ်တော်ရှေ့နေများ
ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)
ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)၊ ဒေါ်လွဲလွဲဝင်း (စဉ်-၃၉၈၈၀)
အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် ၅၄၊ မြေကွက်အမှတ်(၆၇၆/က)၊ ပုဂံလမ်း၊ ဦးလှကျော်ဦး ၁၂/မရက(နိုင်)၁၀၁၀၂၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား အမည်ပေါက် ဦးလှကျော်ဦးထံမှ ကျွန်တော် ဦးဌေးအောင် ၁၂/သခန(နိုင်)၀၀၀၅၉၅က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဌေးအောင်
ဖုန်း-၀၉-၇၃၂၄၀၃၂၉၊ ၀၉-၅၁၀၉၅၃၄

သတင်းဆောင်းပါးနှင့်ကြော်ငြာ

မြန်မာနိုင်ငံမှ ပြည်ပသို့ ကျွန်းသစ်တင်ပို့မှု နှစ်စဉ်ပျမ်းမျှတန်ချိန် တစ်သန်းခွဲကျော် တင်ပို့လျက်ရှိ

ရန်ကုန် မေ ၂၇

မြန်မာ့ကျွန်းသစ်သည် ကမ္ဘာတွင် လူကြိုက်များလျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ တင်ပို့မှုအနည်းငယ်ကျဆင်းသွားခဲ့သော်လည်း တန်ချိန်တစ်သန်းကျော်အထက် ဆက်လက်တင်ပို့နိုင်ဆဲဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စာရင်းဇယားများတွင် ဖော်ပြသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကျွန်းသစ်များ တင်ပို့လျက်ရှိရာ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်အတွင်း ကျွန်းသစ်တန်ချိန် ၁၄၅၂၃၀၈ တင်ပို့နိုင်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်က တင်ပို့မှုတန်ချိန် ၁၈၅၇၉၀၁တန်နှင့် နှိုင်းဆာလျှင် အနည်းငယ်ကျဆင်းသွားခဲ့ကြောင်း ထို့အရင်နှစ်က တန်ချိန်၁၆၄၆၈၇၃ တန် တင်ပို့နိုင်ခဲ့ကြောင်း အဆိုပါ စာရင်းဇယားများတွင် ဖော်ပြသည်။

မြန်မာနိုင်ငံမှ ကျွန်းသစ်များကို သစ်များအလုံးလိုက်သော်လည်းကောင်း၊ သစ်အချောထည်များ ထုတ်လုပ်၍

သတင်းဆောင်းပါး-မြင့်မောင်စိုး
ဓာတ်ပုံ-
တင်စိုး(မြန်မာ့အလင်း)

ခွဲသားများအဖြစ် ကွန်တိန်နာများ ထည့်သွင်းပြီး၍လည်းကောင်း ပြည်ပသို့တင်ပို့လျက်ရှိသည်။ မြန်မာ့ကျွန်းသစ်များကို အဓိကအားဖြင့် အာရှနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ သို့သော် အီးယူက ပိတ်ဆို့မှုများ ရုပ်သိမ်းလိုက်ပြီးနောက် ဥရောပနိုင်ငံများသို့လည်း တင်ပို့ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။ ကျွန်းသစ်များကို မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့ရာတွင် ရေလမ်းကြောင်းအသုံးပြုတင်ပို့ခြင်းဖြစ်၍ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့လျက်ရှိသည်။

မြန်မာ့ကျွန်းသစ် ဈေးနှုန်းသည် လက်ရှိပြည်တွင်းဈေးကွက်တွင် သစ်တစ်တန်လျှင် ကျပ် ၁၈ သိန်းမှ သိန်း ၂၀ ဝန်းကျင်ဈေးရှိကြောင်း သစ်လုပ်ငန်းရှင်တစ်ဦး၏ပြောပြချက်အရ သိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသောကျွန်းသစ်များသည် အရည်အသွေးကောင်းမွန်ပြီး ကမ္ဘာ့နိုင်ငံအများအပြားက ဝယ်ယူလျက်ရှိသည်။

အထက်ဖော်ပြပါ စာရင်းအချက်အလက်များကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံသည် နှစ်စဉ် ကျွန်းသစ်တန်ချိန်တစ်သန်းခွဲ ပျမ်းမျှအားဖြင့် တင်ပို့လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ကျွန်းသစ်စိုက်ပျိုးရန်အကောင်းဆုံး ရေမြေရာသီဥတုကို ပိုင်ဆိုင်ထားသဖြင့် အရည်အသွေးကောင်းကျွန်းသစ်များ ထုတ်လုပ်ပေးလျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကျွန်းသစ်ကို ပုဂ္ဂလိကစိုက်ပျိုးခွင့်များ ပြုထားပြီးဖြစ်၍ နိုင်ငံတစ်နံတစ်လျားတွင် ပုဂ္ဂလိကကျွန်းစိုက်ခင်းများ တိုးပွားလာလျက်ရှိသည်။ ပုဂ္ဂလိကကျွန်းစိုက်ပျိုးမှုတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ကျွန်းသစ်တင်ပို့မှုမှာလည်း နှစ်စဉ်ပုံမှန်တိုးတက်လာမည်ဖြစ်ပါသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်ဆိပ်ကမ်းမှ ကျွန်းသစ်တင်ပို့မှုကို တွေ့ရစဉ်။

ကသာမြို့နယ်သူ မြို့သားများမှ မီးသတ်ယာဉ်တစ်စီးလှူဒါန်း

ကသာ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့များ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း၊ ဟောပြောခြင်းနှင့် အသိပညာပေးရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုဝမ်းသာလျက်ရှိသည်။

ကသာမြို့သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည်က တစ်ကြောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအချိန်တိုအတွင်းမှာ မီးလောင်မှုကို ငြိမ်းသတ်သွားနိုင်ရေး၊ မြို့သူမြို့သားများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရေးတို့ကို ရည်ရွယ်၍ မြို့မိမြို့ဖနှင့် မြို့သူမြို့သားများပူးပေါင်း၍ တရုတ်နိုင်ငံမှထုတ်လုပ်သည့် ရေဂါလန် ၄၂၀၀ ဆံ့ ဒေါင်ဖန်းအမျိုးအစား မီးသတ်ယာဉ်တစ်စီးကို ဝယ်ယူလှူဒါန်းခဲ့သည့်အတွက် မြို့သူမြို့သားများ ဝမ်းသာပီတိဖြစ်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

ဗန်းမောက်မြို့နယ် ဝေမြူးရွှေမှော်၌ မူးယစ်ဆေးဝါးများဖမ်းဆီးမိ

ဗန်းမောက် မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဝေမြူးရွှေမှော်အနီးတွင် မူးယစ်ဆေးဝါးသယ်ဆောင်လာသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ညနေ ၆ နာရီခွဲက ကသာခရိုင်ရုံးမှ ဒုရဲအုပ်စိုးဝင်းနှင့်အဖွဲ့သည် ပင်ပုံရဲကင်းမှူး ဒုရဲအုပ်သိန်းထွန်းဝင်းအဖွဲ့နှင့်ပူးပေါင်း၍ သက်သေများနှင့်အတူ သတင်းအရ ဗန်းမောက်မြို့နယ် ဝေမြူးရွှေမှော်မှ ကြောင်လည်ရွာသွားလမ်းတွင် လမ်းလျှောက်လာသူ မောင်လွင် (၄၂နှစ်) ဗန်းမောက်မြို့နယ်နေသူအား ရပ်တန့်စစ်ဆေးရာ ၎င်းလွယ်ထားသောလွယ်အိတ်အတွင်းမှ ပလတ်စတစ်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်အလေးချိန် ၂ဒသမ ၃ဂရမ်ပါတစ်ဘူး၊ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်အလေးချိန် ဝဒသမ ၂ဂရမ်တစ်ပုလင်း ဖမ်းဆီးရမိသည်။

ယင်းအမှုအား အမှုစစ်ပင်ပုံရဲစခန်းမှူး ဒုရဲအုပ်သိန်းထွန်းဝင်းက တရားလိုနှင့် သက်သေများစစ်ဆေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ မရှိ စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
အမှုဆောင်များ နုတ်ထွက်ခြင်းနှင့် အမှုဆောင်အသစ်များ ရွေးချယ်နိုင်ရန် နိုင်ငံလုံးဆိုင်ရာ ညီလာခံခေါ်ယူကျင်းပခြင်း

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လက်ရှိအမှုဆောင်များအားလုံး နုတ်ထွက်ခြင်းနှင့် အမှုဆောင်အသစ်များကို ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း အစီအစဉ်ကို ဖွဲ့စည်းပုံနှင့်အညီ ၂-၆-၂၀၁၃ရက်တွင် နိုင်ငံလုံးဆိုင်ရာ ဆန်စပါးညီလာခံ ခေါ်ယူကျင်းပမည်ဖြစ်ပါသည်။

၂။ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ထင်သာမြင်သာရှိခြင်း အပါအဝင် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီစေရန် အတွေ့အကြုံနှင့် သမာဓိပြည့်ဝသော ပုဂ္ဂိုလ်များဖြင့် ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းတာဝန်လွှဲအပ်ထားပြီး ဖြစ်ပါသည်။

၃။ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ကိုယ်စားလှယ်(၂၄၅)ဦးဖြင့် ဖွဲ့စည်းပြီး ၂-၆-၂၀၁၃ရက် ရွေးကောက်ပွဲတွင် အဆိုပါကိုယ်စားလှယ်များမှ ဆန္ဒမဲပေး၍ အဖွဲ့ဝင်(၁၁၉)ဦးပါဝင်သော ဗဟိုအလုပ်အမှုဆောင်ကောင်စီ၊ အဖွဲ့ဝင်(၄၀)ဦးပါဝင်သော စီမံခန့်ခွဲရေးကော်မတီနှင့် ရာထူးတာဝန်များဖြစ်သည့် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးများနှင့် စာရင်းစစ်များကို ရွေးချယ်မည် ဖြစ်ပါသည်။

၄။ အသင်းချုပ်ဖြစ်သည်နှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတွင် ကိုယ်စားပြုဖွဲ့စည်းထားသော အသင်း(၃)သင်းဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့ကို အဓိကအခြေခံ၍ ဖွဲ့စည်းပုံနှင့်အညီ ရွေးချယ်တင်မြှောက် ဖွဲ့စည်းမည် ဖြစ်ပါသည်။ ညီလာခံကိုယ်စားလှယ် (၂၄၅)ဦးအနက် အသင်းတစ်သင်းလျှင် ကိုယ်စားလှယ်(၅၀)ဦးနှုန်းဖြင့် အသင်း(၃)တို့မှ (၁၅၀)ဦး စေလွှတ်မည် ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအသင်းများ၏ အသင်းဝင်များအနေဖြင့် မိမိတို့ဆိုင်ရာ အသင်းများနှင့် ဆက်သွယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စုံစမ်းမေးမြန်း ဆောင်ရွက်သင့်ပါသည်။ အသင်း(၃) သင်းမှ ရွေးချယ်စေလွှတ်မှုဖြင့်သာ ညီလာခံကိုယ်စားလှယ်အဖြစ် ပါဝင်လာမည် ဖြစ်ပါသည်။

၅။ ကျန်ညီလာခံ ကိုယ်စားလှယ်(၉၅)ဦးမှာ ဆန်စပါးအထူးပြုကုမ္ပဏီ(၄၅)ခု၊ အခြားကုမ္ပဏီ(၃၀)ခု၊ ညီနောင်အသင်းများဖြစ်စေသော မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနှင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့မှ (၁၀)ဦးစီတို့ဖြင့် ပါဝင်ဖွဲ့စည်းမည် ဖြစ်ပါသည်။

၆။ အသင်း(၃)သင်းမှ ဥက္ကဋ္ဌ(၃)ဦးနှင့် အသင်း(၃)သင်း၏ တိုင်းဒေသကြီး/ပြည်နယ် အသင်းခွဲ ဥက္ကဋ္ဌများသည် ဗဟိုအလုပ်အမှုဆောင်ကောင်စီတွင် အလိုအလျောက် ဖွဲ့စည်းပုံအရ ပါဝင်လာမည်ဖြစ်၍ အသင်း(၃)သင်း၏ တိုင်းဒေသကြီး/ပြည်နယ် အသင်းခွဲ ဥက္ကဋ္ဌများသည် ၂-၆-၂၀၁၃ ရက် ရွေးကောက်ပွဲတွင် မပျက်မကွက် တက်ရောက်ရန် အထူးအရေးကြီးပါသည်။ လိုအပ်သော တည်းခိုနေထိုင်ရေးကိစ္စများ အဆင်ပြေစေရန် စီစဉ်ထားမည်ဖြစ်သောကြောင့် အသင်းချုပ်(ရုံးချုပ်)နှင့် အမြန်ဆုံးဆက်သွယ်သတင်းပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖိတ်စာများကိုလည်း ပေးပို့ထားပြီး ဖြစ်ပါသည်။ သို့ရာတွင် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်သွယ်တက်ရောက်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

၇။ စုံစမ်းမေးမြန်းမှုများ ပြုလုပ်လိုပါက အသင်းချုပ်(ရုံးချုပ်) UMFCCI Level 8၊ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၂၁၈၂၆၆၊ ၂၁၈၂၆၇၊ ၂၁၈၂၆၈၊ ၂၀၁၁၂၈ တို့သို့ ဆက်သွယ်၍ဖြစ်စေ၊ www.myanmarricefederation.orgတွင်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆(D)၊ မြေကွက်အမှတ် ၈၈ ဒီ/၁၊ မြေကွက်တည်နေရာ မြေကွက်အမှတ် ၉၉ A-၂၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ခင်ထွေး(ခ)ဒေါ်မြတ်ဝေအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်ထွေး(ခ)ဒေါ်မြတ်ဝေ ကွယ်လွန်သဖြင့် ဦးကိုကိုထန်(ခ)ကိုကို ၁၂/ကမရ(နိုင်)၀၃၃၁၆၅က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄F၊ မြေကွက်အမှတ် III 17၊ Southern ½ of III 18၊ မြေကွက်တည်နေရာအမှတ် ၈၆၊ ၉၀(၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ Mohamed Cassim Mamoon (a) Mg Toke Gyi အမည်ပေါက် မြေပိုင်မြေအား ဒေါ်အိုင်စာဘီ (ခ)ဒေါ်ခင်လှကအရောင်းအဝယ်စာချုပ်အမှတ် ၃၄၉/၁၉၆၃(၁-၃-၁၉၆၃) နှင့် အမည်ပေါက်စာချုပ် ၁၀၆၄/၁၉၅၉ မိတ္တူမှန်တို့ကိုတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော် ဇေယျာသီရိမြို့နယ်၊ သာစည်ကျေးရွာအုပ်စု၊ သာစည်ရွာနေ ဦးတင်အောင်-ဒေါ်သောင်းတင်တို့၏သမီး မလှဆန်းသည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။
ဖခင်-ဦးတင်အောင် ၉/ပမန(နိုင်)၁၂၀၅၃
မိခင်-ဒေါ်သောင်းတင် ၉/ပမန(နိုင်)၁၂၁၁၅

ဦးဇင်မင်းလတ် [B.E(Electronic),Project Engineer,Singapore]
ဒေါ်သက်သက်ခိုင် [D.H.E(UK),P.G.D.B.A(Singapore),P.G.D.G.E(Yangon University),B.Sc(Chem)]
တို့ဦးစီးတည်ထောင်သော

ပညာဖြင့် ဘဝကို မှတ်ကျောက်တင်၊ ပညာဖြင့် ဘဝကို ရဲရင့်ကျနစွာ တည်ဆောက်နိုင်ဖို့ . . .

အားလုံးရဲ့လိုအပ်ချက်ကို အကောင်းဆုံးဖြည့်ဆည်းပေးမည်

FUTURE BRIGHT STAR Education Center

နွေလ(၇)ရက်နေ့ ဝိုင်းသစ်စမည်

၅-၆-၇-၈-၉-၁၀ (တက္ကသိုလ်ဝင်တန်း)

အဆင့်မြင့်သီးသန့် စာသင်/စာကျက်ဝိုင်း နှင့် အဆင့်မြင့်သီးသန့်ဘော်ဒါ

မြန်မာစာ Dr. မင်းထက် B.A(Hons),M.A,Ph.D(Myanmar)
အင်္ဂလိပ်စာ ဦးအေးထွတ် B.A(English); Dip.English Language Teaching
သင်္ချာ ဦးခင်မောင်သန်း(ဂုဏ်ထူးရသင်္ချာ) [B.Sc (Hons:) M.Sc (Maths:)F_1]
ဓါတုဗေဒ ဒေါ်သဇင် [B.Sc (Chemistry),D.C.G.H]
ရူပဗေဒ ဦးအောင်စိုးဝင်း,[B.E (Electronic)]
ဇီဝဗေဒ Dr. မြသိန်း (M.B,B.S)(The Best Biology)
ဘောဂဗေဒ ဒေါ်သန်းသန်းလှ B.Ed (စနစ်သစ်)

အမှတ် ၂၄၇/၂၄၉(၅-လွှာ) (A)၊ United Condo၊ ဗိုလ်မြတ်ထွန်းလမ်း(အထက်)၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
ဒေါ်သက်သက်ခိုင်- 09 5112518

DPS မှာ GPS ငှားသည်၊ ရောင်းသည်။
မိမိလယ်မြေ၊ ကွင်းကိုတိုင်းရန် မြေပုံထွက်သည်အထိဆောင်ရွက်ပေးသည်။

- ကွင်းပုံများ မိမိကိုယ်တိုင်ပြုစုလို့ရ၊ အမြင့်ပါသိရမယ်။ သောင်ထွန်းနုံးတင်မြေနများ တိုးပွားလာခြင်း၊ ရေတိုက်စား၊ မြေပြိုမှုကြောင့်လျော့နည်းသွားခြင်းနှင့် မြေလွတ်၊ မြေရိုင်းများ ခြံ၊ မြေလယ်မြေများမြေပုံတိုင်းတာပြုစုနိုင်ပြီ။
- မြောင်းပြောင်းပြန် မဖောက်မိရန် အနိမ့်အမြင့် အခြေအနေများကို တိုင်းနိုင်မယ်။ Barometric Altimeter
- ယခင်ကမြေပုံဟောင်းများရှိခဲ့ပြီး တိုင်းခဲ့ပြီးသောကွင်း (သို့) ခြံမြေ၊ လယ်မြေများကို လက်ရှိအခြေအနေများအတိုင်း မြေပုံများပြန်လည်ပြုစုနိုင်မည် ။ဧရိယာအမှန်ရမည်။
- မြေပုံဟောင်းများရှိအတိုင်းအတာအကွက်များနှင့် လက်ရှိဖြစ်ပေါ်နေသော အတိုင်းအတာလျော့မှုတိုးမှုများနှင့်မြေပုံမဆွဲရသေးသော လယ်မြေများ၊ မြေကွက်များကို လွယ်ကူစွာ မြေပုံများပြုစုရေးဆွဲနိုင်မည်။
- ကွင်းဆင်းရေးဆွဲထားသော လယ်မြေ ယာမြေ ခြံမြေများကို တကယ့်မြေပြင်ဂြိုဟ်တုပုံမြင်ကွင်းများဖြင့်တိုက်ဆိုင်စစ်ဆေးနိုင်မည်။
- စပါးခင်း၊ ပဲခင်း၊ ကျွန်းစိုက်ခင်း၊ သစ်မွေး၊ရော်ဘာ၊ဆီအုန်း ဧကကွက်များအားလုံးတိုင်းနိုင်သည်။

MAPS

165, 35th St (Middle) , KTDA Tsp, Yangon.Tel: 20 40 20, 0950-30177, www.dpsmap.com, Email: dpsmap@gmail.com

ကြော်ငြာ

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးအောင်မင်း(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)-ဒေါ်ခင်မာလာတို့၏သားငယ်

မောင်အိုးဝေမင်း

B.Econ. (Economics),
Diploma in Accounting (LCCI, UK)
(လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်)၊ နိုင်ငံခြားရေးဝန်ကြီးဌာန

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးစည်သူ(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်းတို့၏ တစ်ဦးတည်းသောသမီး

မဖြိုးဒါလီစည်သူ

B.Econ. (Economics),
Diploma in Global English, Diploma in Management Accounting (DMAc)

တို့၏ ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel, Grand Ballroom ၌ ကျင်းပသော ထိမ်းမြားမင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာပန်းကုံးဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးတင်ထွန်း (သံအမတ်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်နန်းဖောင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီး(ငြိမ်း) သီဟသူရ၊ မဟာသီရိသုဓမ္မ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သဇင်ခိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး၊ သရေစည်သူ ဦးသိန်းထိုက် (ပြည်ထောင်စုစာရင်းစစ်ချုပ်)နှင့်ဇနီး ဒေါ်မြမြထွေး၏မိသားစု၊ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီး ဦးစိုးညွှန့်နှင့်ဇနီး ဒေါ်ခင်မမ၊ ဗိုလ်ချုပ်သန်းဌေး၏ဇနီး ဒေါ်နွဲ့နွဲ့ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၏ဇနီး ဒေါ်အိအိခင်ဇ (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၏ဇနီး ဒေါက်တာဒေါ်ခင်သီရိတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခြင်းမပြုနိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်အပ်ပါသော တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ ဗိုလ်ချုပ်နေလင်း (ညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး) နှင့်ဇနီး ဒေါ်သန်းသန်းညွှန့်၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့် ဆင်မြန်းပေးပါသော Zar and Diamond, Gems and Jewellery မှ ကိုစိုးမင်းနိုင်နှင့် မဇာဇာသဲဦး တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မပိုပိုဟေသာ၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာ မြတ်သူသူစိုး၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာသင်းရန့်အောင်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာပြည့်ဖြိုးကျော်နှင့် ဒေါက်တာတင်လင်းထွန်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာစောသဥ္ဇာပြုံးနှင့် မစောမြတ်ပြုံးကြည်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ ဓာတ်ပုံဦးထင်လင်း (Golden Arrow)၊ ဗီဒီယို ဦးကျော်မိုးလွင် (ယွန်းဗီဒီယို)၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ဖန်တီးပေးပါသော မမဇူ (Zu Zu Collection)၊ မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ ပန်းအလှပြင်လင်းလင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်ပရိသတ်များအားလည်းကောင်း၊ ၇-၃-၂၀၁၃ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၁၂-၅-၂၀၁၃ရက်တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအလှူသို့ ကြွရောက် ချီးမြှင့်ပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အိုးဝေမင်း-မဖြိုးဒါလီစည်သူ

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)နှင့် ဆက်သွယ်ပါ။ (ဗီတ်ရက်မရှိ)
☎ 01-394727, 01-399426
09-73009994 တိုက် (၄၆)၊ ထပ်း (၉၀)
ပြည်ထဲ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၄၄၀၊ မြေကွက်တည်နေရာအမှတ် ၄၄၀၊ ရွှေစင် ၅လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဖေစိုး AA-၀၃၅၈၆၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဖေစိုးကွယ်လွန်သဖြင့် ဒေါ်ခင်အုံး ၁၂/ဥကမ(နိုင်)၀၁၂၈၄၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် C/၁၁ ရှိ အကျယ်အဝန်း အလျားပေ ၆၀× အနံပေ ၆၀ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမင်းရာဇာ ၁၂/မဂဒ(နိုင်) ၁၃၈၁၅၄ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းခိုင် LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ (စဥ်-၂၃၀၀၇)
အမှတ် ၁၅ (ပထမထပ်)၊ ဗမ္ဗူရစ်လမ်း၊ ကျွန်း/တောင်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၅၁၈၇၃၇၂၊ ၀၉-၇၃၀၇၆၅၇၂

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ ၆၊ မြေကွက်အမှတ် ၁၉၅/က၊ မြေကွက်တည်နေရာ ၁၉၅/က၊ သစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးတင်ဟန်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဟန်ထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နှင်းနှင်း ၁၂/ဗဟန(နိုင်)၀၁၉၈၃၉က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ်၂၄၊ မြေကွက်အမှတ် ၁၁၃၊ မြေကွက်တည်နေရာအမှတ် ၁၁၃၊ သီဂီလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဒေါ်ရီ၁၂/ရကန(နိုင်)၀၂၃၃၂၃အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ရီ(မိခင်)နှင့် (ဖခင်)ဦးကျော်မြင့်တို့ ကွယ်လွန်သဖြင့်(၁)ဦးထွန်းမင်းဦး၁၂/ရကန (နိုင်)၀၂၃၃၂၅၊ (၂)ဦးမင်းနိုင် ၁၂/ရကန(နိုင်) ၀၂၃၃၂၆၊ (၃) ဒေါ်ချိုရီမြင့် ၁၂/ရကန(နိုင်) ၀၅၇၄၆၈၊(၄)ဒေါ်အေးရီမြင့်၁၂/ရကန(နိုင်) ၀၀၆၇၃၈၊ (၅)ဒေါ်ပြုံးရီမြင့် ၁၂/ဒဂတ(နိုင်) ၀၁၀၉၁၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၈၊ မြေကွက်အမှတ် ၄၉၆၊ မြေကွက်တည်နေရာအမှတ် ၄၉၆၊ (၁၃၈) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးအေးဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေးဝင်း ၁၂/ရကန(နိုင်)၀၁၃၉၁၅ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက် ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက် ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးလုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီများကို စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ပါနေရာဒေသများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁	(က) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (နမ့်ဆန်မြို့) (ခ) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ပင်လောင်းမြို့) (ဂ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ပင်းတယမြို့) (ဃ)နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (နန်းယွန်းမြို့)	၁။ **နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (နမ့်ဆန်၊ ပင်လောင်း၊ ပင်းတယ၊ နန်းယွန်း)** (က) အုပ်ချုပ်မှုရုံးဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ခ) စားရိပ်သာ (မီးဖိုတွဲလျက်)ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ဂ) တစ်ထပ်အိပ်ဆောင်(၂)လုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် အတွင်းမီးအပါအဝင်) (ဃ) ရေချိုးခန်းနှင့် ၆ ခန်းတွဲအိမ်သာ(၂)လုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (င) ၆ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (စ) ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ဆံ့ သစ်သားရေစင်နှင့် ကျောင်းတွင်းရေသွယ်တန်းခြင်းလုပ်ငန်း (ဆ) ကျောင်းတွင်းလုံခြုံရေးမီးသွယ်တန်းခြင်းလုပ်ငန်း (ဇ) ၄"×၄" ကွန်ကရစ်တိုင်ဖြင့် သွပ်ဆူးကြိုး ၁၂ တန်း ကာရံခြင်းလုပ်ငန်း (ဈ) ကျောင်းတွင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း
၂	ကရင်ပြည်နယ်(ဘားအံမြို့)	၂။ **နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း(ဘားအံ)** (က)အုပ်ချုပ်မှုရုံးဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ခ) တစ်ထပ်စာသင်ခန်းမဆောင်ဆောက်လုပ်ခြင်း (BN တစ်ထပ် အတွင်းမီးအပါအဝင်) (ဂ) အလုပ်ရုံနှင့်စာသင်ခန်းမ(၃)လုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် အတွင်းမီးအပါအဝင်) (ဃ)စားရိပ်သာ (မီးဖိုတွဲလျက်)ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (င) တစ်ထပ်အိပ်ဆောင်(၂)လုံးဆောက်လုပ်ခြင်း (BN တစ်ထပ် အတွင်းမီးအပါအဝင်) (စ) ရေချိုးခန်းနှင့် ၆ခန်းတွဲအိမ်သာ (၂) လုံးဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ဆ) ၆ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ဇ) ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ သစ်သားရေစင်နှင့် ကျောင်းတွင်းရေသွယ်တန်းခြင်းလုပ်ငန်း (ဈ) ကျောင်းတွင်းလုံခြုံရေးမီးသွယ်တန်းခြင်းလုပ်ငန်း (ည)၄"×၄" ကွန်ကရစ်တိုင်ဖြင့် သွပ်ဆူးကြိုး ၁၂တန်း ကာရံခြင်းလုပ်ငန်း (ဋ) ကျောင်းတွင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း
၃	ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လောက်ကိုင်မြို့)	၃။ **အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(လောက်ကိုင်)** (က) အုပ်ချုပ်မှုရုံးဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ခ) နည်းပြဆောင်ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ဂ) ၄"×၄" ကွန်ကရစ်တိုင်၊ Chainlink ဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (ဃ) ကျောင်းတွင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၅-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၈-၆-၂၀၁၃ရက် ၀၉း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် ၄၂၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၄၁၇၊ ၀၆၇-၄၀၉၄၂၁၊ ၀၆၇-၄၀၉၂၃၅ နှင့် ၀၉-၄၃၀၁၅၆၄၉၊ ၀၉-၄၉၅၇၄၅၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်၄၄၊ မြေကွက်တည်နေရာ အမှတ် ၄၄၊ အာသာဝတီ(၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ခင်စိန် ၁၂/ဥကမ(နိုင်) ၀၇၉၀၂၆၊ ဦးသောင်း ၁၂/ဥကမ(နိုင်)၀၇၇၆၃၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်နှစ်ဦး အနက် အမည်ပေါက် ဒေါ်ခင်စိန်(အပျိုကြီး)ကွယ်လွန်၍ တစ်ဦးတည်းသောညီမ ဒေါ်မြသန်း ၁၂/အလန (နိုင်)၀၂၀၆၄၄နှင့် အမည်ပေါက် ဦးသောင်း(ခင်ပွန်း)ကွယ်လွန်၍ တစ်ဦးတည်းသောဇနီး ဒေါ်သန်းမြင့် ၁၂/ဥကမ(နိုင်)၀၇၆၁၀၉ တို့က တစ်ဦးတည်းသောညီမ/ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၁၂/ ၃၀-၄-၁၃ ဖြင့်လည်းကောင်း၊ ၆၇၂၀/၃၀-၄-၁၃ဖြင့်လည်းကောင်း ရရှိသူ ဦးခန့်မွန်ဝင်း၁၂/ သဃက(နိုင်)၀၄၃၆၆၈ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဖခင်အမည်မှန်

နေပြည်တော်၊ အထက(၁၉)၊ နဝမတန်း(A)တွင် ပညာသင်ကြားနေသော မောင်မင်းသူစိုးနှင့် ဆဋ္ဌမတန်း (C)တွင် ပညာသင်ကြားနေသော ကြွေစင်ဝတ်မှုံသွေးတို့၏ဖခင်အမည်မှန်မှာ ဦးနေမိုး ၁၃/ညရန(နိုင်)၀၁၉၁၀၇ ဖြစ်ပါကြောင်း။

ဦးနေမိုး
၁၃/ညရန(နိုင်)၀၁၉၁၀၇

အမေရိကန်ပညာရေးစိတ်ဝင်စားသူများအတွက်

- "မြန်မာနိုင်ငံတွင် ပထမဦးဆုံး Academic Telesis မှ စီစဉ်ဆောင်ရွက်သော ၁၀တန်း/IGCSE အောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများ USA College and University များသို့တိုက်ရိုက်တက်ရောက်ပညာသင်ကြားနိုင်မည့် အထူးအခွင့်အရေး"
- USA မှ နာမည်ကြီးတက္ကသိုလ်များနှင့် ကောလိပ်ပေါင်း ၁၀၀ ကျော်တို့၏ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသော Academic Telesis မှ Dual Degree programဖြင့် SAT, TOEFL, IELTS မလိုအပ်ပဲ (၄)နှစ် ပညာရေးကို (၂) နှစ်စာကုန်ကျစရိတ်ဖြင့် တက်ရောက် ပညာသင်ကြားနိုင်သည်။
- မိမိသင်ယူလိုသောဘာသာရပ်များ၊ USA နှင့် နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းသော ဘာသာရပ်များကို စိတ်တိုင်းကျ ရွေးချယ်နိုင်ပြီး၊ ပညာသင်ဆုအခွင့်အလမ်းများလည်းရှိသောကြောင့် မည်သူမဆို အခမဲ့လာရောက်ဆွေးနွေးနိုင်ပါသည်။

Academic Telesis Hot Line 01- 527168, 09 - 420087726

No. (73), 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp:, Yangon www.academictelesis.com

MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE

သင်တန်းများအားလုံးကို ABE (UK) ၏ကမ္ဘာ့အမှတ်အများဆုံးဆု (WORLD FIRST) ရရှိထားသော ဆရာ **လင်းသိုက်ညွန့် (မြန်မာ့မြေ)** ကိုယ်တိုင်သင်ကြားပေးပါမည်။

- ဘဝအောင်မြင်ရေးသင်တန်း (Success and Motivation Training)
- တက္ကသိုလ်အကြိုပြင်ဆင်မှုသင်တန်း (Pre-University Preparation Training)
- တင်ဆက်ပြောဆိုမှုသင်တန်း (Presentation Training)
- အခြေခံဈေးကွက်ရှာဖွေမှုပညာ (Marketing) သင်တန်း
- အခြေခံလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာ (Human Resource Management)

အဖွဲ့အစည်း၊ ကုမ္ပဏီများ၏ လိုအပ်ချက်အလိုက် Corporate Training များ သင်ကြားပို့ချပေးသည်။ Enroll NOW

209 (B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon.
Can Contact : 548500, 095010014, 098628594, 0943121060 Fax : 548500

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ^၁)၊ မြေကွက်အမှတ် (၄/၇၉)၊ အမှတ်၂၂၆၊ ကာယ(၉/ခ)လမ်းရှိ တည်နေရာမြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးတင်ထွဋ်ထံမှ အစိတ်အပိုင်းဝယ်ယူထားသူ ဒေါ်ခင်ခင် ၇/တငန(နိုင်) ၀၉၂၇၅၀က အရောင်းအဝယ်ကတိစာချုပ်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များ တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄E၊ မြေကွက်အမှတ် ၁၇၊ မြေကွက်တည်နေရာအမှတ် ၄၄၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် ဦးချစ်နှင့် ဒေါ်အုန်းမေ အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် ဦးချစ်နှင့်ဒေါ်အုန်းမေကွယ်လွန်သဖြင့် (၁)ဦးမောင်မောင်မြင့်၁၂/တမန(နိုင်)၀၄၆၅၅၊ (၂)ဒေါ်သင်းကြည် ၁၂/ရကန(နိုင်)၀၅၆၁၂၆၊ (၃)ဒေါ်မြညွန့်(ခ)ဒေါ်မြမြမော် ၁၂/တမန(နိုင်)၀၄၇၂၄၄၊ (၄)ဦးအောင်မြင့် ၁၂/တမန(နိုင်)၀၄၇၂၉၁၊ (၅)ဦးဝင်းအောင် ၁၂/တမန(နိုင်)၀၆၄၁၂၃၊ (၆)ဦးနေဝင်း ၁၂/တမန(နိုင်)၀၄၆၃၉၁တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် UE.1၊ မြေကွက်အမှတ် ၇၈၄၊ မြေကွက်တည်နေရာအမှတ် ၇၈၄၊ (UE.1) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးကြင်စိန် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကြင်စိန်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးခင်နိုင် ၁၂/သဃက(နိုင်)၀၅၉၅၂၁က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ် သတိပေးကြောငြာခြင်း

ရန်ကုန်မြို့၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်မြတ်ထွန်းတာဝါ၊ တိုက်အမှတ် (အေ)၊ အခန်းအမှတ် (၁၀/၀၅)နေ ဦးလှဌေး ၁၂/ပဘတ(နိုင်)၀၁၆၄၆၈သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၊ စာချုပ်အမှတ် (၆၉၇၂/၁၀) အရ တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီး ပြောင်သွပ်၊ အမိုးသွပ်ပြားများကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။

BLUE STAR

သို့ဖြစ်၍ ဦးလှဌေး တစ်ဦးတည်းမူပိုင်ဖြစ်သော အဆိုပါ ကုန်တံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အတုအပ၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းချ၊ တင်သွင်း၊ လက်ဝယ်ထားခြင်းမပြုကြရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဝင်း (မအူပင်) B.A, H.G.P,R.L
တရားလွှတ်တော်ရှေ့နေ (၄၁၇၈)
အမှတ် ၁၀/၁၂၊ သုံးလွှာ၊ အခန်း ၂၀၁၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်

၁၇-၅-၂၀၁၃ ရက်စွဲထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၂)ပါ GRAND WYNN ENTERPRISE LTD. ၏ အရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိတ်ဆွေပြည်သူများသိသာရန် ကြေညာချက်နှင့် ပတ်သက်၍ SUN RAYS TRADING & INDUSTRIAL CO., LTD. မှ ဒါရိုက်တာ ဦးဇော်မင်းအောင်၏ ညွှန်ကြားချက်အရ ပြန်လှန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၈၉/၂၀၁၂ တွင် ၁၁-၃-၂၀၁၃ရက်စွဲဖြင့် ချမှတ်ခဲ့သော တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီတားဝရမ်းထုတ်ပေးကြောင်း အမိန့်အရ ဒါရိုက်တာဦးဇော်မင်းအောင်မှ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။

Grand Wynn Enterprise Ltd. ၏ ဖော်ပြပါကြေညာချက်အတိုင်း မှန်ကန်မှုမရှိပါ။ ဒါရိုက်တာဦးဇော်မင်းအောင်အနေနှင့် **Grand Wynn Manufacturing Co., Ltd.** ကို ယာယီတားဝရမ်းထုတ်သော အမိန့်ဖြစ်ကြောင်း၊ ၆-၅-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း **Grand Wynn Manufacturing Co., Ltd.** နှင့်တကွ အများသိစေရန် ကြေညာချက်ကိုသာ ကြေညာခဲ့ခြင်းဖြစ်ကြောင်း ဖော်ညွှန်းထားခြင်းသာရှိပါသည်။

Grand Wynn Enterprise Ltd. ဟူ၍ ဖော်ပြဆောင်ရွက်ထားခြင်းမရှိထားပါသဖြင့်-

Grand Wynn Enterprise Ltd. မှ သတင်းစာတွင်

-၁၄-၅-၂၀၁၃ရက်စွဲပါ ခြိမ်းခြောက်စာများဟုလည်းကောင်း၊

- **Grand Wynn Enterprise Ltd.** ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသည့်အတွက် တတ်ကျွမ်းနားလည်သူများနှင့် ဆွေးနွေးတိုင်ပင်ပြီး လိုအပ်သလိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြခြင်းတို့ကို အလျင်အမြန် ပြန်လည်ရုပ်သိမ်းပေးပါရန် ပြန်လှန်ကြေညာချက်ပြုအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာသျှား
B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေကြီး

သက်ဆိုင်သူနှင့်လူအများသိရှိကြစေရန်ကြေညာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်၊ ဘုရားကြီးလမ်းနေ (၁) ဒေါ်သိင်္ဂီသန်း ၅/မရန(နိုင်) ၀၃၂၇၇၀၊ (၂) ဒေါ်ခင်ဆွေသန်း ၅/မရန(နိုင်) ၀၃၂၉၀၈၊ (၃) ဦးချစ်သန်းထွန်း ၅/မရန(နိုင်)၀၄၀၇၃၁၊ (၄) ဒေါ်မီမီသန်း ၅/မရန(နိုင်)၀၃၂၉၀၉၊ (၅) ဒေါ်ဥမ္မာသန်း ၅/မရန(နိုင်) ၁၂၇၀၃၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ လူအများသိရှိကြစေရန် ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ချမ်းသာရပ်တွင် ဦးလှသန်းနှင့် ဒေါ်ခင်ဌေးတို့မှ အကြင်လင်မယားအဖြစ် နှစ်ပေါင်းများစွာ ပေါင်းသင်းနေထိုင်ခဲ့ကြသော်လည်း သားသမီးမွေးဖွားခဲ့ခြင်းမရှိဘဲ ဦးလှသန်းသည် လွန်ခဲ့သောနှစ်ပေါင်း (၃၀)ခန့်က ကွယ်လွန်ခဲ့ရာ ဒေါ်ခင်ဌေးမှ ထပ်မံအိမ်ထောင်မပြုတော့ဘဲ မောင်ဝမ်းကွဲဖြစ်သူ ဦးစန်းလှိုင် အပါအဝင် တူ၊ တူမများဖြစ်ကြသော ဒေါ်သိင်္ဂီသန်း၊ ဒေါ်ခင်ဆွေသန်း၊ ဦးချစ်သန်းထွန်း၊ ဒေါ်မီမီသန်းနှင့် ဒေါ်ဥမ္မာသန်းတို့အား အမွေဆက်ခံရရှိရန်ရည်ရွယ်ပြီး ကိတ္တိမမွေးစားသားသမီးများအဖြစ် တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်၍ ၁၃-၈-၁၉၉၇ ရက်စွဲဖြင့်မွေးစားခဲ့ပါသည်။

